မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၁)

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မလေးရှားနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်၏ နောက်ဆုံးအခြေအနေနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်တွင် မလေးရှားနိုင်ငံနှင့် အာဆီယံအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးနှင့် မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သီးခြားတွေ့ဆုံ

ထို့အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် သည် မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah အား နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ အပြုသဘော ထိတွေ့ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံစည်းလုံးညီညွတ်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ - ၈

အမေရိကန်အမိမြေလုံခြုံရေးအကြီးအကဲ နယ်လ်ဆန် ရာထူးမှနုတ်ထွက်

စာ - ၁၄

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာ့အလင်း

လိုရာခရီး နှင်ကြရာတွင်

မြန်မာနိုင်ငံတွင် မှတ်ပုံတင် ယာဉ်စီးရေ ၇၃ သိန်းခန့် ရှိလာပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လူဦးရေ တိုးတက်လာသည်နှင့်အမျှ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးတို့အတွက် ယာဉ်စီးရေလည်း တိုးမြင့်သုံးစွဲလာရသည်မှာ သဘာဝကျသည်။ သို့ရာတွင် တစ်ဖက်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှု ကိန်းဂဏန်းများ တိုးမြင့်လာပြီး အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှု အရေအတွက်များ ပိုမိုများပြားလာခြင်းက အထူးသတိပြုဖွယ် ဖြစ်လာသည်။

နှစ်စဉ်ကမ္ဘာ့အရပ်ရပ်ရှိ လမ်းများပေါ်တွင် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှု ဖြစ်ရပ်များကြောင့် လူပေါင်း ၁ ဒသမ ၃ သန်း သေကျေပျက်စီးကြရပြီး သန်း ၂၀ မှ ၅၀ အထိ ထိခိုက်ဒဏ်ရာရကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စာရင်းဇယားများက ဖော်ပြထားသည်။ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဆုံးရှုံးမှုပမာဏများမှာ တစ်ဦးချင်းဝင်ငွေမြင့်မားသည့် နိုင်ငံများမှာထက် တစ်ဦးချင်းဝင်ငွေနည်းပါးသည့် နိုင်ငံများက သုံးဆပိုသည်ဟုလည်း ဆိုထားရာ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသည့်သဖွယ်ပင် ဖြစ်သည်။ အရှိန်လွန်မောင်းနှင်မှုများနှင့် အရက်သေစာ သောက်စားမောင်းနှင်မှုများကို ထိရောက်စွာ အရေးယူခြင်း၊ အသက်ကယ် ခါးပတ်သုံးစွဲရန်နှင့် ဆိုင်ကယ်စီးနင်းသူများ သက်လုံခမောက်ဆောင်းရန်တို့အတွက် အသိပညာပေးနှိုးဆော်တိုက်တွန်းခြင်း၊ ကားလမ်းဒီဇိုင်းများ မှန်ကန်ကောင်းမွန်စေရန် စနစ်တကျ တည်ဆောက်ခြင်း၊ ယာဉ်များ၏ ကြံ့ခိုင်မှုများကို စစ်ဆေးကြပ်မတ်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးစနစ် ကောင်းမွန်စွာ ထူထောင်ပေးခြင်း စသည်တို့ဖြင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်နှင့် စပ်လျဉ်းသည့် မတော်တဆမှုများကို လျော့ကျစေပြီး အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကိုလည်း လျော့နည်းသက်သာစေမည်ဖြစ်သည်။

သို့တိုင်အောင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးဒဏ်ရာရမှု ကိန်းဂဏန်းများမှာ အိမ်နီးချင်းနိုင်ငံများတွင်ရော တစ်ကမ္ဘာလုံးမှာပါ မြင့်တက်လျက်ရှိနေဆဲပင် ဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ **(National Road Safety Council- NRSC)** ၏ ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ ပြီးခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ယာဉ်တိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှု အရေအတွက်များမှာ တောက်လျှောက်အတက်ဘက်ကိုသာ ဦးတည်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အနည်းငယ်ပြန်လည်လျော့ကျခဲ့ကြောင်း၊ ယခုနှစ် နှစ်ဆန်းပိုင်းနှစ်လအတွင်းတွင် သေဆုံးမှု သိသိသာသာမြင့်တက်လာသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည့်အတွက် မော်တော်ယာဉ် အသုံးပြုသူ၊ လမ်းအသုံးပြုသူများအားလုံး သတိပြုဖွယ်ပင်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံများကို ရှာဖွေရာ လူကြောင့်၊ မော်တော်ယာဉ်ကြောင့်၊ ရာသီဥတုကြောင့်၊ လမ်းကြောင့်၊ အခြားအကြောင်းအမျိုးမျိုးကြောင့် စသည်ဖြင့် ရှိသော်လည်း အဓိကအကျဆုံးမှာ လူကြောင့်ပင်ဖြစ်သည်။ မော်တော်ယာဉ်ကို ထိန်းချုပ်မောင်းနှင်နေသူ၏ ဆင်ခြင်တုံတရား၊ သတိတရား၊ ကျွမ်းကျင်မှု၊ ရုပ်ပိုင်းစိတ်ပိုင်းအခြေအနေအရပ်ရပ်တို့က အန္တရာယ်ကိုဖြစ်စေခြင်း၊ အန္တရာယ်မှ ရှောင်လွှဲနိုင်ခြင်းတို့ကို ဖန်တီးသည်။ အန္တရာယ်လည်းရှိပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်လည်း ငြိစွန်းသည့် အရှိန်လွန်မောင်းနှင်ခြင်းမျိုးဖြင့် အမြန်လမ်းပေါ်တွင် မောင်းနှင်ခြင်း၊ ထိုင်ခုံခါးပတ် ပတ်ခြင်းအားဖြင့် သေဆုံးဒဏ်ရာရမှုမှ ရာခိုင်နှုန်းများစွာ ရှောင်လွှဲနိုင်ကြောင်း သိလျက်နှင့်ပင် ထိုင်ခုံခါးပတ်ကို အသုံးမပြုခြင်း စသည်တို့မှာ မိမိကိုယ်တိုင်အန္တရာယ်ကို ဖိတ်ခေါ်နေသည့်သဖွယ်ပင်ဖြစ်သည်။

သုတေသနပြုချက်များအရ မြန်နှုန်းမြင့်မောင်းလာသော ကားတစ်စီးတွင် အရှေ့စွမ်းအင်ဖြစ်ပေါ်နေသည်။ တစ်နာရီ မိုင် ၇၀ နှုန်း မောင်းသောကားနှင့် မိုင် ၁၀၀ နှုန်းမောင်းသောကားတို့ လမ်းပေါ်တွင်အတားအဆီး တစ်ခုခုကို တစ်ပြိုင်တည်းတွေ့မြင်၍ တစ်ပြိုင်တည်းဘရိတ်အုပ်လျှင် မိုင် ၇၀ နှုန်းမောင်းသည့်ကားက အတားအဆီး၏ရှေ့တွင် ရပ်သွားမည်ဖြစ်ပြီး မိုင် ၁၀၀ နှုန်း မောင်းသည့်ကားက အရှေ့စွမ်းအင် နှစ်ဆဖြစ်ပေါ်နေမှုကြောင့် ဝင်တိုက်မည်သာ ဖြစ်သည်ဟုဆိုသည်။ ယာဉ်နှင့်လမ်းများကို အသုံးပြု၍ လိုရာခရီးနှင်ကြရာတွင် သတိသမ္ပဇဉ်နှင့် ဆင်ခြင်တုံတရားတို့ဖြင့် ထိန်းချုပ်ပါမှ အန္တရာယ်အပေါင်းမှ ကင်းဝေးကြမည် ဖြစ်ပါကြောင်း။ ။

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၉၂၇၇

ဓမ္မာစရိယစာမေးပွဲ ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (သတ္တမနေ့)အဖြစ် ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီးတန်း) စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၁၂၁၁၅ ပါး အနက် ၉၉၈၁ ပါး ဖြေဆိုကြ၍ ၈၂ ဒသမ ၃၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အားတွေ့ဆုံ

နေပြည်တော် ဧပြီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dato' Saifuddin Abdullah နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **H.E.Dato' Saifuddin Abdullah** တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထိုသို့တွေ့ဆုံစဉ် မလေးရှားနိုင်ငံက အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအား ၂၀၁၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် ယခုနှစ်တွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ အစည်းအဝေးများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုသဟဇာတမျှတရေးနှင့် လက်ရှိတိုက်ပွဲရှောင်များအား ထိရောက်သောထောက်ပံ့မှုများပေးအပ်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများက ပူးပေါင်းပါဝင်မည့် အခြေအနေများနှင့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN – ERAT) မှ ပထမအကြိမ် လိုအပ်ချက်များ ဆန်းစစ်လေ့လာခြင်းအား မကြာသေးမီက ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ မလေးရှားနိုင်ငံအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Mercy Malaysia အဖွဲ့အစည်းနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၈

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Dato' Saifuddin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Zahairi Baharim နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

ဒုတိယမြို့တော်ဝန်နေရာအတွက် မဲဆန္ဒနယ် (၃) မှ မြို့တော်ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ဦးစိုးလွင်အား ရွေးချယ်တင်မြှောက်

ရန်ကုန် ဧပြီ ၈

လျှို့ဝှက်မဲစနစ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ မဲဆန္ဒနယ် (၃) မှ မြို့တော်ကော်မတီဝင် နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ဦးစိုးလွင်က ဒုတိယမြို့တော်ဝန်နေရာအတွက် ရွေးချယ်ခံရကြောင်းသိရသည်။

"ဒုတိယ မြို့တော်ဝန်နေရာကို မြို့တော်ဝန်အပါအဝင် အစိုးရခန့် ဗဟိုကော်မတီဝင် ငါးယောက်ရယ်၊ အများပြည်သူက ရွေးချယ်လိုက်တဲ့ ခြောက်ယောက်ရယ် စုစုပေါင်း ၁၁ ယောက်က လျှို့ဝှက်မဲပေးစနစ်နဲ့ ရွေးပါတယ်။ ကျွန်တော်က ဒုတိယမြို့တော်ဝန် နေရာကို မဲအများဆုံးနဲ့ ရရှိခဲ့ပါတယ်" ဟု ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်ခံရသည့် ဦးစိုးလွင်က ပြောသည်။

ဆက်လက်၍ ၎င်းက "ရန်ကုန်မြို့ရဲ့ လိုအပ်ချက်တွေကတော့ အများကြီးရှိတယ်။ အမှန်တကယ် စည်ပင်သာယာဆိုတာ ပြည်သူလူထုကို ဝန်ဆောင်မှုပေးတာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုပေးတာတွေ လိုအပ်နေပါသေးတယ်။ ကြိုးစားပြီးလုပ်ရမှာပါ။ အစကနေပြန်လုပ်ရတဲ့သဘောမျိုးဖြစ်နေတယ်။ သက်တမ်း နှစ် နှစ်အတွင်းမှာ ကြိုးစားပြီး လုပ်သွားမှာပါ" ဟုပြောသည်။

ဒုတိယမြို့တော်ဝန်နေရာအတွက် မဲများရေတွက်နေစဉ်။ ဓာတ်ပုံ-စိုးလွင်(မြို့တော်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ ရွေးကောက်တင်မြှောက်ခံရသည့် မြို့တော်ကော်မတီဝင် ခြောက်ဦးထဲမှ တစ်ဦးကို ဒုတိယမြို့တော်ဝန်နေရာအတွက် ခန့်အပ်ရန် အစိုးရအဖွဲ့ကခန့်အပ်ထားသော မြို့တော်ဝန် အပါအဝင် ကော်မတီဝင် လေးဦးနှင့် ရွေးကောက်ခံကော်မတီဝင် ခြောက်ဦး စုစုပေါင်း ၁၁ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

မတ် ၃၁ ရက်က ကျင်းပခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ် (၁) မှ ဦးဝင်းမြင့်သန်း၊ မဲဆန္ဒနယ် (၂)မှ ဦးသူရအောင်၊ မဲဆန္ဒနယ် (၃)မှ ဦးစိုးလွင်၊ မဲဆန္ဒနယ် (၄)မှဦးစိန်အုန်း၊ မဲဆန္ဒနယ် (၅)မှ ဒေါ်နန့်စုရွှေစင်နှင့် မဲဆန္ဒနယ် (၆)မှ ဦးမင်းဟန်တို့ အသီးသီး အနိုင်ရရှိခဲ့ပြီး ယနေ့ပြုလုပ်သည့် ဒုတိယမြို့တော်ဝန်နေရာအတွက် အဆိုပါကော်မတီဝင် ခြောက်ဦးထဲမှ မဲဆန္ဒနယ် (၃)မှ ဦးစိုးလွင်က မဲအများဆုံးဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

မင်းသစ် (MNA)

မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှု အမျိုးမျိုးနဲ့ ရင်ဆိုင်နေရ

ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရတဲ့ အချိန်မှာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်း အတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့အလျောက် ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ လိုအပ်ချက်များနဲ့ ကိုက်ညီစွာ လျှောက်လှမ်းရင်းနဲ့ပဲ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့အမြင်၊ သဘောထားတွေကိုလည်း အလေးပေး ဆောင်ရွက်ရပါတယ်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိုင်ယာလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန် သံအမတ်ကြီးအဖြစ် မကြာသေးမီက ခန့်အပ်ခြင်းခံရသော H.E. Mr. Joseph Anthony Cotter အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိုင်ယာလန် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန် သံအမတ်ကြီး H.E. Mr.Joseph Anthony Cotter အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အပြီးသတ်အစီရင်ခံစာတင်ပြဆွေးနွေး

နေပြည်တော် မေ ၈

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Aliance for Credible Elections, PACE) နှင့် ဖန်တီးအိမ်အဖွဲ့တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အပြီးသတ်အစီရင်ခံစာ တင်ပြဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်ကာ ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း ဆက်လက်ခွင့်ပြုပေးခဲ့ပြီး စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်နှင့်လုပ်ငန်းစဉ်များ ရေးဆွဲထုတ်ပြန်ခဲ့ကြောင်း၊ PACE အဖွဲ့သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်လေ့လာခဲ့သည့် အဖွဲ့ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဟူသည့် စံ (၅) ချက်နှင့်အညီ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု ရှိရန်နှင့် ရွေးကောက်ပွဲမသမာမှုများကို ဟန့်တားနိုင်ရန်အတွက် စောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဆက်လက်ဖိတ်ကြားခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ တင်ပြအစီရင်ခံစာပါ သုံးသပ်အကြံပြုချက်များအပေါ် အလေးထားပြီး ဆောင်ရွက်နိုင်သည့် အခြေအနေပေါ်မူတည်၍ ရွေးကောက်ပွဲများ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ PACE မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များ၊ စောင့်ကြည့်လေ့လာရေးနည်းစနစ်များနှင့် စောင့်ကြည့်လေ့လာ တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Aliance for Credible Elections, PACE) နှင့် ဖန်တီးအိမ်အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အပြီးသတ်အစီရင်ခံစာ တင်ပြဆွေးနွေးခြင်းအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

တရားမအထူးအယူခံမှု(၅)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူး အယူခံမှု(၂)မှုနှင့် တရားမအထူး အယူခံမှု(၃)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူး အယူခံမှု(၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု(၂)မှုနှင့် တရားမအထူးအယူခံမှု(၃)မှုကို ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း YBS ယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများ၊ ရန်ကုန်မြို့ပတ်ရထားနှင့် အထူးရထား ပြေးဆွဲမည်

နေပြည်တော် မေ ၈

၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့နေ ပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးပြင်ပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့သွားရောက်လိုသည့် ခရီးသွားများအဆင်ပြေစေရေးအတွက် YBS ယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်မြို့ပတ်ရထားနှင့် အထူးရထားပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ပို့ဆောင်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

သတ်မှတ်ယာဉ်စီးခန့်မှန်းထားဖြင့်ပြေးဆွဲမည်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့သည် ရန်ကုန်မြို့တော်နေ ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့တွင်း YBS ခရီးသည်တင်ယာဉ်လိုင်း ၇၃ လိုင်းပြေးဆွဲမည်ဖြစ်ရာ ယာဉ်စီးရေ ၉၇၃ စီးသည် ပုံမှန်ပြေးဆွဲလမ်းကြောင်းအတိုင်း သတ်မှတ်ယာဉ်စီးခန့်မှန်းထားဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ပြေးဆွဲလျက်ရှိသည့် အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်လိုင်းများသည် မေ ၈ ရက်အထိ ပုံမှန်ပြေးဆွဲပြီး မေ ၉ ရက်မှ ၁၆ ရက်အထိ အလှည့်ကျရပ်နားခြင်း၊ ပြေးဆွဲခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အခြေပြုယာဉ်လိုင်း လေးလိုင်းပိတ်ရက်မရှိ ပြေးဆွဲသွားမည်

ထို့ပြင် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ရန်ကုန်တိုင်းဒေသကြီး အခြေပြုယာဉ်လိုင်း ရှစ်လိုင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အခြေပြုယာဉ်လိုင်း ခြောက်လိုင်း၊ ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ရန်ကုန်တိုင်းဒေသကြီး အခြေပြုယာဉ်လိုင်းတစ်လိုင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ် အခြေပြုယာဉ်လိုင်း လေးလိုင်းတို့သည် ပိတ်ရက်မရှိ ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးသို့ သွားလာကြမည့် ခရီးသွားပြည်သူများအတွက် ရန်ကုန်- ပုသိမ်၊ ရန်ကုန်- ဝါးခယ်မ- မော်ကျွန်း၊ ရန်ကုန်- မြောင်းမြ၊ ရန်ကုန်- ဖျာပုံ-ဘိုကလေး၊ ရန်ကုန်-ဓနုဖြူ ခရီးစဉ်များသို့ YBS ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ်များဖြင့် မေ ၁၁ နှင့် ၁၂ ရက်တို့တွင် အင်အားဖြည့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရန်ကုန်- မန္တလေး အစုန်/အဆန် သင်္ကြန်အထူးရထားများကို မေ ၈ ရက်မှ ၁၃ ရက်အထိနှင့် သင်္ကြန်အပြီး မေ ၁၇ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ ဝန်ထမ်းအထူးရထားများအဖြစ် နေပြည်တော် - ရန်ကုန်ခရီးစဉ်ကို မေ ၁၂ ရက်တွင် လည်းကောင်း၊ ရန်ကုန်- နေပြည်တော်ခရီးစဉ်ကို မေ ၁၇ ရက်တွင် လည်းကောင်း ပြေးဆွဲမည်ဖြစ်သည်။

ရထားစီးရေ ၉၀ ကို နေ့စဉ်ပြေးဆွဲသွားမည်

ထို့ပြင် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြင့် ရထားစီးရေ ၉၀ ကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၌ ပြေးဆွဲမည့် YBS ခရီးသည်တင်ယာဉ်လိုင်းများနှင့် မြန်မာ့မီးရထားမှ ခရီးစဉ်များကို မေ ၁၇ ရက်(နှစ်ဆန်းတစ်ရက်နေ့)တွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အခြေပြုယာဉ်လိုင်းများသည် မေ ၁၇ ရက်(နှစ်ဆန်းတစ်ရက်)မှစ၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး မေ ၂၀ ရက်မှစ၍ ယာဉ်လိုင်းအားလုံး ပုံမှန်အတိုင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် မေ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Chagshui လေဆိပ်သို့ရောက်ရှိကြရာ ယူနန်ပြည်နယ် စစ်ဒေသ၊ နိုင်ငံရေးမှူး Maj. Gen. Yu Kun၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhanguo Hua နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Chen Hao က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကူမင်းမြို့ရှိ Chagshui လေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ညနေပိုင်းတွင် ပေကျင်းမြို့ Nanyuan တပ်မတော်လေဆိပ်သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုနေထိုင်မည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသား အရာရှိများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား သံရုံး၊ စစ်သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်ကုန်သွယ်ရေးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမေရိကန်နိုင်ငံ၊ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Karl Ehlers နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H. E. Mr. Scot Marciel တို့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်နိုင်ငံ၊ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Karl Ehlers နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H. E. Mr. Scot Marciel တို့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မြန်မာ- အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား Trade and Investment Framework Agreement ကို လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခဲ့ပြီး အနာဂတ်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းကဏ္ဍများ၌ မြန်မာ့လယ်ယာထွက်ကုန်များကို အဓိက အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာကော်မတီဆောင် I -၂၀ ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရေတို၊ ရေရှည်လုပ်ငန်းများ

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများသည် ရခိုင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုတစ်ရပ်လုံး၏ အရေးကြီးသည့် ပဋိပက္ခဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကိုလျော့ကျသွားစေရန် ရခိုင်ပြည်နယ်ရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာမှရရှိလာသည့် အခြေခံအချက်အလက်များကို မူတည်၍ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရသို့ အစီရင်ခံစာရေးသားတင်ပြသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် စီမံချက်များ၊ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၈

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့ အမှတ်(၁) နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက "စေတနာပန်းလန်းရာမြေ" စာတတ်မြောက်ရေးဂုဏ်ပြုသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီနာယက၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိတ္ထီလာခရိုင်နှင့် မြင်းခြံခရိုင်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ကျင်းပပြီး ညောင်ဦးခရိုင်ဖွင့်ပွဲကို မေ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှု၏ အောင်မြင်မှုရလဒ်အဖြစ် ကုလသမဂ္ဂ၊ ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် နိုမာဆုများကို ၁၉၇၁ ခုနှစ်၊ ၁၉၈၃ ခုနှစ်များတွင် အသီးသီးရရှိခဲ့သည်အထိ အောင်မြင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (၄) အရ အားလုံးအကျုံးဝင်၍ မျှတသော အရည်သွေးပြည့်ဝသည့် ပညာရေးနှင့် အားလုံးအတွက် ဘဝတစ်သက်တာ သင်ယူမှုရရှိရေး အာမခံဆောင်ရွက်နိုင်ရန်အတွက် အင်ချွန်းကြေညာချက်၏ လုပ်ငန်းစဉ်မူဘောင်တွင် ပါရှိသည့် "၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိလူငယ်နှင့် အရွယ်ရောက်သူ အမျိုးသားနှင့် အမျိုးသမီးများ အားလုံးအရေး၊ အဖတ်နှင့်အတွက် တတ်မြောက်စေရေး" ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီအောင် ပညာရေး မဟာဗျူဟာစီမံကိန်းများ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းနှင့် နောက်ဆက်တွဲပါ အစီရင်ခံစာများအရ နိုင်ငံလူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ အရေအတွက်အားဖြင့် လူဦးရေ ငါးသန်းကျော်သည် အခြေခံမြန်မာစာအရေး၊ အဖတ်၊ အတွက် တတ်မြောက်မှုမရှိသေးသူများဖြစ်နေကြ သည်ကို အစီရင်ခံစာများအရ တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးမှုအညွှန်းကိန်း တိုးတက်လာရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပညာရေး (Formal Education- FE) လုပ်ငန်းအစီအစဉ်နှင့်အတူ ကျောင်းပြင်ပပညာရေး (Non- Formal Education - NFE) လုပ်ငန်းအစီအစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်မှ စတင်ပြီး အသစ်တိုးချဲ့ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ စတင်ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင် စာတတ်မြောက်ရေးလုပ်ငန်းများတွင် သင်ယူရန်အတွက် စာရင်းပေးသွင်းထားသည့် အသက်အုပ်စု ၁၅ နှစ်နှင့်အထက် သင်ယူသူ ၈၉၄၁ ဦးကို တက္ကသိုလ်/ကောလိပ်အသီးသီးမှ စေတနာလုပ်အားပေးနည်းပြကျောင်းသားကျောင်းသူများ၊ ကြီးကြပ်ဆရာဆရာမများစုစုပေါင်း ၁၇၃၃ ဦးက ပညာဒါနပြု သင်ကြားပေးကြမည်ဖြစ်ပါကြောင်း။

ယခုမိတ္ထီလာခရိုင်အတွင်းမှာသင်ယူသူစာသင်သား ၅၇၉၂ ဦးအား စာသင်ဝိုင်းပေါင်း ၅၀၁ ဝိုင်းဖြင့် မိတ္ထီလာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)တို့မှ စေတနာလုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၀၅၂ ဦးတို့က ၁ ရက်ပျမ်းမျှ ၃ နာရီနှုန်း၊ ရက်အားဖြင့် ၄၀၊ နာရီအားဖြင့် ၁၂၀ ကြာအောင် စာတတ်မြောက်ရေး သင်ကြားပေးခြင်းနှင့်အတူ ဒေသနေပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် စာသင်ဝိုင်းတည်ရှိရာ ရပ်ကွက်/ကျေးရွာများသို့ သွားရောက်အခြေချနေထိုင်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲတွင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှု ပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့နယ်၌ ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေး

တပ်ကုန်း မေ ၈

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဇီဝသိပ္ပံဗဟိုဌာနမှဦးစီး၍ တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာရှိ ပြောင်းစိုက်တောင်သူများနှင့် ဝန်ထမ်းများအား မိုးရာသီတွင် စိုက်ပျိုးမည့်ပြောင်းသီးနှံများတွင် ကျရောက်တတ်သည့် ဖောင်မြှောင်တောင် ပိုးအမျိုးအစားခွဲခြားနည်းနှင့် ကြိုတင်ကာကွယ်နှိမ်နင်းနည်းများကို အဆိုပါကျေးရွာ၌ ယမန်နေ့က ပြုလုပ်ရာ ဒေါက်တာမြင့်သောင်း (CABI Associate) ပါမောက္ခချုပ်(ငြိမ်း)က နည်းပညာပေးဆွေးနွေးဟောပြောခဲ့သည်။ (ယာပုံ)

အဆိုပါ အခမ်းအနားသို့ ဘက်စုံသီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျင်ကျင်ဝင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်မြမြလွင်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းညွှန့်နှင့် ဝန်ထမ်းများ တက်ရောက်ဆွေးနွေးကြပြီး တောင်သူများ၏စိုက်ကွင်းအတွင်း ပိုးမွှားစစ်တမ်းများကို ကောက်ယူခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

နိုင်ငံ၏အင်အားဖြစ်သော လူငယ်များကို တီထွင်ကြံဆမှုတိုးပွားစိတ် မြင့်မားအောင်နှင့် တီထွင်ဆန်းသစ်နိုင်မည့် အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများချမှတ်ဆောင်ရွက်

✤ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ပါမောက္ခချုပ်များကော်မတီ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာရေး

အစည်းအဝေးတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေးဖြစ်ပါကြောင်း၊ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် မတ်လ ၁၂ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉ ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ ၂၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကောင်စီသည် သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှုဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန်၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများကို အခြေခံသည့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်ရန်၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသော အဖွဲ့အစည်းများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ရန်၊ ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်ရန်နှင့် အကျိုးခံစားခွင့်များရရှိရန်၊ ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများကျင်းပရေး စီစဉ်ဆောင်ရွက်ရန် စသည်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ယနေ့မျက်မှောက်ခေတ်ကာလသည် အလိုအလျောက်စနစ်များအသုံးပြုပြီး ဒေတာအချက်အလက်များ ဖလှယ်နိုင်သည့် ကုန်ထုတ်လုပ်ခြင်းစနစ်ကို ကျင့်သုံးသော စတုတ္ထ စက်မှုတော်လှန်ရေး (Fourth Industrial Revolution ခေါ် Industry 4.0) ခေတ်ကာလသို့ ကူးပြောင်းဝင်ရောက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နောက်ကျကျန်မနေရအောင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍ တိုးမြှင့်

မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် **“လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေ”**ကို ရုပ်သိမ်းပြီး **“သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ”** ကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ပြင် ပြောင်းလဲတိုးတက်လာသောခေတ်နှင့် လျော်ညီစေရန်အတွက် အဆိုပါဥပဒေကို အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က **“သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ”** ကို ပြဋ္ဌာန်းခဲ့ကာ ၁၉၉၄ ခုနှစ် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေကို ကျော်လွှန်ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ - ၂၀၃၀ (Myanmar Sustainable Development Plan 2018 - 2030)၏ ပန်းတိုင်များ၊ မဏ္ဍိုင်များနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နှင့် အခြားသောဒေသတွင်း ကတိကဝတ်များ ဖော်ဆောင်ရေးတို့တွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုဥပဒေရည်ရွယ်ချက်ပါ လုပ်ငန်းရပ်များကို မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ သို့မှသာ ဒေသတွင်းနှင့် နိုင်ငံတကာ၌ လိုက်လျောညီထွေရှိလာပြီး မိမိတို့ရည်မှန်းသည့် Sustainable Development များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများမှာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ကြပါကြောင်း၊ ထို့အပြင် ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများ၏ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiative for Multi - Sectoral Technical and Economic Cooperation, BIMSTEC)၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာလွှဲပြောင်းရေး အထောက်အကူပြုပံ့ပိုးမှုလုပ်ငန်းများမှာလည်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး လူမှုစီးပွားလိုအပ်ချက်များကို လေ့လာပြီး တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ သုတေသနဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးဖြစ်ထွန်းမည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်သည့် သင်တန်းများဖွင့်လှစ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားရမည်

ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဆောင်ရွက်

သိပ္ပံနှင့် နည်းပညာ နယ်ပယ်ပေါင်းစုံရှိသည့်အနက် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေ လိုအပ်ချက်နှင့်ကိုက်ညီသော သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများကို ၎င်းကောင်စီအောက်တွင် ဖွဲ့စည်းထားရှိပြီး သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီနှင့် ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟု ဖော်ပြထားသည့်အတွက် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီသည် နိုင်ငံကို ကိုယ်စားပြုသော အမျိုးသားအဆင့် သုတေသနကောင်စီ (National Research Council) ဖြစ်ပါကြောင်း။

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီသည် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်သော ပညာရှင်များ မွေးထုတ်ခြင်းနှင့် အရည်အချင်းတိုးတက်မြင့်မားလာရန် စီမံဆောင်ရွက်ခြင်း၊ သုတေသနဌာနများ၊ တက္ကသိုလ်များနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ စုဆောင်းထားရှိခြင်းနှင့် ဖြန့်ဝေအသိပေးခြင်း၊ နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ တင်ပြခြင်း စသည့် လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတစ်ဝန်းလုံး လူမှုစီးပွားလိုအပ်ချက်များကို လေ့လာပြီး တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ သုတေသနဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးဖြစ်ထွန်းမည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်သည့် သင်တန်းများ ဖွင့်လှစ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု တိုးတက်ရန်အတွက် ပညာရှင်များသာမက အခြေခံလူတန်းစားများ၏ တီထွင်ကြံဆမှုများကိုလည်း အသိအမှတ်ပြုအားပေးပြီး တီထွင် ကြံဆမှုများ၊ ဆန်းသစ်တီထွင်မှုများနှင့် တစ်ဟုန်ထိုးတိုးတက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ အင်အားတစ်ရပ်ဖြစ်သော လူငယ်များကို တီထွင်ကြံဆမှု တိုးပွားစိတ်မြင့်မားအောင်နှင့် တီထွင်ဆန်းသစ်နိုင်မည့် အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တီထွင်ကြံဆမှုမှသည် ထုတ်လုပ်မှုဆီသို့ နည်းပညာပိုင်ဆိုင်မှု လွှဲပြောင်းနိုင်ရေးကိုလည်း အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တီထွင်ကြံဆသူသည် နည်းပညာပိုင်ဆိုင်မှု အခွင့်အရေးများ အလုံးစုံရရှိရေး ဆောင်ရွက်နိုင်ပါက တီထွင်ကြံဆသူဦးရေ များပြားလာနိုင်ပါကြောင်း၊ ယခုကဲ့သို့ အားပေးရန်အတွက် နည်းပညာလွှဲပြောင်းသော စည်းမျဉ်း၊ စည်းကမ်းများ ပေါ်ထွက်လာရန်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းလုပ်ဆောင်သွားရန် ပြောကြားလိုကြောင်း။

အမျိုးသားအဆင့် မူဝါဒများ ချမှတ်

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မူဝါဒများ ချမှတ်ရာတွင် ဥပဒေပါ ကဏ္ဍအသီးသီး၏ လုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးက ပူးပေါင်းညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုချမှတ်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောင်စီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နည်းဥပဒေမူကြမ်းနှင့် ဆုံးဖြတ်ရန်အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

ယင်းနောက် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

နှစ်ဦးအကြို ဆရာ ဆရာမကြီးများအား အိမ်တိုင်ရာရောက်ထောက်ပံ့

ရန်ကုန် ဧပြီ ၈

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် နှစ်စဉ် အသက် ၈၀ နှင့်အထက် ကျန်းမာရေးချို့တဲ့သော ပူဇော်ခံဆရာ ဆရာမကြီးများ နှစ်သစ်အကြို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ယခုနှစ်တွင် အသက် ၈၀ နှင့်အထက် ကျန်းမာရေးချို့တဲ့သူ ပူဇော်ခံဆရာ ဆရာမကြီး ၂၀ တို့အား အဖွဲ့နာယက ဦးတင်ဝင်းနှင့် အဖွဲ့သည် ယနေ့တွင် တစ်ဦးလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသောင်းစီနှင့် အာဟာရဆေးဝါးများကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဧပြီ ၈

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

❖ *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC) အစည်းအဝေးများကို ၂၀၁၆ ခုနှစ် NRSC စတင်ဖွဲ့စည်းပြီးကတည်းက ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၅)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ယာဉ်တိုက်ခိုက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှု အခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာစေရေးဆိုသည့် အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်စေရန်၊ Road Safety Action Plan(2014-2020)နှင့်အညီ အချိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် NRSC အစည်းအဝေးများတွင် တိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြပြီး ကြိုးစားဆောင်ရွက်လာခဲ့ကြသည်မှာ ယခုဆိုလျှင် Action Plan ၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်ကို နီးကပ်လာနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်သည့်ကာလအတွင်း မည်သို့ကြိုးပမ်းဆောင်ရွက်သွားကြမည်ကို ဝိုင်းဝန်းသုံးသပ်အဖြေရှာနိုင်ရန် ယနေ့အစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး

နိုင်ငံတော်အတွက်အရေးပါ

မကြာမီက ထုတ်ပြန်ခဲ့သည့် Global Status Report on Road Safety 2018 အစီရင်ခံစာအရ ယနေ့အိမ်နီးချင်းအာဆီယံနိုင်ငံများ အပါအဝင် တစ်ကမ္ဘာလုံးတွင် ယာဉ်တိုက်မှုကြောင့်သေကျေ၊ ဒဏ်ရာရ၊ ဆုံးရှုံးပျက်စီးမှုများသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကို ပြည့်မီနိုင်ရန်အလှမ်းကွာနေသေးသည့်အနေအထားကို လေ့လာတွေ့ရှိရပါကြောင်း၊ NRSC ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက်အရေးပါပြီး ပြည်သူလူထု၏ အသက်အန္တရာယ်လုံခြုံမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အထူးအရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် 2020 Target များကို ပြည့်မီအောင် ကျန်သည့်အချိန်ကာလအတွင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အထူးအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

NRSC ၏ (၃)နှစ်တာ ခြေလှမ်းများကို ပြန်လည်သုံးသပ်ရာတွင် အထောက်အကူဖြစ်စေမည့် NRSC ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို စီမံခန့်ခွဲရေးဆပ်ကော်မတီက ပြည့်ပြည့်စုံစုံပြုစုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယင်းနှစ်ချုပ် အစီရင်ခံစာကို လေ့လာကြည့်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နေကြသည့် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ် RSC များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မည်သည့်ကဏ္ဍများတွင် အားနည်းချက်၊ လစ်ဟာချက်များရှိနေသည်၊ မိမိတိုင်းဒေသကြီး၊ ပြည်နယ်သည် မည်သည့်အဆင့်အထိ ရောက်နေသည်၊ မည်သည့်အချက်များကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဆိုသည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များကို ဖိဖိစီးစီး ကြိုးပမ်းဖော်ဆောင်ကြခြင်းအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်တိုက်မှုနှုန်းကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မော်တော်ဆိုင်ကယ်ယာဉ်မတော်တဆနှုန်းသည် ၄၉ ရာခိုင်နှုန်းရှိပြီး ၂၃၇၆ ဦး သေဆုံး၊ ၁၂၉၈၅ ဦး ဒဏ်ရာရရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယာဉ်တိုက်မှုဖြစ်စဉ်ထက်ဝက်ခန့်သည် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားနေသည်ကို သတိမူပြီး ပြီးခဲ့သည့် စတုတ္ထအကြိမ် NRSC အစည်းအဝေးတွင် မော်တော်ဆိုင်ကယ်တိုက်ခိုက်မှု၊ သေဆုံး၊ ဒဏ်ရာရမှုလျှော့ချရေးအတွက် မော်တော်ဆိုင်ကယ်ဦးထုပ် အရည်အသွေးစံချိန်စံညွှန်းများ ထွက်ပေါ်လာရေးနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲရေးဆပ်ကော်မတီအနေဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများအတွက် မိမိတို့ နိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် Safety Helmet Standard ပြုစုပြဋ္ဌာန်းနိုင်ရန် Regional Workshop on Motorcycle Helmet and Minimum Safety Requirements for cars အလုပ်ရုံဆွေးနွေးပွဲကို Suu Foundation နှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း နေပြည်တော်၌ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် UN Regulation 22(Safety Helmet)ကို Adoption ပြုလုပ်နိုင်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းများကောင်စီ (NSC)သို့ တင်ပြထားသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွက် ဆိုင်ကယ်ဦးထုပ် 'စံ' သတ်မှတ်ချက်အဖြစ် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ UN Regulation 22 ကို လက်ခံကျင့်သုံးပြီး E-mark ပါသည့် ဦးထုပ်များအသုံးပြုနိုင်မည်ဆိုပါက ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးနေရခြင်းများကို သိသာထင်ရှားစွာ လျော့ကျလာစေမည်ဖြစ်ပြီး တစ်နိုင်ငံလုံးက မော်တော်ဆိုင်ကယ်စီးနင်းသူ အားလုံးအတွက် အမှန်တကယ်ထိရောက်အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များ၏ အားသာချက်များကို ပြည်သူများကြားထဲတွင် စိမ့်ဝင်စွဲမြဲပြီး စနစ်တကျသုံးစွဲလာစေရန်၊ လူတိုင်းဝတ်ဆင်စေရန်ကိုလည်း ဆက်လက်အသိပညာပေး ဆောင်ရွက်ကြရဦးမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆမှု အချက်အလက်များ ကောက်ခံသည့် လက်ရှိ Data Collecting စနစ်၏ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ADB ၏ TA 8987 အစီအစဉ်အရ Road Crash Database System ကို ၂၀၁၈ ခုနှစ်အတွင်း ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး Road Crash Database System အသစ်ကို ပြောင်းလဲကျင့်သုံး ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယာဉ်မတော်တဆမှုဆိုင်ရာ စာရင်းဇယား၊ အချက်အလက်များ တိကျမှန်ကန်ပြည့်စုံမှသာ NRSC အနေဖြင့် ထိရောက်အောင်မြင်သည့် လုပ်ငန်းစဉ်/ မူဝါဒများကို ချမှတ်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Road Crash Database System စတင်ကျင့်သုံးမှု ထိရောက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကညနတို့ ပူးပေါင်းပြီး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

လာမည့် မေလတွင် ကမ္ဘာနှင့်အဝန်း ကျင်းပပြုလုပ်မည့် UN Global Road Safety Week နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ် RSC များကို မှာကြားလိုပါကြောင်း၊ WHO ၏ ဦးဆောင်မှုဖြင့် UN Global Road Safety Week ကို (၂)နှစ် တစ်ကြိမ်သတ်မှတ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ အစဉ်အဆက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် မေလ ၆ ရက်မှ ၁၂ ရက်အထိ ပဉ္စမအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကာလ (5^{th} UN Global Road Safety Week)အဖြစ် သတ်မှတ်ပြီးဆောင်ပုဒ်အနေဖြင့် "လူ့အသက်များကယ်ဆယ်ရန်၊ Road Safety အကြောင်းများများ ပြောကြစို့ (Save Lives - # Speak Up)" ဟူ၍ သတ်မှတ်ထားပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဌာနများ ညှိနှိုင်းပူးပေါင်းပြီး UN Global Road Safety Week ဆိုင်ရာ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ကျင်းပစီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်

ထို့ပြင် Global Road Safety Week ၏ ယခုနှစ်ဆောင်ပုဒ်ကိုအခြေခံပြီး NRSC ၏ Road Safety ဆိုင်ရာ လုပ်ငန်းစဉ်များတွင် မည်သို့အစီအမံများ ထပ်တိုးဆောင်ရွက်သွားသင့်သည်၊ မည်သို့ပြုပြင်ပြောင်းလဲဆောင်ရွက်လျှင် ပိုမိုထိရောက်အကျိုးရှိနိုင်မည်ကိုလည်း တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ ဆွေးနွေးအကြံပြုချက်များအရ ပေါ်ထွက်လာသည့် လုပ်ငန်းစဉ်တိုင်းကိုလည်း အမှန်တကယ်အကျိုးကျေးဇူးရရှိနိုင်အောင်၊ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်အောင် ဆပ်ကော်မတီအားလုံး၊ ဒေသ RSC အားလုံးက အလေးထားကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

NRSC ၏ ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ (၁၀)နှစ်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

တာကာလအတွင်း တောက်လျှောက်အတက်ဘက်ကိုသာ ဦးတည်လာခဲ့သည့် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှုနှင့် သေဆုံးမှုအခြေအနေများသည် ၂၀၁၈ ခုနှစ်တွင် အနည်းငယ်ပြန်လည်လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှုနှင့် သေဆုံးမှုများလျော့ကျအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းနှစ်လတွင် သေဆုံးမှု သိသိသာသာ မြင့်တက်လာသည်ကို စိစစ်တွေ့ရှိနေရပါကြောင်း၊ ယင်းကို NRSC အနေဖြင့် အထူးသတိပြု ကြိုးစားကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း။

ဟန်ပြခါးပတ် ပတ်ကြ

စိစစ်တွေ့ရှိချက်များအရ ခရီးသည်တင်အဝေးပြေးဘတ်(စ်)ယာဉ်ကြီးများတွင် ခရီးသည်များအသက်ကယ်ခါးပတ်မပတ်ကြခြင်း၊ အချို့ယာဉ်များဆိုလျှင် ခရီးသည်က အသက်ကယ်ခါးပတ် ပတ်ချင်သော်လည်း ထိုင်ခုံများတွင် ခါးပတ်ပြည့်ပြည့်စုံစုံ မပါရှိခြင်း၊ အချို့မှာလည်း ပူးပေါင်းအဖွဲ့စစ်ဆေးချိန်များတွင်သာ ဟန်ပြခါးပတ် ပတ်ကြပြီး ကျန်ခရီးစဉ်တစ်လျှောက် ခါးပတ်မပတ်ဘဲစီးကြခြင်း စသည်ဖြင့် အမျိုးမျိုးရှိကြပါကြောင်း၊ ထိုအခြေအနေများကြောင့် အမှန်တကယ်ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများနှင့် ကြုံရသည့်အခါ ခရီးသည်အများစုသည် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် သေကျေ၊ ဒဏ်ရာရပျက်စီးဆုံးရှုံးမှုများ ပိုမိုကြီးမားခဲ့သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဆပ်ကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် RSC များအနေဖြင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်နေကြသည့် ယာဉ်အားလုံးတွင် စီးနင်းသူအားလုံးအတွက် ထိုင်ခုံတိုင်း အသက်ကယ် ခါးပတ်ပြည့်ပြည့်စုံစုံတပ်ဆင်ပါရှိစေရေး၊ ပြည့်ပြည့်စုံစုံတပ်ဆင်ပါရှိမှုမရှိပါက ချက်ချင်းထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်အရေးယူရေး၊ ယာဉ်မောင်းသူသာမက ယာဉ်ပေါ်ပါ စီးနင်းသူအားလုံးခရီးစဉ်အစအဆုံး အသက်ကယ်ထိုင်ခုံခါးပတ် ပတ်စေရေး စသည်တို့ကို ဆောလျင်စွာ စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်သလို ယာဉ်ရပ်နားစခန်းများတွင် မဟုတ်ဘဲ ကြားစခန်းများတွင်လည်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေး၊ ပညာပေး၊ အရေးယူမှုများကိုလည်း အချိန်အဟုန်မကျစေဘဲ အလေးထားကြပ်မတ် ထိန်းချုပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယာဉ်တိုက်ခိုက်မှု၊ သေဆုံးမှု၊ ဒဏ်ရာရမှု၊ မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားနေမှု၊ မော်တော်ဆိုင်ကယ်ဦးထုပ်များ အရည်အသွေးပြည့်မီရန် ဆောင်ရွက်ရမည့်အခြေအနေ၊ ကုလသမဂ္ဂ၏ ရည်မှန်းချက်ပြည့်မီရေးနှင့် ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာပါ အကြောင်းအရာများကို အနှစ်ချုပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စတုတ္ထအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်းက အရှေ့တောင်အာရှနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ယာဉ်တိုက်ခိုက်မှု အခြေအနေများကို လေ့လာသုံးသပ်တင်ပြပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ယာဉ်မတော်တဆဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရမှုမှ ကာကွယ်ပေးသည့် Child Safety Seats နှင့် Child Restraint System ဆိုင်ရာကိစ္စရပ်များကို တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့်အချက်များအား ပြည်သူများ သိရှိနိုင်ရန် အသိပညာပေးရေး၊ လမ်းကြောင့်အန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာများအား ပြုပြင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်စီးနင်း

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံးဆိုင်ရာ ယာဉ်တိုက်ခိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုများ လျော့ကျလာအောင် ကြိုးပမ်းစွမ်းဆောင်တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ချုပ်တွင် ယခုနှစ်ထက် ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများရရှိအောင်၊ 2020 Action Plan ၏ ရည်မှန်းချက်များကို အတတ်နိုင်ဆုံး ပြည့်မီအောင် ယနေ့ ယခုအချိန်ကစပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဖော်ဆောင်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြသည့်အတွက် ဦးထုပ်ဆောင်းသည့်သူများထက် ဒဏ်ရာရမှုမှာ (၂ ဒသမ ၀၄၄) ဆ၊ သေဆုံးမှုမှာ (၃ ဒသမ ၆၅၃)ဆ ပိုမိုနေသည်ကို NRSC အတွင်းရေးမှူးက ဖော်ထုတ်တင်ပြသွားပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၊ စီးနင်းသူအားလုံး ဆိုင်ကယ်စီးဦးထုပ်များကို မေးသိုင်းကြိုးမြဲမြံစွာတပ်ဆင်၊ ဝတ်ဆင်ပြီးစီးနင်းကြစေရန်၊ ဦးထုပ်မှာလည်း အသက်အန္တရာယ်ကို အမှန်တကယ် ကာကွယ်ပေးနိုင်သည့် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များကို ရွေးချယ်အသုံးပြုကြစေရန် ပညာပေး၊ စစ်ဆေး၊ အရေးယူမှုများကို ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အလားတူ ကားမောင်းနှင်၊ စီးနင်းစဉ်တွင် အသက်ကယ်ထိုင်ခုံခါးပတ်ကို အသုံးမပြုသည့်အတွက် ၂၀၁၈ ခုနှစ်အတွင်း ဒဏ်ရာရ ၆၂၇၆ ဦး၊ သေဆုံး ၁၂၁၄ ဦးရှိခဲ့ပါကြောင်း၊ အသက်ကယ် ထိုင်ခုံခါးပတ် မပတ်ခြင်းသည် ခါးပတ် ပတ်ခြင်းထက် ဒဏ်ရာရမှုမှာ နှစ်ဆနီးပါးနှင့် သေဆုံးမှုမှာ လေးဆနီးပါး ပိုမိုသည်ကို နှစ်ချုပ်အစီရင်ခံစာ တင်ပြချက်များအရ အားလုံးသိကြပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုများကို လျှော့ချနိုင်ရန် ယာဉ်များပေါ်တွင် မောင်းနှင်သူရော၊ လိုက်ပါစီးနင်းသူအားလုံး ခရီးစဉ်အစကနေ အဆုံးအထိ ခါးပတ် ပတ်စေရန်၊ ယာဉ်များအားလုံး အထူးသဖြင့် ခရီးသည်တင်အဝေးပြေး ဘတ်(စ်) ယာဉ်ကြီးများအားလုံး ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာတပ်ဆင် ပါရှိပြီးဖြစ်စေရန် စီမံချက်တစ်ရပ်အသွင်ဖြင့် စစ်ဆေး၊ ကြပ်မတ်၊ အရေးယူမှုများ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ခြင်းသည် ယာဉ်မတော်တဆမှုဖြစ်ပွားပါက မိမိတို့၏ အသက်အန္တရာယ်ကို အမှန်တကယ် အကာအကွယ်ပေးနိုင်သည်ဆိုသည့် ယုံကြည်မှုကို ပြည်သူများ၏ ကိုယ်ပိုင်အသိစိတ်အထိ ပျံ့နှံ့လက်ခံစေရေး၊ ပြည်သူများ Road Safety ဆိုင်ရာ အသိအမြင်မှန်ကန်ပြီး စနစ်တကျ လိုက်နာကျင့်သုံးစေရေးအတွက်

စာမျက်နှာ ၉ သို့

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၄ / ၂၀၁၉
၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မောင်ရှိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၄-၄-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မောင်ရှိန်(၅၈)နှစ်၊ (ဘ)ဦးသာမြင့်အား ၎င်းကျေးရွာထိပ်၌တွေ့ရှိသဖြင့် စစ်စစ်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၅၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ထူးပိုင်နှင့် မငယ်တို့သည် WY စိတ်ကြွဆေးပြားများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၄-၂၀၁၉ ရက်နေ့တွင် ညောင်ဦးမြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ ထူးပိုင်(ခ) အားမာန်(၂၄)နှစ်၊ (ဘ)ဦးခင်မောင်စိုးနှင့် မငယ်(ခ)ချောစုဝင်း(ခ)ချောလေး (ခ)မဝက်မ(၃၀)နှစ်၊ (ဘ)ဦးမိုးမြင့်အောင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ညောင်ဦး)မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း အနီးပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်၌ အမှု(၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၃၁-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုမှ ကွင်းဆက်သတင်းအရ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း အနီးပတ်ဝန်းကျင်အား စောင့်ကြည့်စစ်စစ်ရှာဖွေရာ အမှတ်(၈)ရပ်ကွက်နေ ရွှေသန်း(၄၂) နှစ်၊ (ဘ)ဦးဆုစိန်သာအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ)၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ တောင်နောက်ကျေးရွာနေ မောင်ရွှေ(၂၁)နှစ်၊ (ဘ) ဦးပေါ်စံထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ) ၁၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ အမှတ်(၁)ရပ်ကွက်နေ တိုးတိုး (ခ)အောင်တိုးမြင့်(၂၈)နှစ်၊ (ဘ)ဦးသိန်းမောင်နှင့် ကျော်လှိုင် (ခ)အပနား(၄၄)နှစ်၊ (ဘ)ဦးမောင်မောင် တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ) မယ(ပ) ၁၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၄	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပါလျံ(၁)ရပ်ကွက်နေ မမိုး(ခ) မိမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၄-၂၀၁၉ ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ ပါလျံ(၁) ရပ်ကွက်နေ မမိုး(ခ) မိမိုး(ခ)အိမိုးဝင်း(၃၉)နှစ်၊(ဘ) ဦးကျော်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ မသဲသဲအိ(၂၆)နှစ်၊(ဘ)ဦးစန်းဝင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တာချီလိတ်) မယ(ပ)၄၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာနေ ဝတုတ် (ခ)ဘနဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၄-၄-၂၀၁၉ ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာနေ ဟော်တဲ (ခ)ဝတုတ်(ခ)ဘနဲ (၂၇)နှစ်၊ (ဘ) ဦးလော်ဖာ၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တစ်ရွာတည်းနေ ဇော်ထူး(၂၇)နှစ်၊ (ဘ)ဦးစိန်မောင်နှင့် အတူတွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(တာချီလိတ်) မယ(ပ)၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၆-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၉၃)မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံကျား(၇၈၂)ဦး၊ မ(၁၅၂)ဦး၊ပေါင်း(၉၃၄)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၁.၉၂)ဂရမ်၊ ICE(၇၃.၆၇) ဂရမ်၊ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၉၅၂၅)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၉/၁)နှင့် (၂၆၉/၂)ကြားလမ်းဘေး၌ ဖုန်းအားသွင်းသည့် ပလပ်ခေါင်းအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၄၄)ပြား၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာ၊ မော်ဟန်-တောင်စိမ်းလေးမော်သွား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၆၀)ပြား၊ ဘိန်းဖြူ(၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ မမုံကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၁၀)ပြား၊ ဘိန်းဖြူ(၀.၉)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ သရက်ပင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖဲကတာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ နောင်ရဖေ့ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ဘီးလင်းမြို့နယ်၊ ကဇိုင်းကျေးရွာအနီး ဘီးလင်း-နတ်ကြီးသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၇၇.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ဆေးခြောက်(၀.၅)ဂရမ်၊ ဂုံနားကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဆေးခြောက်(၁)ဂရမ်၊ ရွာသစ်ကေရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀)ဂရမ်၊ လသာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၄)ပြား၊ ဘူးသီးတောင်မြို့နယ်၊ သံခြေကျေးရွာနှင့် ကွန်ဒိုင်ကျေးရွာကြား၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၁၀၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကွန်ဒိုင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးနှင့် အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၁၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကွန်ချောင်းကျေးရွာအနီး တောင်ကြီး-ပင်းပက်ကျေးရွာသွား ကားလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၆၅)ပြား၊ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအနီး ကလော-ပင်လောင်း-အောင်ပန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၄၅၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွန်ဟိန်းမြို့ အမှတ်(၃)ရပ်ကွက်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့ ရပ်ကွက်(၁၀)၊ အေးချမ်းမြေလမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၅၀)ပြား၊ ဘိန်းဖြူ(၁၁.၂)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မန်ဆာရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ ဘိန်း (၄၃၀၀)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ဝမ်ကန်ကျေးရွာထိပ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပန်ယောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀၇)ပြား၊ ဘိန်း(၁၀၀)ဂရမ်၊ တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်၌ သတင်းအရ Harrier ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၁၅၇)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဆေးခမ်းရပ်ကွက်၊ လေယာဉ်ကွင်းလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့်(၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၃)ပြား၊ ထီးချိုင့်မြို့နယ်၊ ရောဝတီတံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အမှတ်(၄)ရပ်ကွက် စိုက်ခင်းအတွင်း ချုံရှင်းလင်းစဉ် ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၁၉၁၀)ပြား၊ ဗန်းမောက်မြို့နယ်၊ မကျည်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ဘိန်း(၄၇) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂.၅)ဂရမ်၊ ကလေးမြို့ ကလေး-တီးတိန်သွားကားလမ်း၊ (၈)မိုင်စစ်ဆေးရေးဂိတ်၌ ကလေးမှ တီးတိန်သို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ Alprazolam Tablet (၁၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာဟန်းဈေးအတွင်းရှိ တရားခံ၏ဆေးဆိုင်မှ Alprazolam Tablet (၄၀၀) ပြား၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine Tablet (၇)ပြား၊ ဟုမ္မလင်းမြို့နယ်၊ ပေကုန်းကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဘိန်းဖြူ(၄၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မအိုင်ကျေးရွာအနီးရေပြင်၌ သတင်းအရ စက်လှေအားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၇)ပြား၊ စက်လှေ(၁)စီး၊ ပုလောမြို့နယ်၊ လက္ကျူးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀)ပြား၊ ဘိန်းစာမှုန့်(၂၀)ဂရမ်၊ မောတောင်မြို့ ဆော့ကလွင်ချောင်းအနီး၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၃၀၇၀၀၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့(၁၆/၆)ရပ်ကွက်၌ တရားခံ အမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၃၈)ပြား၊ ဆိုင်ကယ်(၂)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်း၌ သတင်းအရစိစစ်စဉ် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၇၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်(၅၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးတံတားအနီး၌ သတင်းအရ CRV ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၉၁၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ သတင်းအရ Hijet ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ICE(၉၉၀)ဂရမ်၊ ဆေးခြောက်(၂.၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်ရှိ တရားခံများ၏နေအိမ်မှ စိတ်ကြွဆေးပြား(၄၄၂)ပြား၊ ဆေးခြောက်(၁၈) ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၁၅)ရပ်ကွက်၊ မိုးကောင်းလမ်းမပေါ်၌ သတင်းအရ Hijet ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၇.၃၃)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၁၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ဆေးခြောက်(၆၉၀)ဂရမ်၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၃)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းလမ်းမပေါ်၌ Probox ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ICE (၆.၄) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ တောင်ဒဂုံမြို့နယ်၊ ကျီစုအနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၆)ဂရမ်အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကျွဲတလင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅)ပြား၊ လုပ်သေနတ်အတို(၁)လက်၊ ပွိုင့် ၂၂ ကျည်(၄၄)တောင့်၊ တစ်လုံးထိုးပြောင်းချော သေနတ်(၁)လက်၊ ၎င်းကျည်(၆)တောင့်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၄၀)လုံး၊

စာမျက်နှာ ၉ သို့

ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် စတင်ထုတ်ပေးသည့် ဇန်နဝါရီ ၂ ရက်မှ မတ် ၃၁ ရက်အထိ Operator ၆၃၄၁၉ ဦးနှင့် အသုံးပြုသည့်ယာဉ်စီးရေ ၉၁၆၆၉ စီးအား လုပ်ငန်းလိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပြီး အခက်အခဲများ၊ ပြဿနာများ၊ နှောင့်နှေးကြန့်ကြာမှုများ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ကြုံတွေ့ခဲ့ရသော်လည်း ၎င်းအခက်အခဲများကို အချိန်တိုအတွင်း ကျော်လွှားနိုင်ရေးအတွက် ရုံးမိန့်များ၊ ညွှန်ကြားချက်များ ချက်ချင်းထုတ်ပြန်၍ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေ ပြင်ဆင်ရေးကိစ္စများကိုလည်း မှာကြားဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးများက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့မှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပုဂ္ဂလိက ခရီးသည်၊ ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် အားလုံး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ ဒုတိယအကြိမ်မြောက် အစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFoCO) အဖွဲ့ဝင်နိုင်ငံများအတွက် AFoCO စီမံကိန်းအဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများအား သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မြှင့်တင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယနေ့ကျင်းပသော အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီအောင်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းသင်တန်းသည် အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု၏ စီမံကိန်းများကို သိမြင်နားလည်မှု မြင့်တက်လာစေရန်၊ စီမံကိန်းများရေးဆွဲဖော်ထုတ်ခြင်း လုပ်ငန်းစဉ်များကို လေ့လာသိရှိနိုင်စေရန်နှင့် အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာနှင့် စီမံကိန်းလက်စွဲများနှင့်အညီ သင်တန်းသားများ၏ စီမံကိန်းများနှင့် အဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ လာအို၊ မွန်ဂိုလီးယား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောနှင့် ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းသား ၂၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို မေ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်
ဓာတ်ပုံ -သန်းစိုး

ပဲခူး၌ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

ပဲခူး မေ ၈

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၏ ညွှန်ကြားမှုဖြင့် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း တိုင်းဒေသကြီးရောင်းဝယ်ရေး အရာရှိရုံး၌ တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဝန်ထမ်းများအား စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်း (၂/၂၀၁၉) ကို မေလ ပထမပတ်က ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးရောင်းဝယ်ရေး အရာရှိ ဦးလရော်က ပုဂ္ဂလိက စက်သုံးဆီအရောင်းတာဝန် ထမ်းဆောင်နေသူများအား မီးဘေးအန္တရာယ် ကြီးမားသော စက်သုံးဆီရောင်းချရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတိပြု လိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိနားလည်ပြီး စနစ်တကျဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီး ဒုတိယရောင်းဝယ်ရေးအရာရှိ ဦးချိုဝင်းက စက်သုံးဆီဆိုင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး စက်သုံးဆီဆိုင် စစ်ဆေးရေးမှူး ဦးခင်မောင်လတ်က မီးဘေးအန္တရာယ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူ / သိုလှောင် / ဖြန့်ဖြူးရောင်းချရာတွင် လိုက်နာရမည့်အချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့် လက်တွေ့သရုပ်ပြခြင်းများကိုလည်းကောင်း ဆောင်ရွက်ကြသည်။ သင်တန်းတွင် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သိခ်

စာမျက်နှာ ၇ မှ

အသိပညာပေးဟောပြောဆွေးနွေးမှုများကိုလည်း ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအဆင့်အထိ ကွက်ပြည့်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မကြာမီ မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကို ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ မဟာသင်္ကြန်ကာလများအတွင်း ယာဉ်မတော်တဆမှုများ၊ ထိခိုက်သေဆုံး၊ ဒဏ်ရာရမှုများ ရှိလာနိုင်မည်ကိုလည်း ကြိုတင်မြော်တွေးပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၃၁၇ မှု၊ ဒဏ်ရာရ ၁၀၆ ဦးနှင့် သေဆုံး ၆၄၂ ဦး ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ယာဉ်မတော်တဆမှု အနည်းဆုံးနှင့် မဟာသင်္ကြန်ပွဲတော်ကြီးကို ဖြတ်သန်းနိုင်ရန်အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပညာပေး၊ စစ်ဆေးကြပ်မတ်မှုများကို ပုံမှန်ကာလများထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မြန်မာနိုင်ငံ၏ မှတ်ပုံတင်ယာဉ်စီးရေသည် National Road Safety Action Plan (2014-2020) စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်တွင် စုစုပေါင်း(၄ ဒသမ ၀၁) သန်းသာရှိခဲ့ရာက ယခု ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလစာရင်းအရ စုစုပေါင်း(၇ ဒသမ ၂၉)သန်းအထိ နှစ်ဆနီးပါးတိုးလာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ယာဉ်စီးရေတိုးပွားလာမှုနှင့် ယာဉ်မတော်တဆမှုသည် တိုက်ရိုက်အချိုးကျသည့် သဘောသဘာဝရှိသည့်အပြင် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို ခြုံငုံသုံးသပ်ကြည့်သည့်အခါ လူကြောင့်ဖြစ်သည့် ယာဉ်တိုက်မှုသည် (၉၈ ဒသမ ၀၂) ရာခိုင်နှုန်း ဖြစ်သည့်အတွက် ပြည်သူအားလုံး၏ Road Safety ဆိုင်ရာ အသိပညာ ပြည့်ဝမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ အင်တိုက်အားတိုက် ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ပါကြောင်း။

ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရနိုင်သည့် လုပ်ငန်းတာဝန်မျိုးဖြစ်သည့်အတွက် ပြည်သူကိုအသိပညာ ဖြန့်ဝေစည်းရုံးပြီး ပြည်သူအားလုံး နိုးကြားတက်ကြွစွာ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် တိုးမြှင့်စည်းရုံး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ Road Safety ဆိုင်ရာ တစ်ကမ္ဘာလုံး မျှော်မှန်းချက်ဖြစ်သည့် "Towards Zero Together" ဆိုသည့် "Vision"ကို အမှန်တကယ် ရောက်ရှိလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ထူးခြားသည့်နေ့အပူချိန်များ

နေပြည်တော် မေ ၈

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်ငူမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ကွမ်းလုံမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ဗန်းမော်မြို့တွင် ၀ ဒသမ ၇၄ လက်မ၊ အောင်လံမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ သီပေါမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ မိုးညှင်းမြို့နှင့် မိုးကောင်းမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီနှင့် မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

စာမျက်နှာ ၈ မှ

ယမ်းမှုန့်(၁)ဘူးတို့အား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပထွက်ခွာ Terminal 1 ၌ ပြည်ပသို့ထွက်ခွာမည့် မလေးရှားနိုင်ငံသား အမျိုးသား(၁)ဦး၏ ခရီးဆောင်အိတ်အတွင်းမှ ICE(၀.၄)ဂရမ် တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃၁-၃-၂၀၁၉ ရက်နေ့မှ ၆-၄-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၁၈၅)မှုတွင် တရားခံကျား(၂၁၈)ဦး၊ မ(၂၇)ဦး၊ ပေါင်း(၂၄၅)ဦးကို ဘိန်းဖြူ(၄၃၇.၃၅၃)ဂရမ်၊ ICE(၉၉၉)ဂရမ်၊စိတ်ကြွဆေးပြား(၁၀၀၀၈၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၁၀) ဂရမ်၊ ဆေးခြောက်(၁၂၄၄.၄၃)ဂရမ်၊ဘိန်း(၄၈၈၃.၃၃)ဂရမ်၊ ဘိန်းဆီခဲ(၄၈၂၁.၂)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂.၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၀၇၀၂၀)ဂရမ်၊ Alprazolam Tablet(၄၁၀)ပြား၊ Buprenorphine Tablet(၇)ပြား၊ သေနတ်မျိုးစုံ (၃)လက်၊ ကျည်မျိုးစုံ(၅၀)တောင့်၊ ခဲသီး(၄၀)လုံး၊ ယမ်းမှုန့်(၁)ဘူးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	**antinarcotics@presidentoffice.gov.mm**

မိုးသင်္ကြန်ရေသောက်လို့ ရွှေပိတောက်တဝါဝါ

မောင်ခိုင်မာ(အထက်မင်းလှ)

ရာသီစက်ဝန်းက တစ်ပတ်လည်ခဲ့ပြီ။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်တော့မည်။ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်သည်။ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့ (၁၇-၄-၂၀၁၉) ရက်နေ့သည် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်သည်။ မြန်မာ့ ၁၂ လသည် တန်ခူးက စတင်ပြီး တပေါင်းတွင် အဆုံးသတ်သည်။ ထို့ကြောင့် တန်ခူးလသည် မြန်မာတို့၏ နှစ်ဦးလ၊ နှစ်သစ်ကူးအခါသမယဖြစ်သည်။

တန်ခူးလ

တန်ခူးလကို ပုဂံခေတ်က “တန်ခူ” ဟု ရေးသည်။ အနောက်ဘက်လွန်မင်းလက်ထက် ကောင်းစစ်လေးမှူး ဇေယရန္တမိတ် စပ်ဆိုသော “ပုရစ်ဖြာစီချိရတု” တွင် “တန်ခူးရာသီတိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီလှိုင်ခဲ့ပြီ၊ သွန်းမြူးဖြာစီအိုင်ခဲ့ပြီ” ဟူ၍လည်းကောင်း၊ သက္ကရာဇ် ၉၇၁ ခု ကေတုမတီတောင်ငူဘုရင် မဟာဓမ္မရာဇာ “နတ်ရှင်နောင်” ၏ ရတုတွင် “ဘယ်ဝေ့ညာကူး၊ ပုံမထူးသည့်၊ တန်ခူးလေနှင့် လျော်တော့၏” ဟူ၍လည်းကောင်း ရေးသားကြောင်းကို “မဟာဇေယသင်္ချာ” ၏ “ဝေါဟာရလီနတ္ထဒီပနီ” တွင် တွေ့ရသည်။ အချို့သော ပျို့၊ ကဗျာများတွင် “တာကူး” ဟူ၍လည်း ရေးသားကြောင်း တွေ့ရသည်။ တာကူးဟူသော အရေးအသားမှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် ပြောင်းခြင်းကို စွဲ၍ ရေးသားခြင်းဖြစ်သည်။ တာကူးမှ တန်ခူးသို့ ရွေ့လျားသည်ဟုလည်း ယူဆကြသည်။ သို့သော် “တာ” ဟူသည်မှာ အချိန်အခါ၊ နှစ်၊ ရာသီဥတုဟု အဓိပ္ပာယ်ရပြီး “ကူး” ဟူသည် ကူးပြောင်းခြင်းဖြစ်၍ “တာကူး=နှစ်ပြောင်းခြင်း” ဟု ယူဆရန်ရှိသည်။ တန်ခူးဟုဆိုရာတွင် “တန်(ဝါ)တန်း” မှာ “ထန်း” နှင့် အနက်တူပြီး “ခူး” ဆိုသည်မှာ “ဆွတ်ခူးခြင်း” ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တန်ခူးလဟူသည် “ထန်းသီးဆွတ်ခူးသောလ” ဟု မှတ်ယူကြသည်။

“တန်ခူးလ၏ ရာသီအမည်မှာ ပါဠိအားဖြင့် “မေသာ”၊ မြန်မာအားဖြင့် “မိဿ”၊ လက်တင်ဘာသာအားဖြင့် “အေးရီးစ်” (Aries) ဖြစ်သည်။ “မေသာ” ဟူသော ကမ္ဘာဦးကာလ ခေါ်ဝေါ်ကြသော မူလဘာသာတွင် ဧ-သရ ကို ဣ-သရ ပြု၍ (မိဿ) ရာသီခေါ်တွင်သည်။ ထိုမေသာသဒ္ဒါကား- ဆိတ်သတ္တဝါဟောတည်း” ဟု ဝေါဟာရလီနတ္ထဒီပနီတွင် ဆိုသည့်အတိုင်း ရာသီရုပ်မှာ “ဆိတ်ထီး၊ သိုးထီး” ဖြစ်သည်။ လပြည့်စန်းယှဉ်နက္ခတ်မှာ “စိတြ”ဖြစ်သည်။ နက္ခတ်သည် မြှူးသဏ္ဌာန်ရှိသော “ရေဝတီနက္ခတ်” ဖြစ်ပြီး တာရာမှာ “ဥဗျိုင်း၊ ရေငှက်တာရာ” ဖြစ်သည်။ ရာသီပန်းတို့မှာ ပိတောက်၊ ကံ့ကော်၊ သရဖီ၊ ရင်ခတ်ဖြစ်သည်။

တန်ခူးလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀ အညီအမျှ ရှိသည်။ တွက်ချက်ပုံမှာ “ပတ်၊ သံ၊ တာ၊ ရှည်၊ တီး၊ သံ၊ မြည်၊ လက်၊ ဆည်၊ ကန်၊ စာ၊ ရေး” ဟူသည့် သံပေါက်အရ တန်ခူးလအတွက် ပတ်=ကြာသပတေး=၅ ရသည်။ ရသည့်ဂဏန်းကိန်းကို ၁၀ နှင့်ပေါင်း၍ နှစ်ဖြင့် မြှောက်ရသဖြင့် ၅+၁၀×၂=၃၀ ရသည်။ မြန်မာနာရီသည် တစ်နေ့နာရီ ၆၀ ဖြစ်ပြီး စက်နာရီ ၂၄ နာရီနှင့် ညီမျှသဖြင့် မြန်မာတစ်နာရီ၌ စက်နာရီ ၂၄ မိနစ်ရှိသည်။ သို့အတွက် တန်ခူးလတွင် နံနက် ၆ နာရီ နေထွက်ပြီး ညနေ ၆ နာရီတွင် နေဝင်ကြောင်း ဆရာကြီးမောင်ထင်၏ “မြန်မာ့ဆယ့်နှစ်လအကြောင်း” တွင် လေ့လာမှတ်သားရသည်။ တန်ခူးလတွင် ဗုဒ္ဓဟူးနှင့် သောကြာတို့သည် “ရက်ရာဇာများ” ဖြစ်ပြီး ကြာသပတေးနှင့် စနေတို့သည် “ပြဿဒါးရက်များ” ဖြစ်သည်။

သင်္ကြန်အစ ဒေဝဒဟ

သင်္ကြန်ဟူသော စကားမှာ “သင်္ကန္တ”၊ သဒ္ဒါကား ပြောင်းလွဲခြင်းအနက်ရသည်။ သက္ကဋကျမ်းအလိုက အက္ခရာမှာ ရရစ်နှင့် မြန်မာတို့မှာ (သင်္ကြန်)ခေါ်ဝေါ်ကြသည် (ဝေါဟာရလီနတ္ထဒီပနီ)။ မိဿ၊ ပြိဿ၊ မေထုန်စသည့် ၁၂ ရာသီခွင်တွင် တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းရောက်ရှိချိန်ကို သင်္ကြန်ကျသည်ဆို၏။ အချို့ကလည်း ဟိန္ဒူပြဟ္မဏ ဒဏ္ဍာရီအရ ကမ္ဘာဦးကာလက သိကြားမင်းနှင့် အာသီအမည်ရှိသော ပြဟ္မာမင်းတို့သည် ဗေဒင်ကိန်းခန်းတစ်ခုကို တစ်ဦးက ခုနစ်ခုနှင့် စားရသည်။ တစ်ဦးက ရှစ်ခုနှင့် စားရသည် စသဖြင့် အငြင်း အခုံဖြစ်ကြရာ နိုင်သူက ခေါင်းဖြတ်စတမ်း အလောင်းအစားလုပ်ပြီး လူ့ပြည်မှ ကဝိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံရာ ပြဟ္မာမင်းရှုံးသဖြင့် ခေါင်းဖြတ်ခံရကြောင်း၊ သို့သော် ပြဟ္မာမင်း၏ ဦးခေါင်းဖြတ်ပြီးခါမှ သမုဒ္ဒရာတွင်းသို့ ပစ်ချပါက သမုဒ္ဒရာရေများ ခန်းခြောက်ကာ သတ္တဝါများ သေကျေပျက်စီးမည်၊ မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်းတောက်၍ သတ္တဝါများမျိုးသုဉ်းမည်၊ လေထဲပစ်ချပါကလည်း ရာသီဥတုဖောက်ပြန်မည်ဖြစ်၍ သိကြားမင်းက နတ်သမီးခုနစ်ဖော်အား တစ်ပါးလျှင် တစ်ရက်ကျစီ ကိုင်ဆောင်စေကြောင်း၊ နတ်ပြည်တစ်ရက်သည် လူ့ပြည် တစ်နှစ်နှင့် ညီမျှသဖြင့် နတ်သမီးတစ်ပါးမှ နောက်တစ်ပါးထံသို့ ပြဟ္မာမင်းကြီး၏ ဦးခေါင်းလွှဲပြောင်းပေးအပ်ချိန်သည် တစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်သို့ ရောက်ရှိ ကြောင်း၊ ဤသည်ကို အစွဲပြု၍ သင်္ကြန်ကျခြင်းဖြစ်ကြောင်း အယူအဆများလည်း ရှိသည်။

ရှေးမြန်မာဘုရင်တို့သည် ဦးခေါင်းဆေးလျှော်သည်ကို သင်္ကြန်ဟုခေါ်သည်။ (သင်္ကြန်ယင်=ခေါင်းဆေးမင်္ဂလာပြုသည်။) ခေါင်းဆေးမင်္ဂလာသုံးမျိုးရှိသည်။ တစ်ပတ် တစ်ကြိမ် ခေါင်းလျှော်သော “ပကတိသင်္ကြန်”၊ ဂြိုဟ်စီး၊ ဂြိုဟ်နင်း ကံညံ့ဖျင်းလျှင် ခေါင်းလျှော်သော “သင်္ကြန်လက်” နှင့် ဘိသိက်ခံယူသောအခါ လျှော်သော “မဟာသင်္ကြန်” တို့ဖြစ်သည်။ သို့ဖြစ်ရာ သင်္ကြန်အခါ ခေါင်းဆေးမင်္ဂလာပြုခြင်း၊ သပြေခက်နှင့် ရေပက်ကစားခြင်းတို့မှာ အေးချမ်းသာယာစေလိုသည့် သဘော၊ အဆိုးအညံ့များ ကင်းစင်ပြီး အကောင်းများ ရောက်ရှိစေလိုသည့် သဘောတို့ကို တွေ့မြင်ရလေသည်။

“မိဿရာသီသို့ အပြောင်း(မဟာဝိသုဝသင်္ကြန်) အခါ ရေဖျန်းပက်ကစားကြသည်မှာ- ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင်ပျော်ရွှင် ကစားကြောင်း၊ ထိုတွင် မြို့ပြတည်၍ “ဒေဝဒဟပြည်” တွင်ကြောင်းကို သာသနာတော်ဝင်ကျမ်းကြီးများတွင် လာသည်။” ဟု ဝေါဟာရ လီနတ္ထဒီပနီတွင် လေ့လာတွေ့ရှိရသဖြင့် “သင်္ကြန်အစ ဒေဝဒဟက” ဟု ဆိုနိုင်လေသည်။

ရှေးခေတ်သင်္ကြန်

သင်္ကြန်ဟူသော ဝေါဟာရနှင့် ပတ်သက်၍ ပုဂံခေတ်မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ် (ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်ဟု ဆိုသဖြင့် ပုဂံခေတ်ကတည်းက သင်္ကြန်ပွဲတော်ကျင်းပသည့် အစဉ်အလာရှိကြောင်း လေ့လာသိရှိရသည်။ ဝေါဟာရလီနတ္ထဒီပနီတွင် “မဟာရာဇဝင်ကျမ်းတွင်လည်း ပုဂံပြည် နရသီဟပတေ့ တရုတ်ပြေးမင်းလက်ထက် နွေလအခါ ရေဖျန်းကစားမဲ့ဖြစ်၍ နန်းတော်ကသည် မြစ်ဆိပ်တိုင်အောင် တစ်လျှောက်တည်း တဲဆောက်ပြီးသော်၊ လူမမြင်သာအောင် ကာရံပြီးသော်၊ နန်းတော်က မိဖုရားမောင်းမတို့နှင့်တကွ တဲတန်းဥမင်ထည်းကို ကြွသွား၍ ရေဆိပ်မှာ ရေကစားကြောင်းကို ဆိုသည်။” ဟု ဖော်ပြသည်။ စာရေးသူတို့ နိုင်ငံ၏ သင်္ကြန်ပွဲတော်သည် ယဉ်ကျေးမှုချင်း နီးစပ်သော အချို့နိုင်ငံများ၏ သင်္ကြန်ပွဲတော်ထက် ကြီးကျယ်သည်၊ ရှေးအင်းဝခေတ်ကပင်လျှင် အင်္ဂလိပ်စသော တိုင်းတစ်ပါးတို့က နှစ်သက်ဖွယ်ရာ မှတ်တမ်းတင်ထားကြကြောင်းကိုလည်း လေ့လာသိရှိရသည်။ “ရွှေခွက်အပြည့် မွှေးမျိုးထည့်မှ၊ လှည့်လည်ဆူလှယ်၊ တင့်စံပယ်လျက်၊ ပြုံးရယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရေ၊ ဖျန်းတည့်လေ၊ ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝန်းတည့်လေ” ဟူသော အင်းဝမြို့ဘွဲ့လူးတားတွင် အင်းဝခေတ်သင်္ကြန်ရေကစားပုံကို တွေ့နိုင်ပါသည်။ ရှေးခေတ်သင်္ကြန်ပွဲတော်ကျင်းပရာတွင် ဘုရင်မင်းမြတ်က သင်္ကြန်အမိန့်စာကို ထုတ်ပြန်ကြောင်း၊ သင်္ကြန်ကျသည့် အချိန်အခါကို ပြည်သူများ သိစေရန် ရွှေမောင်းနှင့် ဗဟိုစည်တီးခတ် ပေးကြောင်း၊ အမြောက်ပစ်ဖောက်ကြောင်း၊ အဆိုပါ အချက်ပေးသံကြားသည်နှင့်တစ်ပြိုင်နက် ပြည်သူတို့က မိမိတို့အိမ်ရှေ့တွင် သင်္ကြန်ကြိုသော အတာရေအိုးမှ ရေကို မြေပေါ်သို့ သွန်းလောင်းပြီး မေတ္တာပို့ကြကြောင်း၊ ထို့နောက် သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူသည့် သုံးရက်တွင် တစ်ဦးနှင့်တစ်ဦး ရေစင်ပက်ဖျန်းကြသည်။ “ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်” သော အမွှေးအကြိုင်တို့ကို ဖလားတွင်ထည့်၍ ဂွမ်းဆွတ်ပြီး အတာရေလောင်းကြခြင်းဖြစ်ကြောင်း သိရသည်။ သင်္ကြန်ကြိုသည်ဟူသည်မှာ “ခုနစ်နေ့နံပန်းများ ထိုးစိုက်ထားသည့် အတာအိုးဖြင့်” “တစ်နှစ်ပြည့်ပြီးဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်ကြစေလိုကြောင်း ” နှိုးဆော်ရန် လူ့ပြည်သို့ ဆင်းသက်လာသည့် သိကြားမင်းအား ကြိုဆိုခြင်းဖြစ်ကြောင်း သိရသည်။ လူ့ပြည်သို့ ဆင်းသက်လာသည့် သိကြားမင်းက ကုသိုလ်ကောင်းမှု ပြုလုပ်သူများကို ရွှေပုရပိုက်နှင့် ရေးမှတ်ပြီး အကုသိုလ်မကောင်းမှု ပြုလုပ်သူများကို ခွေးသားရေပုရပိုက်တွင် ရေးမှတ်သွားသည်ဟူ၍လည်း မှတ်သားမိပါသည်။

စောလုံဥပမာ သတိပြုစရာ

သင်္ကြန်သည် မြန်မာတို့၏ တစ်နှစ်တွင် တစ်ကြိမ်သာ ဆင်နွှဲရသော နှစ်သစ်ကူး မင်္ဂလာသဘင်ဖြစ်သည်။ နွေရာသီခရမ်းလွန် ရောင်ခြည်မြင့်မားချိန်တွင် တစ်ဦးနှင့်တစ်ဦး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာအေးမြကြည်လင်စေလိုသော ရည်ရွယ်ချက်ဖြင့် မေတ္တာရေစင် အတာရေသွန်းလောင်းကြခြင်းဖြစ်၏။ အတာရေတွင် “အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြော သန့်စင်စေနိုင်ခြင်းနှင့် ရေကိုသား၍ အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းရှိခြင်း” တည်းဟူသော မင်္ဂလာနိမိတ်သုံးပါးရှိသည်။ ထိုသို့ မင်္ဂလာနိမိတ်ရှိသော အတာရေဖြင့် ယဉ်ကျေးစွာ ပက်ဖျန်းခြင်းသည် တစ်ဦးနှင့်တစ်ဦး (ပက်ဖျန်းသူနှင့် ပက်ဖျန်းခံသူ) ပျော်ရွှင်ကြည်နူး ရင်းနှီးချစ်ကြည်မှုကို ရစေပါသည်။ သို့သော် အတာရေပက်ဖျန်းခံရသူ ကျေနပ် ကြည်ဖြူခြင်းမရှိသော ပုံစံဖြင့် ယဉ်ကျေးမှုကို ကျော်လွန်ကာ ကြမ်းတမ်းစွာဖြင့် အတာရေပက်ဖျန်းပါလျှင် မင်္ဂလာမှ အမင်္ဂလာသို့ ပြောင်းလဲသွားပေမည်။ ဤသည်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပုဂံရာဇဝင် လေးချိုးကြီးတွင် “ဒေါပုံအလှည့် သံသရာရေအပြင်မှာ ကြွားသူတို့ကဖြင့်၊ သဘောမဆုံသနဲ့ မခံချင်ပါလျှင်လည်း မကစားကြလေနဲ့၊ ချောဂုဏ်နဲ့ နွဲ့ရှာတဲ့၊ စောလုံရဲ့ပုဂံရာဇဝင် တရား” ဟူ၍ စပ်ဆိုသတိပေးခဲ့သည်။ ဖြစ်ပျက်ပုံမှာ ကောဇာသက္ကရာဇ် ၆၁၇ တွင် ပုဂံထီးနန်းစိုးစံသူ နရသီဟပတေ့ (မင်းခွေးချေး)သည် “မဟာဝိသုဝသင်္ကြန်”(တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသောပွဲတော်) သဘင်ဆင်နွှဲရာတွင် အလွန်တရာ ချစ်ခင်မြတ်နိုးသော မိဖုရားစောလုံအား ကျီစယ်လိုသဖြင့် “မိဖုရားစောလုံ တစ်ကိုယ်လုံး စိုရွှဲအောင် ရေပက်ကြစေ” ဟု မောင်းမမိဿံတို့အား အမိန့်တော်ရှိ၏။ ထိုအခါ စောလုံလည်း ရေအပက် ကြမ်းမှုအပေါ် မခံမရပ်နိုင်ဖြစ် အရှက်ရသဖြင့် ဘုရင်အပေါ် စိတ်ခုကာ ပွဲတော်တွင် အဆိပ်ခတ်တည်ခင်းလေ၏။ သို့ရာတွင် ကံအားလျော်စွာ ဘုရင်က ခွေးကို အရင်ကျွေးကြည့်လိုက်ရာ အဆိပ်မိ၍ ခွေးသေသဖြင့် အမျက်ဒေါသပြင်းစွာ ထွက်ပြီး မိဖုရားစောလုံအား ဖိုကျင်ထိုး၍ သတ်စေခဲ့လေသည်။ ဤဖြစ်ရပ်ကို သံဝေဂထား၍ အပျော်မှ အပျက် မဖြစ်စေရေး သတိရှိကြစေလိုပါသည်။

အတာရေဖြာဝေသွန်းလို့ရယ်

မျက်မှောက်ကာလ မြန်မာနိုင်ငံဝယ် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးတို့ကို ကြိုးပမ်းအားထုတ်နေသည့် အခါသမယဖြစ်ပါသည်။ ဤကာလဝယ် နိုင်ငံတော်အစိုးရက “စုပေါင်းအင်အား” ကို အလေးထားပြီး နိုင်ငံ၏ စိန်ခေါ်မှုများကို ကျော်ဖြတ်ရန် သန္နိဋ္ဌာန်ချထားသည်နှင့်အညီ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း မိမိတို့၏ စိတ်သန္တာန်တွင်ရှိသော အညစ်အကြေး များကို နှစ်ဟောင်းတွင် ခဝါချခဲ့ပြီး မင်္ဂလာနှစ်သစ် ၁၃၈၁ တွင် လူသစ်စိတ်သစ် အားမာန်သစ်တို့ဖြင့် စိန်ခေါ်မှုများကို လက်တွဲရင်ဆိုင်ဖြေရှင်းကြရန်ဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ဆရာကြီး မင်းသုဝဏ်၏ “မိုးသင်္ကြန် ရေသောက်လို့၊ ရွှေပိတောက်တဝါဝါ၊ သင်းကြူနံ့ဖြာ၊ ကျွန်ုပ်တို့ဆီမှာ သာပါရဲ့ဗုံမောင်း၊ မောင်ကြီးမာပါစေတဲ့၊ မလေးမာပါစေတဲ့၊ အတာရေ ဖြာဝေသွန်းလို့ရယ် ညွှန်းကြဆုတောင်း” ဟူသည့် ကဗျာစာသားအတိုင်း သက္ကရာဇ် ၁၃၈၁ မှသည် ရှေ့လျှောက်လှမ်းကြမည့် ခရီးဝယ် ကျန်းမာချမ်းသာစွာဖြင့် အောင်မြင်မှုများစွာကို ထွေးပိုက်နိုင်ကြပါစေကြောင်း အတာရေစင်သွန်းလောင်းကာ ဆုမွန်ကောင်းတောင်း လိုက်ရပါသည်။ ။

“တန်ခူးလကို ပုဂံခေတ်က ‘တန်ခူ’ ဟု ရေးသည်။ တချို့သော ပျို့ကဗျာများတွင် ‘တာကူး’ ဟု ရေးသားသည်။ တာဟူသည်မှာ အချိန်အခါနှစ်ရာသီဟု အဓိပ္ပာယ်ရပြီး ‘ကူး’ ဟူသည် ကူးပြောင်းခြင်းဖြစ်၍ ‘တာကူး = နှစ်ပြောင်းခြင်း’ ဟု ယူဆရန် ရှိသည်”

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် မေ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးသည် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam ,ndc, psc နှင့်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် ရဲချုပ်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ BLO ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ARSA အဖွဲ့နှင့် AA အဖွဲ့၏ လှုပ်ရှားဆောင်ရွက်နေမှုအခြေအနေသတင်းများ ရှင်းလင်းချပြဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၈

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Royal ACE ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးသန်းနှင့် ရဲတပ်ဖွဲ့များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam, ndc, psc နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ၌ ပြစ်ဒဏ်ကျခံပြီး၍ ပြန်လည်လွတ်မြောက်လာသော နိုင်ငံသားများအား အပြန်အလှန် လွှဲပြောင်းပေးရေး၊ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့်နှင့် ကွပ်ကဲရေးမှူးအဆင့်များတွင် အလံတင်အစည်းအဝေးများ ပုံမှန်ကျင်းပရေး၊ မောင်တော-တက္ကနာ့ဖ်နယ်စပ်ဆက်ဆံရေးရုံးတို့၏ ပထမအကြိမ် အစည်းအဝေးကျင်းပရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းတွင် စစ်ဆေးမှုများစတင်

နေပြည်တော် မေ ၈

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုနေသည့် ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များ၊ Telematic စနစ် တပ်ဆင်ထားသောယာဉ်များနှင့် လိုက်ထရပ်ယာဉ်များ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/ မရှိ ကြံ့ခိုင်မှုကို ယနေ့တွင် နေပြည်တော်တိုးလ်ဂိတ်၌ စတင်စစ်ဆေးလျက်ရှိသည်။ (အောက်ပုံ)

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန (ကညန)၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့နှင့် အမြန်လမ်းကြက်ခြေနီအဖွဲ့တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးနေခြင်းဖြစ်သည်။

ထိုသို့ စစ်ဆေးရာတွင် ခရီးသည်တင် Express ယာဉ်များ၌ တာယာပန်းများ ၄၀ ရာခိုင်နှုန်းအောက်သာ အများစုရှိခြင်း၊ နောက်ဘယ်ဘက်ဘီးများတွင် ကြံ့ခိုင်မှုအားနည်းသည့် တာယာများကို အသုံးပြုမှုများပြားခြင်း၊ မီးသတ်ဆေးဘူးများ သတ်မှတ်ချက်မပြည့်စုံခြင်း၊ ခရီးသည်များ ခါးပတ်ပတ်မှု မရှိခြင်း၊ ခါးပတ် ပတ်နိုင်အောင် ဆောင်ရွက်ထားမှုအခြေအနေ နည်းပါးခြင်းများကို တွေ့ရှိရကြောင်း သိရသည်။

သတ်မှတ်လူဦးရေထက် ပိုမိုတင်

ထို့ပြင် အိမ်စီးယာဉ်များတွင် လေပေါင်ချိန်မညီခြင်း၊ သတ်တမ်းလွန်တာယာ အသုံးပြုခြင်းများနှင့် လိုက်ထရပ်ယာဉ်များတွင် တာယာပန်းများ ၂၅ ရာခိုင်နှုန်းအောက်သာ အများစုရှိခြင်း၊ သတ်မှတ်တာယာ အရွယ်အစားမညီခြင်း၊ မီးသတ်ဆေးဘူး မပါရှိခြင်း၊ သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်ခြင်းများကို အများဆုံးတွေ့ရှိရသည်ဟု သိရသည်။

"ယာဉ်ရဲ့ကြံ့ခိုင်မှုနဲ့ သတ်မှတ်လိုင်စင်နဲ့ မောင်း၊ မမောင်းကို အဓိကထားပြီး စစ်ပါတယ်။ လောလောဆယ်မှာ ကားတာယာတွေက ပန်းကုန်တာတွေ များတဲ့အတွက် တာယာလဲဖို့ သတိပေးပါတယ်။ အခုအချိန်ထိ အများဆုံးတွေ့တာကတော့ မီးသတ်ဆေးဘူး မပါတာနဲ့ ကားတာယာ ပွင့်ပါးတာဖြစ်ပါတယ်" ဟု အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ရဲမှူး ရဲကြည်က ပြောသည်။

"ကျွန်တော်တို့က အခုလိုစစ်ဆေးခြင်းအားဖြင့် ယာဉ်မောင်းတွေက သူတို့ကားရဲ့ ကြံ့ခိုင်မှုကို သူတို့စစ်ရပါမယ်။ ဘာတွေလိုအပ်တယ်၊ ဘာတွေပြင်ဆင်ရမယ်ဆိုတာ သူတို့ကို အသိပေးပါတယ်။ ယာဉ်တစ်စီးဟာ ခရီးဝေးသွားတော့မယ်ဆိုရင် ယာဉ်ရဲ့ အောက်ပိုင်းကြံ့ခိုင်မှု၊ ဖရိန်ပိုင်း၊ တာယာပိုင်းကို အဓိကကြည့်ရပါတယ်။ ကြံ့ခိုင်မှုရှိမှ သူတို့သွားလိုတဲ့ ခရီးကို ရောက်ရှိမှာ ဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ ရည်ရွယ်ရာ၊ သွားလိုတဲ့နေရာကို ချောချောမွေ့မွေ့ ရောက်ဖို့က အရေးကြီးပါတယ်။ လူ့အသက်တွေ ဆုံးရှုံးမှုကနေ တတ်နိုင်တဲ့ဘက်က ကာကွယ်ပေးခြင်းဖြစ်ပါတယ်"ဟု ရဲမှူး ရဲကြည်က ဆက်လက်ပြောကြားသည်။

တစ်ပတ်လျှင် သုံးကြိမ် စစ်ဆေးမည်

အဆိုပါစစ်ဆေးမှုကို အမှတ်(၃) လမ်းဆုံတိုးလ်ဂိတ်၊ နေပြည်တော် တိုးလ်ဂိတ်၊ စကားအင်းတိုးလ်ဂိတ် စသည့် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးတွင် နေရာသုံးခု သတ်မှတ်၍ မိုဘိုင်းလ်စနစ်ဖြင့် တစ်ပတ်လျှင် သုံးကြိမ် ရွှေ့ပြောင်းစစ်ဆေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ စစ်ဆေးခြင်းနှင့် ပတ်သက်၍ မုံရွာမှ ရန်ကုန်သို့ သွားမည့် ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုမိုးက "ယာဉ်မတော်တဆမှုတွေ ဖြစ်နေကြတာမြင်နေ၊ တွေ့နေရတာ မကောင်းဘူး။ အခုလို စစ်ဆေးတော့ ယာဉ်မောင်းတွေလည်း အရှိန်ပြင်းပြင်း မမောင်းတော့ဘူး။ ထိန်းသိမ်းသွားတော့ အန္တရာယ်ကင်းဘေးရှင်းတာပေါ့။ ဒီလို စည်းကမ်းတကျလုပ်တာ ကောင်းပါတယ်။ စည်းကမ်းလိုက်နာနိုင်ရင်တော့ အသက်အန္တရာယ်လည်း ကင်းရှင်းသွားမှာပါ" ဟု ပြောသည်။

မိတ္ထီလာမှ ကျိုက်ထီးရိုး ဘုရားဖူးသွားမည့် လိုက်ထရပ်ယာဉ်မောင်း ကိုဖြူသိန်းက "အခုလို စစ်ဆေးတာ ပိုကောင်းပါတယ်။ ပိုပြီးစည်းကမ်း ရှိသွားတော့ ယာဉ်မောင်းတွေအတွက်ရော ခရီးသည်တွေအတွက်ပါ ဘေးကင်းလုံခြုံသွားပါတယ်"ဟု ဆိုသည်။

အရေးယူသွားမည်

ပညာပေးကာလကို တစ်လသတ်မှတ်ထားပြီး တွေ့ရှိချက်များကို တာဝန်ရှိသူ ယာဉ်မောင်းကို အသိပေးလက်မှတ်ရေးထိုးပြီး မှတ်တမ်းရယူထားကြောင်း၊ နောက်တစ်ကြိမ် ထပ်မံတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်-ရန်ကုန် ခရီးသည်တင်ယာဉ်မောင်း ကိုရန်နိုင်က "အခုလို စစ်လိုက်တော့ အကုန်လုံး ထိန်းထိန်းသိမ်းသိမ်း ဖြစ်သွားပါတယ်။ တချို့က စစ်နေတုန်း တစ်ချိန်ပဲ စည်းကမ်းရှိတာ။ မစစ်တော့ရင် ပြောင်းလဲသွားတဲ့အတွက် အမြဲတမ်းလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ယာဉ်မောင်းက လိုအပ်ချက်ရှိသလို ကားတွေ၊ လမ်းတွေကလည်း လိုအပ်ချက်ရှိမှာပဲ။ လမ်းမကောင်းဘူးဆိုရင်တောင် ယာဉ်မောင်းက အကုန်လုံးကို ထိန်းချုပ်ထားတဲ့အတွက် ကိုယ်က ထိန်းသိမ်းစွာနဲ့ မောင်းရင် ကိုယ့်ကားပေါ်မှာပါတဲ့ ခရီးသည်တွေ ဘေးကင်းလုံခြုံစွာ လိုရာခရီးရောက်မှာ ဖြစ်ပါတယ်"ဟု သုံးသပ်ပြောပြသည်။

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် အရှိန်ထိန်းဖမ်းစက်များနှင့် စစ်ဆေးဆောင်ရွက်လျက်ရှိသလို Alcohol Tester များနှင့်လည်း အရက်သေစာသောက်စားမှု ရှိ၊ မရှိ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

ထို့ပြင် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှု ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်လိုင်းများ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများ လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားပြီး လိုက်နာခြင်းမရှိသည့် ယာဉ်များကို အမြန်လမ်းတွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည် မဟုတ်ကြောင်းလည်း ကြေညာထားသည်။

အမြန်လမ်းတွင် သွားလာနေသည့် ပြည်သူများ ဘေးအန္တရာယ် မကျရောက်စေရန် အဓိကထား ဆောင်ရွက်နေခြင်းဖြစ်ပြီး ပညာပေးကာလဖြစ်သည့် အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လည်း အမြန်လမ်း မီးသတ်စခန်းကွပ်ကဲမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဌေး က ပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ယာဉ်မတော်တဆမှုပေါင်း ၄၇၄ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၀၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၈၄ ဦး ရှိခဲ့သည်။ ယခုနှစ် မေ ၂ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၁၃၇ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ နှစ်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦး ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

မဖြစ်ခင် ကြိုတင်ကာကွယ်

"စစ်ဆေးလုပ်ဆောင်နေတာတွေက ပြည်သူလူထုအတွက်ပါ။ မဖြစ်ခင် ကြိုတင်ကာကွယ်တာပါ။ ဒီလိုစစ်ဆေးပြီး လိုအပ်ချက်တွေကို ယာဉ်မောင်းတွေဘက်ကလည်း ပြင်မယ်ဆိုရင် ယာဉ်မတော်တဆမှုတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေကလည်း ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် လျော့ကျနိုင်မှာပါ။ သူတို့ လိုက်နာတဲ့ပေါ်မှာတော့ မူတည်တာပေါ့" ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရေးပေါ် လူနာတင်ယာဉ်အဖွဲ့ မန်နေဂျာ ဒေါ်နီနီမိုးက သုံးသပ်ပြောပြသည်။

သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ထန်းဖုန်

အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်နိုင်ရေး အဆုံးအဖြတ်ပွဲ မြန်မာနှင့် အိန္ဒိယ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၈

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို မေ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းအုပ်စုတွင် အုပ်စုဒုတိယနေ့ပြီးကတည်းက နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိသည့်အသင်းမှာ မြန်မာနှင့် အိန္ဒိယအသင်းတို့သာ ကျန်ရှိတော့ပြီး ခြောက်မှတ်စီဖြင့် အပြိုင်ဖြစ်နေခြင်းဖြစ်သည်။ နှစ်ပွဲစလုံးရှုံးထားသည့် နီပေါအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့မှာ ဂုဏ်သိက္ခာအတွက်သာ ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိန္ဒိယအသင်းနှင့် ရမှတ်တူနေသော်လည်း ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကစားရုံဖြင့် နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုခြေစစ်ပွဲတွင် တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာသလို ဒုတိယပွဲတွင် အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် အိန္ဒိယအသင်းထက် အသာရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နီပေါအသင်းကို သုံးဂိုး- တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အိန္ဒိယအသင်းမှာမူ အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ နီပေါအသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပလျက်ရှိပြီး ဒုတိယပွဲအပြီးတွင် အုပ်စု (ခ) ၌ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်၊ ဟောင်ကောင်နှင့် ဂျော်ဒန်အသင်းက တစ်မှတ်စီရထားသည်။ နောက်ဆုံးပွဲအဖြစ် ဗီယက်နမ်နှင့် ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်နှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြောက်မှတ်ရထားသည့် ဗီယက်နမ်အသင်းသည် အနိမ့်ဆုံးသရေကစားရုံဖြင့် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။ အုပ်စု (ဂ) တွင် တရုတ် (တိုင်ပေ) အသင်းက ခြောက်မှတ်၊ အီရန်နှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီရထားပြီး ပါလက်စတိုင်းအသင်းမှာမူ အမှတ်မရသေးပေ။

နောက်ဆုံးပွဲအဖြစ် တရုတ် (တိုင်ပေ)နှင့် အီရန်၊ ဖိလစ်ပိုင်နှင့် ပါလက်စတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နှစ်ပွဲစလုံးမှာ နောက်တစ်ဆင့်တက်ရေးအရေးပါနေကာ တရုတ် (တိုင်ပေ) အသင်းမှာမူ သရေကစားရုံဖြင့် တတိယအဆင့် တက်ရောက်မည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (က) ပွဲများကို ညနေ ၃ နာရီခွဲတွင် တစ်ပြိုင်နက် ကစားမည်ဖြစ်သည်။ မန္တလာသီရိကွင်း၌ အိမ်ရှင်မြန်မာနှင့် အိန္ဒိယ၊ ဗထူးကွင်း၌ နီပေါနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် International Challenge ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၈

မြန်မာ့လက်ရွေးစင် ကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် International Challenge ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကိုမေ ၉ ရက်မှ ၁၄ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ သက်ထားသူဇာ သည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရမည့် ကမ္ဘာ့အဆင့်ရရန်အတွက် ပြိုင်ပွဲများဆက်တိုက် ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ သက်ထားသူဇာသည် ယခုနှစ်ဆန်းပိုင်းတွင် ယူဂန္ဒာနှင့် ကင်ညာနိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့ပြီး မတ်လအတွင်းက နယူးဇီလန်နိုင်ငံ၌ ကျင်းပမည့် ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း ဗီဇာအခက်အခဲကြောင့် သွားရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။ သက်ထားသူဇာသည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် International Challenge ပြိုင်ပွဲ မတိုင်မီ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၏ အစီအစဉ်ဖြင့် ပြုလုပ်သည့် လေ့ကျင့်ရေးအစီအစဉ်များတွင် ပါဝင်ရန် မတ် ၂၆ ရက်ကတည်းက ဗီယက်နမ်နိုင်ငံသို့ ကြိုတင်သွားရောက်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ကြက်တောင်အားကစားမယ် သက်ထားသူဇာ လေ့ကျင့်နေစဉ်။
ဓာတ်ပုံ- ဖိုးသော်ဇင်

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် မတ်လဆန်းအထိ နိုင်ငံတကာပြိုင်ပွဲငါးခု ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲလေးခုတွင် အောင်မြင်မှု ရယူနိုင်ခဲ့သည်။ သက်ထားသူဇာသည် အောက်တိုဘာလတွင် အီဂျစ်နိုင်ငံ၌ ကျင်းပသည့် International Series ပြိုင်ပွဲတွင် ချန်ပီယံဆု၊ ဖေဖော်ဝါရီတွင် ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် International Series ပြိုင်ပွဲတွင် ချန်ပီယံဆု၊ ဖေဖော်ဝါရီနောက်ဆုံးပတ်မှ မတ်လဆန်းအထိ ကင်ညာနိုင်ငံ၌ ကျင်းပသည့် Future Series ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့ပြီး ဒီဇင်ဘာတွင် နီပေါနိုင်ငံ၌ ကျင်းပသည့် International Series ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည်။ **ညီမြတ်သော်တာ**

မေ ၇ ရက်က နေပြည်တော်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(၂၁)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ထူးချွန်ဆုရ ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး/ တာချီလိတ်) က ၎င်းဆုရရှိငွေကျပ်တစ်သိန်းကို မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အတွက် ပြန်လည်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးတင်ဝင်း(တင်ဝင်းလေး/ ကြည့်မြင်တိုင်)နှင့် တာဝန်ရှိသူများက လက်ခံစဉ်။
ကိုကြီးတင်

တရုတ် ယူ- ၁၆ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာယူ- ၁၅ အသင်း ထပ်မံရှုံးနိမ့်

ရန်ကုန် မေ ၈

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ တရုတ် ယူ- ၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ- ၁၅ အသင်းသည် တာဂျစ်ကစ္စတန် ယူ- ၁၆ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးနှင့် ဒုတိယပိုင်းတွင် သုံးဂိုးပေးလိုက်ရသောကြောင့် ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် တာဂျစ်ကစ္စတန် ယူ- ၁၆ အသင်းသည် နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပွဲတွင်လည်း ကာဂျစ္စတန်ကို ရှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာယူ- ၁၅ အသင်းသည် ခြေစွမ်းမြင့်မားသည့် အသင်းများနှင့် ယှဉ်ပြိုင်နေရသည့်အပြင် ပြိုင်ဘက်အသင်းများထက် အသက်တစ်နှစ်ငယ်သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် ခြေစွမ်းပိုင်း ကွာဟမှုရှိသည်။ မြန်မာယူ- ၁၅ အသင်းသည် အုပ်စု နောက်ဆုံးပွဲအဖြစ် မေ ၁၀ ရက်တွင် ကာဂျစ္စတန်ယူ- ၁၆ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **ရဲရင့်ရှိုင်း**

သဘာဝဘေးကြောင့် အိုးအိမ်များထိခိုက်ပျက်စီးမှုအတွက် ထောက်ပံ့ကူညီပေးလျက်ရှိ

နေပြည်တော် မေ ၈

မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မေ၆ရက်နှင့် ၇ရက်က လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် နေအိမ်၂၀၉လုံးနှင့် ဘာသာရေးအဆောက်အအုံနှစ်လုံး အမိုးအကာများ ပျက်စီးခဲ့သဖြင့် အဆိုပါ ပျက်စီးမှုများအတွက် ၉၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးဖြစ်ပေါ်မှုများကြောင့် မေ ၆ ရက်နှင့် ၇ ရက်တို့၌ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် နေအိမ် ၇၂ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နှင့် ကသာမြို့နယ်တို့တွင် နေအိမ် ၁၃၇လုံး၊ ဘာသာရေးအဆောက်အအုံနှစ်လုံးတို့ ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများမှ တာဝန်ရှိသူများက ဘေးသင့်နေရာများသို့ အမြန်ဆုံး သွားရောက်ထောက်ပံ့ပေးလျက်ရှိရာ ငွေသားနှင့်ပစ္စည်းစုစုပေါင်း ငွေကျပ် ၉၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ နွေရာသီကာလ မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ လေပြင်းများတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့ဖြစ်ပွားတတ်သဖြင့် အထူးသတိပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇- ၃၄၀၄၆၆၆နှင့် ၀၆၇- ၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၈

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း မွန်ဘာသာဖြင့်ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို မေ ၁၇ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ပေါ့ဂ်ဘာအား ဘာနေဗျူးသို့ ခေါ်ယူဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်နေ

ရီးရဲမက်ဒရစ်အသင်းသည် ပေါ့ဂ်ဘာ၏ အေးဂျင့်ဖြစ်သူ ရိုင်အိုလာအနေဖြင့် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ (၂၆နှစ်) အား ဘာနေဗျူးသို့ ခေါ်ယူဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်နေကြောင်း မာကာဒေ့ါကွန်းတွင် ဖော်ပြထားသည်။

အာဆင်နယ် အဆင့် ၃ နေရာ တက်လှမ်းနိုင်မည့်အခွင့်အရေး အသုံးမချနိုင်

မေ ၈ ရက်နံနက်ပိုင်းက ပရီမီယာလိဂ်ပွဲစဉ် ၃၃ လက်ကျန်ပွဲစဉ်အဖြစ် အဲဗာတန်နှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ယခုပွဲအနိုင်ရရှိခဲ့လျှင် အဆင့် ၃ နေရာအထိ တက်လှမ်းနိုင်မည်ဖြစ်သော်လည်း ထိုအခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။

ကလော့ဂ် အန်းဖီးလ်၌ နောက်ထပ် သုံးနှစ်နေလို

လီဗာပူးနည်းပြ ကလော့ဂ်သည် ၎င်းအနေဖြင့် အန်းဖီးလ်၌ အနည်းဆုံး နောက်ထပ်သုံးနှစ်နေလိုသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ချယ်လ်ဆီးဂိုးသမား ကီပါအား ရီးရဲမက်ဒရစ် ကမ်းလှမ်းမှုပြုလုပ်ဖွယ်ရှိ

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ စပိန်ဂိုးသမား ကီပါ (၂၄နှစ်) အား ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကော်တင်ဟို ပရီမီယာလိဂ်သို့ ပြန်လာရန်အစီအစဉ်မရှိ

လက်ရှိ ဘာစီလိုနာအသင်းတွင် ကစားလျက်ရှိသော လီဗာပူးကွင်းလယ်ကစားသမားဟောင်း ကော်တင်ဟို (၂၆နှစ်) သည် ပရီမီယာလိဂ်သို့ ပြန်လာရန်အစီအစဉ်မရှိကြောင်း မေရာတွင် ဖော်ပြထားသည်။ ဘရာဇီးကစားသမား ကော်တင်ဟိုသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

အက်ဖ်အေဖလားဖိုင်နယ်ပွဲ မန်စီးတီးနှင့် ဝက်ဖို့ဒ်တို့ ယှဉ်ပြိုင်မည်

မေ ၈ ရက် နံနက်ပိုင်းက အင်္ဂလန်အက်ဖ်အေဖလား အကြိုဖိုင်နယ်ပွဲစဉ်အဖြစ် ဝက်ဖို့ဒ်အသင်းနှင့် ဝုဗ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်ဖို့ဒ်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် အက်ဖ်အေဖလား ဖိုင်နယ်ပွဲစဉ်အဖြစ် မေ ၁၈ ရက်တွင် မန်စီးတီးအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းလည်း သိရသည်။

အောင်ဇော်

ဟိုင်းကြီးကျွန်းမြို့၌ ဆင်ပစ်မုဆိုးသုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ဟိုင်းကြီးကျွန်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ညောင်ဝိုင်းကျေးရွာအုပ်စု (မဲခရဲ သစ်တောကြိုးဝိုင်းအတွင်း) ဒေသအခေါ် သစ်စိမ့်ချောင်းဝ၌ ယနေ့နံနက်က ဆင်ပစ်မုဆိုးများ ရောက်ရှိနေကြောင်း သတင်းအရ သစ်တောဦးစီးဌာနက တောအုပ် ဦးနိုင်ဝင်းနှင့် ကျုံကူးနယ်မြေ ရဲစခန်းမှ ဒုရဲအုပ် လှိုင်ဝင်းတို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သက်သေခံပစ္စည်းများနှင့်အတူ ဆင်ပစ်မုဆိုးသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ သုံးဦးမှာ အောင်မင်္ဂလာရပ်ကွက် လှိုင်သာယာမြို့နယ်နေ အောင်လင်း၊ ဟိုင်းကြီးကျွန်းမြို့ ဂျိတ်ကွင်းကျေးရွာနေ ဇင်မောင်မောင်(ခ) ပေါက်ရှည်နှင့် စမ်းနားကျေးရွာနေ မင်းဇော်တို့ဖြစ်ကြောင်း သိရသည်။

အောင်လင်း၊ ဇင်မောင်မောင်၊ မင်းဇော်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

၎င်းတို့သုံးဦးနှင့်အတူ ပြောင်းဝ တစ်လက်မ၊ လုံးပတ် သုံးလက်မ၊ ပြောင်းအရှည် ၃၆ လက်မ၊ သစ်သားဒင် ၂၈ လက်မ၊ အပေါ်ကျည်ရိုက်မီးပါ တူမီးသေနတ် တစ်လက်၊ အရိုးအသွား ၁၅ လက်မခွဲခန့် ဓားတစ်ချောင်း၊ အရိုးအသွား ၁၇ လက်မခွဲခန့် ဆင်ဦးစီးဓားတစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့သုံးဦးကို ကျုံကူးနယ်မြေ ရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

ရေဖြူနှင့် မရမ်းကုန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

ကလိန်အောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်က ရေဖြူမြို့နယ် လော့သိုင်းကျေးရွာအုပ်စု ကျွဲတလင်းကျေးရွာနေ ရွှေထုပ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား၊ နေအိမ်အတွင်းမှ လုပ်သေနတ် နှစ်လက်၊ ခဲယမ်းမျိုးစုံ အတောင့်၅၀၊ ကျည်ခွံ ၁၁ ခု၊ တူမီးသေနတ် တစ်လက်နှင့် ခဲသီးမျိုးစုံ အလုံး ၄၀ တို့ကိုသိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန် (အရှေ့) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံ City Mart အနီး၌ ဇော်ဝင်းနိုင် (ခ) စတီဗင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ အိုက်စ် ၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ မြေညီထပ်ရှိ ဇော်ဝင်းနိုင်(ခ)စတီဗင်၏ နေအိမ်ကို ရှာဖွေရာ အိုက်စ် ၁ ဒသမ ၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ဇော်ဝင်းနိုင် (ခ) စတီဗင် အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၉-၅-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၆း၄၅ - "အလောင်းစည်သူမင်းရဲ့ ကောင်းမှုတော်သမိုင်းဝင် လိုတရ သာရက္ခန်ရွှေဂူ မြတ်စွာဘုရား"
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန"
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၂၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဘာကြောင့်လဲ" ၄က်ပျောကြော်၊ သဇင်၊ ဒေါ်ခင်ခင်ကြီး ဒါရိုက်တာ- မိုက်တီး
- ၁၄း၂၀ - Yes or No Talk Show
- ၁၄း၄၅ - **Women's Olympic Football Tournament Tokyo 2020 Asian Qualifiers Rounds 2 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် အိန္ဒိယအသင်း)**

ညပိုင်း

- ၁၇း၀၅ - ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး "ထန်းတောနယ်မှ အိုးစည်သံ"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၈း၂၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အကယ်ဒမီကျော်ကျော်ဗို)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၉၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပညာရေးဝန်ကြီးဌာန"
- အနုပညာခန်းရိပ်သာ "တက္ကသိုလ်လဲ့လဲ့နှင့် တွေ့ဆုံခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၂၃)

ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ၌ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ၇ ဦးသေဆုံးမှုအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်မည်

နေပြည်တော် မေ ၈

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ၌ မေ ၅ ရက် နံနက်ပိုင်းက စစ်သည် နှစ်ဦးက ဆိုင်ကယ်ငှားရမ်းရာမှ အချင်းများပြီး ကိုင်ဆောင်လာသည့် လက်နက်ငယ်ဖြင့် ပစ်ခတ်သဖြင့် အရပ်သား ခုနစ်ဦး သေဆုံးခဲ့ကာ တစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၃ နာရီခွဲခန့်တွင် ဘုရားသုံးဆူ - သံဖြူဇရပ် ကားလမ်းဘေး အနန်းကွင်းကျေးရွာ အနောက်ဘက်ရှိ ကမ္ဘာရှားကားဝပ်ရှော့၌ စစ်သည် နှစ်ဦးက ဆိုင်ကယ်ငှားရမ်းရာမှ အချင်းများကာ ကိုင်ဆောင်လာသည့် လက်နက်ငယ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် အဆိုပါ ကားဝပ်ရှော့မှ ဦးမျိုးနောင်၊ ဦးစောနောင်၊ ဦးစိုးနောင်၊ ဒေါ်မိရှမ်း၊ မောင်အနက်(ခ) ကောင်းခန့်၊ မရှွန်းသဒ္ဒါမောင်(ခ) မလိုကာရားနှင့် မဝါချိဒါးတို့ ခုနစ်ဦးမှာ လက်နက်ငယ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ ဒေါ်မိပို(ခ)တင်ဇာလွင်မှာ ဝဲဘက်နံစောင်း၌ လက်နက်ငယ် ကျည်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း။

အဆိုပါ လက်နက်ဖြင့် ခွင့်မဲ့စစ်သည် နှစ်ဦးအား ပြန်လည်ဖမ်းဆီးရမိစေရေး ထွက်ပြေးနိုင်သည့် လမ်းကြောင်းများကို ပိတ်ဆို့စေပြီး အနန်းကွင်းကျေးရွာ လုံခြုံရေးတပ်စခန်းရှိ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနဆိုင်ရာများ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ တပ်မတော်လုံခြုံရေးစစ်ကြောင်းများဖြင့်ပူးပေါင်း၍ လိုက်လံရှာဖွေခဲ့ရာ ယင်းနေ့ ညနေ ၆ နာရီခွဲခန့်တွင် တပ်သားမြင့်ဝေအား ဖာရာကျေးရွာ လမ်းဆုံ၌ လည်းကောင်း၊ မေ ၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တပ်သားငြိမ်းချမ်းအား အနန်းကွင်းကျေးရွာ အထွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း ၎င်းတို့ ကိုင်ဆောင်သည့် လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်ခဲ့သည့် စစ်သည် နှစ်ဦးအား လက်နက်ဖြင့် ခွင့်မဲ့ပျက်ကွက်မှု၊ အရက်သေစာ သောက်စားမူးယစ်မှုစသည့် စည်းကမ်းဖောက်ဖျက်မှုတို့အတွက် စစ်တရားရုံးဖြင့်ပွင့်လင်းမြင်သာစွာ ထိထိရောက်ရောက် စစ်ဆေးအရေးယူ အပြစ်ပေးသွားမည်ဖြစ်ပြီး လူခုနစ်ဦးအား သတ်မှုနှင့် လူတစ်ဦးအား အပြင်းအထန် ဒဏ်ရာရရှိစေမှုတို့ကို အရေးယူနိုင်ရန်အတွက် တပ်မတော်အက်ဥပဒေ ပုဒ်မ ၇၂ အရ နယ်ဘက် တရားရုံးသို့ လွှဲပြောင်း စစ်ဆေးစီရင်စေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

မြဝတီမြို့နယ်၌ ကော်စေ့ထည့်ပစ်ခတ်ရသည့် သေနတ်များဖမ်းဆီးရမိ

သဃ်န်းညီနောင် မေ ၈

ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်စစ်ဆေးရေးဂိတ်၌ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တစ်စီးအား စစ်ဆေးစဉ် ကော်စေ့ထည့်၍ ပစ်ခတ်ရသည့် သေနတ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေပိုင်းက သဃ်န်းညီနောင် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ မြဝတီမြို့(၃) ရပ်ကွက်နေ ခွန်ကျော်သက်ခိုင် (၃၃)နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် တစ်ရပ်ကွက်တည်းနေ မင်းထွန်းနိုင် (၃၉)နှစ်ပါ ခြောက်ဦး လိုက်ပါလာသည့် 3M/---- နှစ်ဆန်းကာရာဗန်ယာဉ်ကို စစ်ဆေးရာ ယာဉ်နောက်ခန်းမှ ထိုင်းနိုင်ငံလုပ် ကော်စေ့ထည့် ပစ်ခတ်ရသော သေနတ် အရှည် နှစ်လက်၊ အတိုလေးလက်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပစ္စည်းများကို မင်းထွန်းနိုင်က ယူဆောင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းကို သဃ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)

ဝိုင်းမော်မြို့နယ်တွင် ယာဉ်သုံးစီးဆင့်ကဲတိုက် နှစ်ဦးဒဏ်ရာရ

နေပြည်တော် မေ ၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာ ဝိုင်းမော်-မြစ်ကြီးနား ကားလမ်းတွင် မေ ၇ ရက် ည ၇ နာရီ ၄၅ မိနစ်က မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာနေ ဦးမိုးနောင် (၅၃နှစ်) မောင်းနှင်လာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာ အရှေ့ဘက် လားရာတူ ရှေ့မှ ရွှေညောင်ပင်ကျေးရွာနေ ဒိန်းအောင် (၃၁နှစ်) မောင်းနှင်နေသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိ တိမ်းမှောက်စဉ် မြစ်ကြီးနားမြို့ယုဇနရပ်ကွက်နေ ဟယ်ရီမင်းဆန်း(၂၃နှစ်) မောင်းနှင်လာသော 1N/---- ဟာရီယာယာဉ်က အရှိန်မထိန်းနိုင်ဘဲ ထပ်မံဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဒိန်းအောင်နှင့် ဦးမိုးနောင်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဦးမိုးနောင်နှင့် ဟယ်ရီမင်းဆန်းတို့ နှစ်ဦးကို ဝိုင်းမော်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မင်းလှ၌ ငွေကျပ် ၃၅ သိန်းခိုးယူသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

မင်းလှ မေ ၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ဝဇီရာရပ်ကွက် ဝဇီရာလမ်း၌ နေအိမ်အတွင်းထားရှိသော ငွေကျပ် ၃၅ သိန်းခိုးယူခံရသဖြင့် စစ်ကွင်းနယ်မြေရဲစခန်းသို့ မေ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က တိုင်ကြားခဲ့ရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝဇီရာလမ်းနေ ဦးတင်ဦးနှင့် ဇနီးဒေါ်မေမြတ်ဆွေတို့၏ နေအိမ်အောက်ထပ် ခုတင်အောက်တွင်ထားရှိသော ငွေကျပ် ၃၅ သိန်းသည် မေ ၅ ရက်ညပိုင်းက ခိုးယူခံရသဖြင့် မေ ၇ ရက်ကတိုင်ကြားရာ စစ်ကွင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့် တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ခိုးယူသွားသူမှာ ဝဇီရာလမ်းနေ နိုင်လင်းအောင်(၁၉နှစ်) ကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းနှင့်အတူ ခိုးယူသွားသောငွေကျပ် ၃၅ သိန်းဖြင့်ဝယ်ယူထားသော ပစ္စည်းများနှင့် ငွေကျပ် ၁၁ သိန်းကို သိမ်းဆည်းရမိသဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

ကချင်ပြည်နယ်၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်မှ ၇ ရက်အထိ တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးရေး ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရွာသာရွာအနီး ရဲရွာ-ဘဲလင်းလမ်း မိုင်တိုင်အမှတ် ၂၀/၁ နေရာ၌ တရားမဝင်ကျွန်း၊ အင်ကြင်းသစ် ၉၂လုံး (၂၂ ဒသမ ၇၀၀၄)တန် တင်ဆောင်ထားသော မော်တော်ယာဉ် လေးစီး၊ ဆိုင်ကယ် တစ်စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ဆက်စပ် ဈော်ဘာခြံများနှင့် ရွှေစက်ရပ်ကွက်အတွင်း တရားမဝင် ကညင်၊ ကြေးလံ၊ ကံ့ကော်ဖို၊ ခလောင်၊ မအူ အစရှိသည့် သစ်လုံး/သစ်ခွဲသားစုစုပေါင်း ၂၉၆ ဒသမ ၇၄၄၄ တန်ခန့်နှင့် သစ်တင်ယာဉ် နှစ်စီးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် သမ္ဘူလကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်အကွာတွင် တရားမဝင်ပိတောက်ခွဲသား ၁၁၁ ချောင်း (၄ ဒသမ ၁၃၇၂) တန်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှု ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှသိရသည်။ **မောင်လူမော်**

နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့ဂွန်းစ်ကို ကုမ္ပဏီ၏ ဘုတ်အဖွဲ့မှ ထုတ်ပယ်

တိုကျို မေ ၈

နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့ဂွန်းစ်ကို နစ်ဆန်းကုမ္ပဏီမှ အစုစပ် ရှယ်ယာရှင်များက ကုမ္ပဏီ၏ ဘုတ်အဖွဲ့မှ ထုတ်ပယ်လိုက်ကြောင်း သိရသည်။ ဂွန်းစ်အနေဖြင့် ဆယ်စုနှစ် နှစ်ခုနီးပါးကြာအောင် တာဝန်ဆောင်ရွက်ခဲ့မှုများ အဆုံးသတ်သွားပြီ ဖြစ်သည်။

အစုစပ် ရှယ်ယာရှင်များ၏ အထူးအစည်းအဝေး၌ နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌလည်းဖြစ် ကုမ္ပဏီ အမှုဆောင်ချုပ်လည်း ဖြစ်သည့် ဆိုက်ကာဝါက ကားလို့ဂွန်းစ်နှင့် ပတ်သက်သည့် ငွေကြေးအလွဲသုံးစား ပြုလုပ်မှုဆိုင်ရာ စွပ်စွဲချက်များ ပေါ်ပေါက်စေခဲ့သည့် ကိစ္စရပ်များအတွက် တောင်းပန်စကားဆိုခဲ့သည်။

ဆိုက်ကာဝါက မမှန်မကန်ပြုလုပ်ခဲ့မှုများကို ပါးနပ်စွာ ကိုင်တွယ်ဆောင်ရွက်ရန် လစ်ဟင်းခဲ့ခြင်း၊ ယခင်ကနှင့် ယခုလက်ရှိ စီမံခန့်ခွဲဆောင်ရွက်မှုများနှင့် ပတ်သက်၍ ၎င်းတို့တွင် အလွန်တာဝန်မကင်းကြောင်း ပြောကြားခဲ့သည်။

နစ်ဆန်းကုမ္ပဏီ၏ ဘုတ်အဖွဲ့မှ ထုတ်ပယ်ခံလိုက်ရသည့် ကားလို့ဂွန်းစ်။

မော်တော်ကားထုတ်လုပ်ရေးတွင် အများပြည်သူ၏ ယုံကြည်မှုကိုပြန်လည်ရယူနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်ဟု ဆိုက်ကာဝါက ပြောကြားသည်။ သို့သော်လည်း အစုစပ်ရှယ်ယာရှင်အချို့က ထိုမျှဖြင့် လုံလောက်မည်မဟုတ်ဘဲ မန်နေဂျာချုပ်များအနေဖြင့် ယခုထက်ပိုမိုတာဝန်ယူသင့်ကြောင်း တိုက်တွန်းခဲ့ကြသည်။

အစုစပ်ရှယ်ယာဝင်များက ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်သစ်အနေဖြင့် ရေးနော့ကုမ္ပဏီ ဥက္ကဋ္ဌ ဂျိန်းဒေါ့မနစ်ဆီနာ့ဒ်ကို ခန့်အပ်ခဲ့သည်။ ငွေကြေးအလွဲသုံးစား ပြုလုပ်မှုဖြင့် အလားတူစွဲချက်တင်ခံထားရသည့် ကားလို့ဂွန်းစ်၏ လက်ထောက်ဖြစ်သူ ဂရက်ကယ်လီကိုလည်း ဘုတ်အဖွဲ့က ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

အေအက်ဖ်ပီ

လစ်ဗျားမြို့တော်အနီးတွင် တိုက်ပွဲများပြင်းထန်လျက်ရှိ

ထရီပိုလီ မေ ၈

လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ လက်နက်ကိုင်အုပ်စုများသည် နိုင်ငံမြို့တော် ထရီပိုလီအနီးတွင် ပြင်းထန်သည့်တိုက်ပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထရီပိုလီရှိ ကြားဖြတ်အစိုးရတပ်ဖွဲ့ဝင်များနှင့် အပြင်းအထန်တိုက်ပွဲ ဖြစ်ပွားနေခြင်းဖြစ်ပြီး ကုလသမဂ္ဂက တိုက်ပွဲများရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ ထရီပိုလီမြောက်ပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်မှုကြောင့် မေ ၇ ရက်တွင် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ အနောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသော အစိုးရနှင့် အရှေ့ပိုင်းတွင် စင်ပြိုင်အစိုးရတို့အချင်းချင်း အားပြိုင်လျက်ရှိပြီး နိုင်ငံမှာ နှစ်ခြမ်းကွဲလျက်ရှိသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း တိုင်းပြည်ကို ကာလရှည်ကြာ အုပ်ချုပ်ခဲ့သည့် မိုဟာမက်ကဒါဖီကို ဖြုတ်ချခဲ့ပြီးနောက် တိုင်းပြည်အတွင်း မငြိမ်သက်မှုများ ပေါ်ပေါက်ခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်ကလည်း အရှေ့ပိုင်း အခြေစိုက် ခါလစ်ဖာ ဟတ်ဖာဦးဆောင်သည့် လစ်ဗျားအမျိုးသားရေးတပ်ဖွဲ့သည် နိုင်ငံအနောက်ပိုင်းသို့ ထိုးစစ်များဆင်နွှဲခဲ့ပြီး ထရီပိုလီမြို့ပြင်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထရီပိုလီမြို့တောင်ပိုင်းရှိ ဒဏ်ရာရရှိသူများကို ကယ်ထုတ်ရန်နှင့် အရပ်သားများကို အကူအညီပေးရန်အတွက် တိုက်ပွဲများ ရပ်ဆိုင်းရန် ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။ သို့သော် နှစ်ဖက်စလုံးမှ အကြောင်းမပြန်ခဲ့ပေ။ အမေရိကန်ပြည်ထောင်စုက ၎င်းတို့၏တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခဲ့ပြီးနောက် လစ်ဗျားနိုင်ငံ၌ အခြေအနေများ ပိုမိုဆိုးရွားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

လက်ဘနွန်နိုင်ငံမှ ဆီးရီးယားနိုင်ငံသားများ နေရပ်ပြန်

ဘေရွတ် မေ ၈

လက်ဘနွန်နိုင်ငံရှိ နေရာအတော်များများမှ ဆီးရီးယားဒုက္ခသည်များ ရာနှင့်ချီ၍ မေ ၈ ရက်တွင် နေရပ်သို့ပြန်ကြပြီဖြစ်ကြောင်း အမျိုးသားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံ၏ အထွေထွေလုံခြုံရေးဌာန၏ အကူအညီနှင့်အတူ ဆီးရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ထောက်ပံ့ပေးမှုဖြင့် ဆီးရီးယားဒုက္ခသည်များသည် ဘတ်စ်ကားများဖြင့် နေရပ်ပြန်ကြခြင်းဖြစ်သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များက ဆီးရီးယားနေရပ်ပြန်များကို ကြီးကြပ်ခဲ့ကြောင်းသိရသည်။

ကုလသမဂ္ဂမူဘောင်အတွင်း အလုပ်လုပ်ကိုင်ကြသောအဖွဲ့များက ဆီးရီးယားနေရပ်ပြန်များ၏ကလေးများကို ကာကွယ်ဆေးများတိုက်ကျွေးခဲ့ကြောင်း သိရသည်။ လက်ဘနွန်နိုင်ငံတွင် ဒုက္ခသည်အဖြစ်မှတ်ပုံတင်ထားကြသည့် ဆီးရီးယားလူမျိုးများ တစ်သန်းကျော်ခန့်ရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မှတ်တမ်းများအရ သိရသည်။ **ဆင်ဟွာ**

ဆူဒန်၌ ဆန္ဒပြသူများက သမ္မတနုတ်ထွက်ရေး ဖိအားပေးနေသည့်အတွက် တပ်ဖွဲ့ဝင်များချထားရ

ခါတွန် မေ ၈

ဆူဒန်၌ ထောင်နှင့်ချီသော ဆန္ဒပြပြည်သူများသည် အစိုးရကိုဆန့်ကျင်သည့် ကြွေးကြော်မှုများပြုလုပ်လျက်ရှိပြီး သမ္မတ အိုမာအယ်လ်ဘာရှာ နုတ်ထွက်ရေးတောင်းဆိုရာတွင် တပ်မတော်က ၎င်းတို့အား ကူညီပံ့ပိုးပေးရန် တိုက်တွန်းနေသည်ဖြစ်ရာ ဆူဒန်တပ်မတော်သည် ခါတွန်ရှိ ၎င်းတို့၏ဌာနချုပ်၌ တပ်ဖွဲ့ဝင်များချထားလျက်ရှိကြောင်း သိရသည်။

သမ္မတနုတ်ထွက်ရေးဆန္ဒပြတောင်းဆိုမှုများ သုံးရက်မြောက်နေ့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။ ဆူဒန်နိုင်ငံတစ်လွှား၌ ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ဆန္ဒပြမှုများပေါ်ပေါက်ခဲ့ပြီး အင်အားကြီးသည့် အမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုအဖွဲ့နှင့် အဓိကရုဏ်းရဲများက ဆန္ဒပြပြည်သူများကို နှိပ်ကွပ်ခဲ့သည်။ သို့သော် တပ်မတော်မှ ကြားဝင်စွက်ဖက်မှုမရှိခဲ့ပေ။

အေအက်ဖ်ပီ

ကိုရီးယားအဲလေကြောင်းလိုင်း အကြီးအကဲ ချိုယန်ဟို ကွယ်လွန်

ဆိုးလ် မေ ၈

ကိုရီးယားအဲလေကြောင်းလိုင်း အကြီးအကဲ ချိုယန်ဟိုသည် နာတာရှည်ရောဂါဖြင့် အသက် ၇၀ အရွယ်တွင် အမေရိကန်ပြည်ထောင်စု၌ ကွယ်လွန်သွားခဲ့ပြီဟု သိရသည်။ လေကြောင်းလိုင်းကုမ္ပဏီဘုတ်အဖွဲ့မှ ဖြုတ်ချခံရပြီး နှစ်ပတ်အကြာ မေ ၇ ရက်တွင် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ ချိုယန်ဟိုသည် ကိုရီးယား အဲလေကြောင်းလိုင်း အပါအဝင် အခြားသော ကုမ္ပဏီအုပ်စု ပါဝင်သည့် ဟန်ကျင်းကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်မှ စတင်ကာ ၎င်းကို ယုံကြည်မှု ချိုးဖောက်မှုအပါအဝင် အခြားသော ရာဇဝတ်မှု စွပ်စွဲချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။

ဥက္ကဋ္ဌချိုအား ဆန့်ကျင်ကြသူများကို တွေ့ရစဉ်။

ချို၏ အကြီးဆုံး သမီးဖြစ်သူသည် ၂၀၁၄ ခုနှစ်က ကုမ္ပဏီဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်း ဆောင်ခဲ့စဉ်က လေယာဉ်မယ်တစ်ဦး၏ ဝန်ဆောင်မှုကို သဘောမကျသောကြောင့် လေယာဉ်မပျံသန်းမီ ဂိတ်ပေါက်သို့ ပြန်လှည့်ခိုင်းသည့်အတွက် လေယာဉ်ထွက်ချိန် မိနစ် ၂၀ ခန့် နောက်ကျခဲ့ရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် ကိုရီးယားအဲလေကြောင်းလိုင်းမှာ ပြင်းထန်သည့်ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ကုမ္ပဏီဝန်ထမ်းများအပေါ် ဆက်ဆံပုံမပြေပြစ်သည့်အတွက်လည်း ချို၏ မိသားစုဝင်များ သတင်းမှာ အများကြား ပျံ့နှံ့နေခဲ့သည်။ လွန်ခဲ့သည့် လကလည်း ရှယ်ယာရှင်များသည် မစ္စတာချိုထံမှ ကိုရီးယားအဲလေကြောင်းလိုင်း ထိန်းချုပ်ခွင့် ပြန်လည်ရုပ်သိမ်းရန် မဲပေးဆုံးဖြတ်မှုများ ပြုလုပ်ခဲ့သည်။ ကုမ္ပဏီ၏ပုံရိပ်ကို ဖျက်ဆီးသည်ဟူသော စွပ်စွဲချက်များနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ အစည်းအဝေးရလဒ်များအပြီး ချိုမှာ စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုရခဲ့၍ လည်းကောင်း၊ စိတ်ဖိအားများ၍ လည်းကောင်း ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားခဲ့သည်ဟု ချိုနှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှ ပြောကြားသည်ကို ယွန်ဟပ်သတင်းဌာနတွင် ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

အမေရိကန်အမိမြေလုံခြုံရေးအကြီးအကဲ နယ်လ်ဆန် ရာထူးမှနုတ်ထွက်

ဝါရှင်တန် မေ ၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမိမြေလုံခြုံရေးအကြီးအကဲ ခရစ်ဂျန် နယ်လ်ဆန် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အမေရိကန် တောင်ပိုင်းနယ်စပ်တွင် တရားမဝင်ဖြတ်ကျော်မှုများ များပြားလာချိန်၊ လူဝင်မှုကြီးကြပ်ရေးမူဝါဒများ တင်းကျပ်လာချိန်တွင် ယခုလိုဖြစ်လာခဲ့ခြင်းဖြစ်သည်။

နယ်လ်ဆန်၏နုတ်ထွက်မှုသည် သမ္မတထရမ့်နှင့် ၎င်းတို့ကြားပဋိပက္ခများ အဆုံးသတ်သွားချိန်လည်းဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်သည် နယ်လ်ဆန်၏ လုပ်ပုံကိုင်ပုံကို သဘောမကျသူလည်းဖြစ်သည်။

အမိမြေလုံခြုံရေးဌာနတွင် နယ်လ်ဆန် ဦးဆောင်ခဲ့သည်မှာ ၁၈ လကြာမြင့်ပြီးသည့်နောက် ရွှေ့ပြောင်းနေထိုင်သူများ၏ကလေးများကို မိဘများနှင့်ခွဲထားသည့် အစီအစဉ်ပေါ်ပေါက်လာခဲ့ပြီး ဒီမိုကရက်တစ်တို့က ၎င်းကိုအပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။

ထို့ပြင် ၎င်းကိုရာထူးမှ နုတ်ထွက်သွားရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ကြသည်။ “အမိမြေလုံခြုံရေးအကြီးအကဲ နယ်လ်ဆန်ဟာ သူ့ရဲ့ရာထူးကနေ နုတ်ထွက်သွားတော့မှာပါ။ သူတာဝန်ထမ်းဆောင်ခဲ့တဲ့ကာလအတွက် ကျေးဇူးတင်ပါတယ်”ဟု ထရမ့်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

အမေရိကန်အကောက်ခွန်နှင့် နယ်စပ်လုံခြုံရေးဌာနမှ အကြီးအကဲ ကီဗင်မက်အလီနန်သည် အမိမြေလုံခြုံရေးဌာန၏အကြီးအကဲဖြစ်လာမည်ဖြစ်သည်။ “အမိမြေလုံခြုံရေးဌာန၏ လုပ်ဆောင်မှုများ တစ်ခေတ်ဆန်းချိန်တွင် ကျွန်မအတွက်ကတော့ ဒီအချိန်ဟာ နေရာကနေဖယ်ပေးဖို့ အချိန်ကောင်းပဲဖြစ်တယ်”ဟု နယ်လ်ဆန်က ပြောသည်။ သမ္မတ ထရမ့်နှင့် နယ်လ်ဆန်တို့ ကယ်လီဖိုးနီးယားရှိ မက္ကဆီကိုနယ်စပ်သို့ရောက်ရှိခဲ့ပြီး နှစ်ရက်အကြာတွင် ယခုလို ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ

အမေရိကန်အမိမြေလုံခြုံရေးအကြီးအကဲ နယ်လ်ဆန်။

နိုင်ငံတကာ သတင်းတိုထွာ

အာဖဂန်အနောက်ပိုင်း၌ တာလီဘန်တို့က လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးကို သတ်ဖြတ်

ကဘူးလ် ဧပြီ ၈

ပြီးခဲ့သည့် ၄၈ နာရီအတွင်း အာဖဂန် အနောက်ပိုင်းပြည်နယ် ဘက်ဂစ်၌ ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း တာလီဘန် တိုက်ခိုက်ရေးသမားများက အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးကို သတ်ဖြတ်လိုက်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာန က ဧပြီ ၈ ရက်တွင် ဖော်ပြခဲ့သည်။

အပြင်းအထန်တိုက်ခိုက်

အာဖဂန်တပ်ဖွဲ့ဝင်များအား ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် တာလီဘန်တိုက်ခိုက်ရေးအဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဘာလာမာဂက်ဘ်မြို့အနီးရှိ အစိုးရစခန်းများကို အပြင်းအထန်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေး စစ်ဆေးရေးဂိတ်အချို့ကို သိမ်းပိုက်ခဲ့သည်။

စစ်ဆင်ရေးတိုက်ပွဲအတွင်း အာဖဂန် အမျိုးသားတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦးတို့ ကျဆုံးခဲ့မှုကို ဝမ်းနည်းကြေကွဲစွာ ကြေညာကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ဖော်ပြချက်တွင် ပါရှိသည်။ တာလီဘန်အကြမ်းဖက်အုပ်စု ၉၉ ဦးကို ချေမှုန်းခဲ့သည့် ယင်းတိုက်ပွဲအတွင်း အခြားစစ်သည် ၁၀ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၄ ဦးတို့လည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖြည့်စွက်ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ဘင်္ဂလားဒေ့ရှ်၌ ရွှေချောင်းအများအပြား ဖမ်းမိ

ဒါကာ ဧပြီ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုတိယအကြီးဆုံး လေဆိပ်ဖြစ်သည့် ချက်တိုဂရမ်ပင်လယ်ဆိပ်ကမ်းမြို့ရှိ လေဆိပ်တွင် အလေးချိန်အားဖြင့် ၂၃ ကီလိုဂရမ်ကျော်ရှိသည့် ရွှေချောင်း ၂၀၀ ကို အကောက်ခွန်အရာရှိများက ဧပြီ ၈ ရက်နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘိုင်မင်ဘင်္ဂလားဒေ့ရှ် လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း၏ သန့်စင်ခန်းအတွင်း၌ ရွှေချောင်း ၂၀၀ ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ဒူဘိုင်းမြို့မှထွက်ခွာလာပြီး ဒေသစံတော်ချိန် နံနက် ၆နာရီခန့်တွင် ဒါကာမြို့ အရှေ့တောင်ဘက် ၂၄၂ ကီလိုမီတာအကွာရှိ ချက်တိုဂရမ်ဆိပ်ကမ်းမြို့သို့ ဆိုက်ရောက်လာခဲ့သည်။

သံသယရှိသူမတွေ့ရသေး

ရွှေချောင်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်း တန်ဖိုးဖြစ်ကြောင်း သိရသည်။ လတ်တလောတွင် ရွှေချောင်းများဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ သံသယရှိသူမတွေ့ရသေးကြောင်း သိရသည်။

ဆင်ဟွာ

အစ္စရေးရွေးကောက်ပွဲနဲ့ အစ္စရေးအနာဂတ်

ကလျာမိုးမြင့်

အစ္စရေးနိုင်ငံသားတွေဟာ အထွေထွေရွေးကောက်ပွဲအတွက် ဧပြီ ၉ ရက်မှာ မဲရုံတွေဆီကို ဦးတည်လျှောက်လှမ်းလာနေကြပြီဖြစ်သလို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုဟာဆိုရင်ဖြင့် ၎င်းရဲ့ နိုင်ငံရေးဆိုင်ရာ ရှင်သန်ရပ်တည်ခွင့်အတွက် အကြိတ်အနယ် လုံးပန်းနေရချိန် ဖြစ်နေပါတယ်။ ဒီတော့ အစ္စရေး ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ သိရှိထားသင့်တဲ့ အရာတွေနဲ့ ဘာတွေမျှော်လင့်နိုင်သလဲဆိုတာကို လေ့လာကြည့်ကြပါမယ်။

ပြန်လည်ရွေးချယ်ခံရရင်

ဝန်ကြီးချုပ် နေတန်ယာဟု အနေနဲ့ ငါးကြိမ်မြောက် ပြန်လည်ရွေးချယ်ခံရဖို့အတွက် ယှဉ်ပြိုင်နေပါတယ်။ ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်ရှိသော် ၎င်းဟာ လာမယ့်ဇူလိုင်လမှာ နိုင်ငံရဲ့ ဝန်ကြီးချုပ်နေရာကို အချိန်အကြာမြင့်ဆုံး တာဝန်ထမ်းဆောင်တဲ့သူ တစ်ဦးအနေနဲ့ အစ္စရေးနိုင်ငံကိုတည်ထောင်ခဲ့တဲ့ ဒေးဗစ်ဘင်ဂူရီယန်ကို အမီလိုက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း မစ္စတာ နေတန်ယာဟုဟာ ပြင်းထန်တဲ့ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး ရှေ့နေချုပ်ရုံးက ဆိုင်းငံ့ထားတဲ့ နောက်ဆုံးကြားနာစစ်ဆေးမှုတွေနဲ့အတူ နှစ်များစွာအတွင်း အခိုင်မာဆုံး ယှဉ်ပြိုင်ဘက်တစ်ဦးဖြစ်တဲ့ ဘန်နီဂန့်စ်နဲ့လည်း ရင်ဆိုင်နေရပါတယ်။

ယှဉ်နိုင်စွမ်းရှိသူ မစ္စတာဂန့်စ်

မစ္စတာဂန့်စ်ဟာ နိုင်ငံရေးနယ်ပယ်ထဲ လူသစ်အနေနဲ့ ဝင်ရောက်လာတဲ့ အစ္စရေးတပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်းတစ်ယောက်ဖြစ်ပြီး ရွေးကောက်ပွဲမှာ အဓိကကျတဲ့ အကြောင်းအရာတွေထဲကတစ်ခုဖြစ်တဲ့ နိုင်ငံရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး မစ္စတာ နေတန်ယာဟုနဲ့ ယှဉ်နိုင်စွမ်းရှိသူဖြစ်တယ်။ ပြီးတော့ ၎င်းက နိုင်ငံရေးမှာ ပိုမိုသန့်ရှင်းစင်ကြယ်လာစေရမယ်လို့ ကတိပေးထားသူ ဖြစ်ပါတယ်။

နိုင်ငံရေးဆိုင်ရာ မျှတတဲ့အမြင်ရှိတဲ့ မစ္စတာဂန့်စ်ရဲ့ Blue and White မဟာမိတ်အဖွဲ့ကို အခြားသော တပ်မတော်အကြီးအကဲဟောင်းနှစ်ဦးနဲ့အတူဖွဲ့စည်းထားပြီး ရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူဟောင်း နိုင်ငံရေးသမားတစ်ဖြစ်လဲ ယာလာပစ်က ဆန္ဒမဲခံယူမှုတွေမှာ မစ္စတာနေတန်ယာဟုရဲ့ လီကွတ်ပါတီထက်အရင် ပိုပြီးတော့ ကောင်းကောင်း လုပ်ဆောင်နိုင်ခဲ့တာကို တွေ့ရပါတယ်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရုပ်ပုံပိုစတာများကို တွေ့ရစဉ်။

လူပုဂ္ဂိုလ်အခြေပြုနေသလား

အနီးကပ် ယှဉ်ပြိုင်မှုတွေဟာ ရန်လိုတဲ့အခြေအနေတွေဆီ ဦးတည်လာခဲ့သလို မသမာတဲ့ ရွေးကောက်ပွဲတွင်း မဲဆွယ်စည်းရုံးမှုတွေနဲ့ သိက္ခာကျစေတဲ့ ကြိုးစားမှုတွေရှိလာပါတယ်။ အစ္စရေးနိုင်ငံသား မဲပေးသူတွေအနေနဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ မူဝါဒတွေထက်၊ ပြီးတော့ ခိုင်မာတဲ့ခေါင်းဆောင်တွေအဖြစ် ထင်မြင်ယူဆမှု ရှိ မရှိဆိုတာထက် လူပုဂ္ဂိုလ်အခြေပြု ထောက်ခံမဲပေးဖို့ ဆုံးဖြတ်လိုတဲ့ အနေအထား ဖြစ်နေပါတယ်။

စီမံခန့်ခွဲဆောင်ရွက်နိုင်သူဖြစ်

အစ္စရေးနိုင်ငံမှာရှိကြတဲ့ ဘယ်ပါတီတစ်ခုတည်းကမှ ပါလီမန်လွှတ်တော်ရဲ့ နေရာအများစုကို မရရှိခဲ့ဖူးပါဘူး။ အစ္စရေးမှာ အမြဲလိုလို မဟာမိတ်အစိုးရအဖွဲ့တွေ ရှိနေပါတယ်။ ဆိုလိုတဲ့သဘောက ဝန်ကြီးချုပ်ရဲ့ပါတီဟာ မဲအများဆုံးကို အမြဲရရှိတဲ့ ပါတီမဟုတ်ဘူး။ ဒါပေမယ့် Knesset မှာရှိတဲ့ ရာထူးနေရာ ၁၂၀ အနက် ၆၁ နေရာထက်မနည်းကို ထိန်းချုပ်နိုင်ဖို့ လုံလောက်တဲ့ ပါတီတွေကို စီမံခန့်ခွဲ ဆောင်ရွက်ရတဲ့သူတော့ဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

မဲရလဒ်အချို့အရ မစ္စတာနေတန်ယာဟုဟာ မစ္စတာဂန့်စ်ထက် မဟာမိတ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖို့ ဖြစ်နိုင်ခြေများတယ်။ ဘာကြောင့်လဲဆိုတော့ ဝန်ကြီးချုပ်ဟာ တခြားသော လက်ယာယိမ်းပါတီတွေ၊ ဘာသာရေးဆိုင်ရာ ပါတီတွေနဲ့ နီးကပ်တဲ့ဆက်ဆံရေးရှိနေတယ်လို့ ထင်မြင်ယူဆနေကြပါတယ်။

အစ္စရေး-ပါလက်စတိုင်းအရေး

မကြာသေးခင် ရက်သတ္တပတ်တွေအတွင်း ဂါဇာဒေသမှာ အစ္စရေးနဲ့ ပါလက်စတိုင်းစစ်သွေးကြွတွေ အကြား တင်းမာမှုတွေ ပေါက်ဖွားခဲ့ပါတယ်။ ပြီးတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ပါလက်စတိုင်းနဲ့ ကာလရှည်ဖြစ်ပွားနေခဲ့တဲ့ အစ္စရေးရဲ့ ပဋိပက္ခကို ဖြေရှင်းမယ့် ၎င်းရဲ့အစီအစဉ်ကို ရွေးကောက်ပွဲပြီးဆုံးပြီး မကြာခင်မှာ ထုတ်ပြန်ဖော်ပြသွားမယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမယ့်လည်း အသက်ဝင်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ပြန်လည်ရှင်သန် ဦးမော့လာဖို့ နည်းလမ်းတွေဟာ ရွေးကောက်ပွဲဆိုင်ရာ အခြေအတင်ပြောဆိုမှုတွေရဲ့ အဓိကအကြောင်းအရာမဟုတ်ခဲ့ပါဘူး။ ဒါ့အပြင် အစ္စရေးပြည်သူတွေကလည်း နှစ်နိုင်ငံအရေး ငြိမ်းချမ်းမှုအတွက် အချိန်တွေအကြာကြီး ယူခဲ့ရတဲ့ နိုင်ငံတကာရဲ့ ပုံသေနည်းဟာ မျှော်လင့်ချက်သိပ်မရှိဘူးလို့ ထင်မြင်နေကြပြီဖြစ်ပါတယ်။

ကျူးကျော်ဖို့လိုလားနေ

မစ္စတာနေတန်ယာဟုရဲ့ လက်ရှိ အာဏာရ လက်ယာယိမ်း မဟာမိတ်ပါတီက ပါလက်စတိုင်းနိုင်ငံ ဖန်တီးမှုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်နေပြီး သိမ်းပိုက်ထားတဲ့ အနောက်ဘက်ကမ်းပါးရဲ့ နေရာအများစုကို ကျူးကျော်ဖို့ လိုလားနေပါတယ်။ Blue and White မဟာမိတ်အဖွဲ့ရဲ့ မဲဆွယ်စည်းရုံးရေးစကြ်ံဟာ ပါလက်စတိုင်းပြည်သူတွေဆီကနေ သီးခြားခွဲထွက်သွားစေဖို့ ရည်ညွှန်းလိုတာ ဖြစ်သော်လည်း နိုင်ငံတော်တစ်ခုအဖြစ် ရှိဖို့ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူးလို့ ဆိုပါတယ်။ Blue and White မဟာမိတ်အဖွဲ့က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်တာကိုလည်း ထောက်ခံနေပါတယ်။

အစ္စရေးရဲ့အနာဂတ်

အစ္စရေးကတော့ ဂျေရုဆလင်ရဲ့ အရှေ့ခြမ်းဟာ အစ္စရေးနဲ့ အနာဂတ်ဖြစ်လာမှာလို့ တထစ်ချပြောဆိုနေဆဲဖြစ်ပေမယ့် ပါလက်စတိုင်းဘက်ကတော့ သိမ်းပိုက်ခံထားရတဲ့ အနောက်ဘက်ကမ်း၊ အရှေ့ဂျေရုဆလင်နဲ့ ဂါဇာကမ်းမြောင်ဒေသတွေမှာ နိုင်ငံတစ်ခု ထူထောင်ဖို့ လိုလားနေပါတယ်။ပြီးတော့ အနောက်ဘက်ကမ်းမှာ နေထိုင်ကြတဲ့ ပါလက်စတိုင်းပြည်သူ ၂ ဒသမ ၅သန်းလောက်ရှိပါတယ်။ ဒီတော့ ဂျူးအခြေချအိမ်ရာတွေရှိနေခြင်းက အနာဂတ်မှာ နိုင်ငံထူထောင်မယ့် အခွင့်အလမ်းတွေကို ပိတ်ဆို့နေတယ်လို့ ပါလက်စတိုင်းဘက်က ရှုမြင်နေတာကြောင့် အငြင်းပွားမှုတွေ ဖြစ်ပွားနေပါတယ်။

အခြေချမှုများ တရားမဝင်

မစ္စတာ ဘန်နီဂန့်စ်ရဲ့မဟာမိတ်အဖွဲ့ဟာ ဂျော်ဒန်တောင်ကြားကို ဆက်လက်ထိန်းချုပ်ဖို့နဲ့ အနောက်ဘက်ကမ်း ဂျူးလူမျိုးတွေ ပြန်လည်အခြေချနေထိုင်ရေးအိမ်ရာတွေကို ဆက်လက်ထိန်းသိမ်းထားဖို့ကိုလည်း တောင်းဆိုနေပါတယ်။ နိုင်ငံတကာ စည်းမျဉ်းဥပဒေတွေအရ အခြေချအိမ်ရာတွေဟာ တရားမဝင်ဘူးလို့ ရှုမြင်ခံနေရပါတယ်။ ဝန်ကြီးချုပ် နေတန်ယာဟုက ရွေးကောက်ပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် သိမ်းပိုက်ထားတဲ့ အနောက်ဘက်ကမ်းက ဂျူးလူမျိုးတွေရဲ့ အခြေချအိမ်ရာတွေကို အစ္စရေးနိုင်ငံထဲသိမ်းယူသွားမယ်လို့ ကြုံးဝါးခဲ့ပါတယ်။ အနောက်ဘက်ကမ်းက အခြေချအိမ်ရာတွေမှာ ဂျူးလူမျိုး လေးသိန်းလောက် အခြေချနေထိုင်လျက်ရှိပါတယ်။

အဓိက အကြောင်းတစ်ခုဖြစ်လာနိုင်

၁၉၉၀ ပြည့်နှစ်များ အတွင်းမှာ ပါလက်စတိုင်းပြည်သူတွေနဲ့ ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ကို တံဆိပ်ခတ်နှိပ်ခဲ့တဲ့ အစ္စရေးအလုပ်သမားပါတီဟာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ မျက်နှာသာပေးခြင်းကို မရရှိခဲ့ပါဘူး။ အစ္စရေးနိုင်ငံသား မဲပေးသူအရေအတွက်ဟာ ၆ဒသမ ၃ သန်းရှိပြီး လူမှုရေးအဖွဲ့အစည်း၊ လူမျိုးရေးနဲ့ ဘာသာရေး အဖွဲ့အစည်းတွေဟာ ရွေးကောက်ပွဲနေ့မှာ ၎င်းတို့ဘာလုပ်နိုင်တယ်ဆိုတာကို ဆုံးဖြတ်ရာမှာ အဓိကကျတဲ့ အကြောင်းတစ်ခုဖြစ်လာနိုင်ပါတယ်။

အစွန်းရောက် လူမျိုးရေးဝါဒီအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ဇီဟတ်ပါတီရဲ့ ခေါင်းဆောင် မိုရှိဖီဂျလင်ဟာ အနာဂတ်ဆွေးနွေးပွဲတွေမှာ ခေါင်းဆောင်တွေကို ထွက်ပေါ်လာစေမယ့် King maker တစ်ယောက်ဖြစ်လာနိုင်ပြီး မဲရလဒ်တွေအရ ရာထူးနေရာလေးခုကို ရယူနိုင်ဖွယ်ရှိနေတယ်လို့ သိရပါတယ်။ ၎င်းအနေနဲ့ မစ္စတာ နေတန်ယာဟုနဲ့ မစ္စတာဂန့်စ်တို့အကြား ဝန်ကြီးချုပ်နေရာအတွက် ဘယ်သူ့ကိုမှ ဦးစားပေးခြင်း မရှိဘူးလို့ ဖီဂျလင်က ပြောပါတယ်။ ဆေးခြောက်တရားဝင် ရောင်းဝယ်ခွင့်အတွက် တောင်းဆိုခဲ့မှုတွေကြောင့် မစ္စတာ ဖီဂျလင်ကို လူသိများကြသော်လည်း ၎င်းဟာ ပါလက်စတိုင်းပြည်သူတွေနဲ့ပတ်သက်လာရင် သဘောထားတင်းမာတဲ့ ရပ်တည်ချက်ရှိသူဖြစ်ပြီး ၎င်းတို့ကိုသိမ်းပိုက်ခံ အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသတို့ကနေ တခြားနိုင်ငံဆီ ရွှေ့ပြောင်းအခြေစိုက်ရေး တွန်းအားပေးဖို့ ဆန္ဒရှိနေပါတယ်။

ကိုးကား

အေအက်ဖ်ပီ၊ ဘီဘီစီ

> **“အစ္စရေးပြည်သူတွေကလည်း နှစ်နိုင်ငံအရေး ငြိမ်းချမ်းမှုအတွက် အချိန်တွေအကြာကြီး ယူခဲ့ရတဲ့ နိုင်ငံတကာရဲ့ ပုံသေနည်းဟာ မျှော်လင့်ချက် သိပ်မရှိဘူးလို့ ထင်မြင်နေကြပြီဖြစ်ပါတယ်”**

ဖိတ်ခေါ်ပါသည် နေပြည်တော်က ငလိုက်စခန်းသာ ဆင်စခန်းဆီ

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး မိုင်တိုင်(၂၁၇/၀)၌ အကျယ်အဝန်း ၅၇၃ ဧကတွင် ငလိုက်စခန်းသာ ဆင်စခန်းကို ၂၀၁၇ မေလ ၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ နေပြည်တော် ငလိုက်စခန်းသာ ဆင်စခန်းတွင် သစ်တောဝန်ထမ်းနှင့် ဆင်ဦးစီး ၄၃ ဦးဖြင့် ခရီးသွားပြည်သူများကို ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ဆင်စခန်းကိုဖွင့်လှစ်ရခြင်းမှာ သစ်ထုတ်လုပ်ရေးလျှော့ချလိုက်ပြီးနောက် ကမ္ဘာတည်သရွေ့ မြန်မာ့ဆင်ရတနာများတည်ရှိရန်၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ခရီးသွားလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် သဘာဝတောတောင်နှင့် ဆင်များအား ထိန်းသိမ်းစောင့်ရှောက် လိုစိတ်၊ ချစ်ခင်မြတ်နိုးစိတ်များ တိုးပွားစေရန်ရည်ရွယ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်ထုတ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနက မြန်မာနိုင်ငံအနှံ့တွင် ဆင်စခန်း ၁၉ ခုကို ဆင်ကောင်ရေ ၂၅၆ ကောင်ဖြင့် ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။

အဆိုပါဆင်စခန်းအတွင်း ဆင်များကို အစာကျွေးခြင်း၊ ဆင်စီးအပန်းဖြေခြင်း၊ အသက် လေးနှစ်အရွယ်ရှိဆင်ပေါက်လေးများအား (မှိန်းသင်)လေ့ကျင့်ပေးနေမှုများ နှင့် ဆင်များရေချိုးပေးသည်များကို လေ့လာခြင်း၊ ကလေးကစားကွင်းများတွင် ကလေးများကစားခြင်း၊ တောတွင်းအုပ်စုလိုက် စက်ဘီးစီးခြင်းတို့ဖြင့် အပန်းဖြေနိုင်ကြ သည်။ ဆင်စခန်းကို နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး နေပြည်တော်မှ လာရောက်လျှင် မိနစ် ၃၀ ခန့်သာ ကြာမြင့်မည်ဖြစ်သည်။ ငလိုက်စခန်းသာ ဆင်စခန်းသို့ လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ရပါကြောင်း.....။ ။

တောတွင်းခရီး ဆင်စီးအပန်းဖြေခြင်း၊ ဆင်ဝန်ထမ်းများ ချက်ပြုတ်ရောင်းချသည့် ထမင်း၊ ဟင်းလျာများ စားသုံးခြင်း၊ ဆင်ရေချိုးခြင်း၊ ဆင်စခန်းအတွင်း သက်တမ်း နှစ် ၄၀ နီးပါးရှိ ထင်းရှူးတောအတွင်း ဆောက်လုပ်ထားသည့် ရွက်အုပ်ဖြတ်လျှောက်တံတား (**Canopy Walk**)ပေါ်သို့ လမ်းလျှောက်အပန်းဖြေနိုင်ခြင်းနှင့် ဆင်စာကျွေးခြင်းတို့ဖြင့် တောတွင်းသဘာဝအပန်းဖြေလေ့လာနိုင်မည့် ငလိုက်စခန်းသာ ဆင်စခန်းအတွင်း မြင်ကွင်းပုံရိပ်များ။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

ဘားအံ မေ ၈

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမည ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ သက်ဆိုင်ရာ ပြည်နယ် /ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ တောင်ခြေရွှေဘုံသာကျောင်းတွင် ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သုံးနှစ်တာကာလအတွင်း တိုးတက်မှုရှိသည် မရှိသည်ကို ပြောစေလိုကြောင်း၊ ကျေးရွာတွင် လိုအပ်သည်များကို တောင်းဆိုကြရန်နှင့် လုပ်ပေးနိုင်သည့်အတိုင်းအတာအလိုက် အရေးကြီးသည့် ကိစ္စများကို ညှိနှိုင်းသုံးသပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာဒေသခံပြည်သူများမှ ရပ်ကွက်အတွင်း လမ်းများပြုပြင်ရေး၊ ပညာရေးတွင် ဆရာ ဆရာမများ လိုအပ်နေမှု၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ရပ်ကွက်အတွင်း လျှပ်စစ်မီးတိုင်၊ မီးကြိုးများ လိုအပ်နေမှု၊ သာမည ကျေးရွာအတွက် မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး လိုအပ်နေမှုတို့ကို တင်ပြတောင်းဆိုခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိန္ဒုကျေးရွာသို့ ရောက်ရှိပြီး အထက်တန်းကျောင်း စပယ်ခန်းမ၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အိန္ဒုကျေးရွာအနီးရှိ သမိုင်းဝင် အထင်ကရ ဆဒ္ဒန်ဂူသို့ လာရောက်လည်ပတ်သူ များပြားသည့်အတွက် သန့်ရှင်းသာယာလှပအောင် ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရန်လိုအပ်ကြောင်း၊ ကော့ကရိတ်-အိန္ဒုလမ်းပိုင်း လမ်းအဆင့်မြင့်တင်ခြင်းကို မိမိတို့ ပြည်နယ်အစိုးရက ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသအကျိုးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို တင်ပြတောင်းဆိုကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာရှိ တင်ပြတောင်းဆိုမှုများကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းကာ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)

နမ့်ဖောင်ချောင်း ကြမ်းပြင်တူးဖော်ခြင်းလုပ်ငန်းအတွက် တိုင်းတာဆောင်ရွက်

ကျိုင်းလပ် မေ ၈

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့ အမှတ်(၁) ဝမ်လုံရပ်ကွက်ရှိ နမ့်ဖောင်ချောင်း ကြမ်းပြင်တူးဖော်ခြင်းနှင့် ကမ်းထိန်းသဲအိတ်ချခြင်းလုပ်ငန်း ဆောင်ရွက်ရန် ယမန်နေ့က ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို ဒေသခံ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် တာချီလိတ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်း၊ ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက မြေပြင်အနေအထားများကို အသေးစိတ် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြမ်းပြင်တူးဖော်ခြင်းဆောင်ရွက်မည့် နမ့်ဖောင်ချောင်းတစ်နေရာ။

ထိုသို့ ဆောင်ရွက်ခြင်းကို မိုးရာသီတွင် ကျေးရွာအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ချောင်းကြမ်းပြင် တူးဖော်ခြင်းနှင့် ကမ်းထိန်းသဲအိတ်ချခြင်းကို ရွာအဝင်တံတားမှ ချောင်းအလျားပေ ၃၅၀၀ ခန့်၊ အကျယ် ပေ ၆၀ ခန့် တူးဖော်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျာလင်း (ပြန်/ဆက်)

ကလောမြို့နယ်၌ အမှိုက်ကင်းစင်ရေးအတွက် အမှိုက်ပုံး ၁၀၀ ပေးအပ်လှူဒါန်း

တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ လှူဒါန်းထားသော အမှိုက်ပုံးများ။

ကလော မေ ၈

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့တွင် အမှိုက်ကင်းစင်ရေးအတွက် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ အမှိုက်ပုံး ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်က အောင်ပန်းမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်နှင့် ပြည်နယ်အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမှိုက်ပုံး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှိုက်ပုံး ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းထံ ပေးအပ်ရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကျော်ဝင်း(ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၂၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၂၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၄၀/၉၈၅ ကျပ်	၁၀၀၀/၁၀၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၅၀/၉၉၅ ကျပ်	၁၀၁၅/၁၀၂၀ ကျပ်
အောက်တိန်း ၉၂	၇၉၀/၈၅၀ ကျပ်	၈၈၀/၉၀၅ ကျပ်
အောက်တိန်း ၉၅	၈၇၀/၉၂၀ ကျပ်	၉၅၅/၉၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၀၆ · ၁
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၁ · ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၀ · ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၆၆ · ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၅၁ · ၂
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၀ · ၁
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ · ၁၁
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၆၂၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၁ · ၄၈
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၇ · ၃၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ · ၁၃၂

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၀၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွှေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)

သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

ယခင်အပတ်မှအဆက်

ဒုတိယမြောက် အခက်အခဲကတော့ အင်ဒို-ပစိဖိတ်မူဝါဒရဲ့ ရေရှည်တည်တံ့နိုင်မှု အနေအထားအပေါ် သံသယရှိနေကြခြင်းပဲ ဖြစ်ပါတယ်။ ဒီအချက်ကတော့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့မူဝါဒချမှတ်မှုမှာ ကစဉ့်ကလျားနိုင်မှုအခြေအနေရယ်၊ လွှတ်လပ်စွာကုန်သွယ်ရေးနဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရရဲ့ဆုံးဖြတ်ဆောင်ရွက်မှုအနေအထားတွေကြောင့် အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မူဝါဒကို ဘယ်လိုပုံစံနဲ့ ရှေ့ဆက်ဆောင်ရွက်မှာလဲဆိုတာကို ဒေသတွင်း သံသယဖြစ်နေကြခြင်း ဖြစ်ပါတယ်။ ဒါဟာ ခံယူချက်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သော်လည်း အမေရိကန်နိုင်ငံရဲ့ မိတ်ဖက်နိုင်ငံတွေ၊ မဟာမိတ်နိုင်ငံတွေရဲ့ ပါဝင်ဖြည့်ဆည်းမှုအပေါ် သက်ရောက်မှုရှိနိုင်ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒရဲ့လုံခြုံရေး၊ စီးပွားရေး၊ ပြည်သူအချင်းချင်း ဆက်ဆံရေးကိစ္စရပ်တွေကို အကောင်အထည်ဖော်ဖို့ ရန်ပုံငွေ ရှာဖွေစုဆောင်း သတ်မှတ်ကြရာမှာ အခက်အခဲတွေ့နိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်အစိုးရကတော့ အင်ဒို-ပစိဖိတ်မူဝါဒ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေအတွက် အမေရိကန်ပုဂ္ဂလိကကဏ္ဍက ပါဝင်ဖြည့်ဆည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် ဒီအချက်အပေါ် အများစုရဲ့ဝေဖန်မှုတွေ ခံနေရပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံက ဒီအချက်ကို ထောက်ပြပြီး အမေရိကန်ရဲ့အင်ဒို-ပစိဖိတ်မူဝါဒဟာ ရေရှည်ခံမယ့်အလားအလာမရှိဘူးလို့ ဝေဖန်နေကြပါတယ်။

တတိယနဲ့ နောက်ဆုံးအခက်အခဲကတော့ အင်ဒို-ပစိဖိတ်မူဝါဒကို အကောင်အထည်ဖော်ရာမှာ ဒေသတွင်းမှာရှိတဲ့ အခြေအနေတွေနဲ့ လိုက်လျောညီထွေရှိမှု အနေအထားပဲ ဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသဟာ သိပ်ပြီး လွတ်လပ်မှုမရှိဘူး၊ အချို့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်ဟာ နောက်ပြန်သွားနေတယ်၊ တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ ပတ်သက်လာရင် အာဆီယံဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ် စတဲ့အချက်တွေ ဖြစ်ပါတယ်။ အချို့သော အရှေ့တောင်အာရှနိုင်ငံတွေမှာ ရွေးကောက်ပွဲပြုလုပ်ဖို့ ရှိနေတဲ့အခြေအနေ၊ အများကြိုက်ပေါ်ပြူလာဖြစ်မှု၊ အားကောင်းလာမှုအခြေအနေ စတဲ့အနေအထားတွေမှာ အစိုးရခေါင်းဆောင်ပိုင်းဟာ ပြည်တွင်းနိုင်ငံရေးအခြေအနေကို ပိုမိုအာရုံစိုက်ပြီး ပြည်ပနိုင်ငံတွေနဲ့ သင့်လျော်တဲ့ကဏ္ဍမှာသာ ပူးပေါင်းဆောင်ရွက်ဖို့ စဉ်းစားကြမှာဖြစ်ပါတယ်။ ဒီအခြေအနေမျိုးတွေကို လာမယ့်နှစ်တွေအတွင်းမှာ အမေရိကန်အစိုးရဟာ ရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေရယ်၊ ဖိလစ်ပိုင်နိုင်ငံ လက်ရှိသမ္မတ ဒူတာတေးလက်ထက် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ကိုင်တွယ်ဆောင်ရွက်ရာမှာ သဘောထားပျော့ပျောင်းလာမှုတွေဟာ လက်ရှိမှာတင် အမေရိကန်ရင်ဆိုင်နေရတဲ့ အခြေအနေတွေ ဖြစ်ပါတယ်။

ဒီအခက်အခဲတွေနဲ့ အခွင့်အလမ်းတွေကို အမေရိကန်အစိုးရ မူဝါဒချမှတ်သူတွေအနေနဲ့ ကိုင်တွယ်ဆောင်ရွက်ရမယ့်ကိစ္စဟာ လွယ်ကူတဲ့ကိစ္စမဟုတ်တာ သေချာပါတယ်။ ဒါတွေကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းဖြင့် အမေရိကန်ဟာ အင်ဒို-ပစိဖိတ်မူဝါဒကို အရှေ့တောင် အာရှဒေသတွင်းမှာ အောင်မြင်စွာ ပေါင်းစည်းနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အမေရိကန်အစိုးရနဲ့ ဒေသတွင်းဆက်ဆံမှုကြောင့် ဖြစ်ပေါ်လာနိုင်မယ့် အကျိုးတွေနဲ့ ဒေသရဲ့ အမြင်တွေအပေါ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

အင်ဒို-ပစိဖိတ်မဟာဗျူဟာအား အရှေ့တောင်အာရှ ဒေသတွင်း ပေါင်းစည်းခြင်း

အထက်မှာဖော်ပြခဲ့တဲ့ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မှသာလျှင် အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်မူဝါဒကို အရှေ့တောင်အာရှဒေသအနေနဲ့ရော၊ အာဆီယံလို ဒေသဆိုင်ရာအသင်းကြီးနဲ့ရော အောင်မြင်စွာ ပေါင်းစည်းနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပေါင်းစည်းနိုင်ဖို့အတွက် အမေရိကန်အစိုးရ မူဝါဒချမှတ်သူတွေအတွက် အချက် ၅-ချက်ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ပထမအချက်က မူဝါဒရဲ့ ရှင်းလင်းပြတ်သားတိကျမှု (Clarity) ဖြစ်ပါတယ်။ အမေရိကန်အစိုးရ တာဝန်ရှိသူတွေဟာ အင်ဒို-ပစိဖိတ်မူဝါဒနဲ့ ပတ်သက်ပြီး ယေဘုယျအားဖြင့်ရော ဒေသနဲ့ ဆီလျော်ကိုက်ညီမှုရှိတဲ့အပေါ်မှာပါ အရှေ့တောင်အာရှနိုင်ငံအချို့ရယ်၊ လေ့လာသူအချို့ရယ်နဲ့ ထိတွေ့ဆက်ဆံမှုတွေ ရှိပြီးဖြစ်ပါတယ်။ သို့သော်လည်း အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံချင်းအလိုက်နဲ့ ဒေသဆိုင်ရာဆွေးနွေးပွဲတွေမှာ အင်ဒို-ပစိဖိတ်မူဝါဒနဲ့ ပတ်သက်ပြီး ရှုပ်ထွေးမှုတွေ၊ နားမလည်နိုင်မှုတွေ ရှိနေဆဲ ဖြစ်ပါတယ်။ အမေရိကန်အစိုးရ တာဝန်ရှိသူတွေကတော့ အင်ဒို-ပစိဖိတ်မူဝါဒဟာ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နဲ့ အိန္ဒိယ ၄- နိုင်ငံရဲ့ကျဉ်းမြောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Asia's Quad) သာ ဖြစ်တယ်လို့ ရှုမြင်နေကြခြင်းဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ် (Belt and Road Initiative) နဲ့ နှိုင်းယှဉ်ဖော်ပြနေကြခြင်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒေသတွင်းမှာ ပူးပေါင်းဆောင်ရွက်မှုအချို့ စတင်နေချိန်မှာတောင် အချို့သော အဆင့်မြင့်တာဝန်ရှိသူများနဲ့ အများပြည်သူတို့အကြား သိရှိနားလည်မှု အားနည်းနေတဲ့အပြင် အင်ဒို-ပစိဖိတ်မူဝါဒရဲ့ ကောင်းမွန်တဲ့အချက်တွေ ရှိနိုင်မှုအပေါ်မှာတောင် အကောင်းမမြင်နိုင်ကြခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်တာဝန်ရှိသူတွေအနေနဲ့ အများပြည်သူကိုချပြတဲ့ မိန့်ခွန်းတွေမှာ ထည့်သွင်းပြောကြားခြင်း၊ အင်ဒို-ပစိဖိတ်မူဝါဒမှာ ဒေသရဲ့အခန်းကဏ္ဍကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းတို့ကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒအောက်မှာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်ရှိရင် ချပြဖို့ လိုအပ်မှာဖြစ်ပေမယ့် အမေရိကန်အနေနဲ့ ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပြီးဖြစ်တယ်။ ဒီပူးပေါင်းဆောင်ရွက်မှုကနေ ဒေသတွင်း ဘယ်လိုအကျိုးတရားတွေ ရရှိနိုင်မယ်ဆိုတာကိုလည်း ရှင်းလင်းပြောကြားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်အနေနဲ့ အရှေ့တောင်အာရှဒေသနဲ့ စီးပွားရေးအရသာ ပိုမိုထိတွေ့ဆောင်ရွက်သွားသင့်ကြောင်း ဝေဖန်ပြောကြားမှုတွေအပေါ် အမေရိကန်အနေနဲ့ ယခင်သမ္မတ အိုဘားမားလက်ထက်ကပင် အမေရိကန်-အာဆီယံ ပေါင်းစည်းဆက်နွှယ်မှုအစီအစဉ် (US-ASEAN Connect Initiative) တွေ ရှိပြီးသားဖြစ်ကြောင်း ပြောကြားနိုင်ပါတယ်။

ဒုတိယအချက်က ဖွဲ့စည်းဆောင်ရွက်မှု (Comity) ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒဟာ သက်ဆိုင်ရာနိုင်ငံတွေ စုစည်းပြီး ဘုံအကျိုးစီးပွားအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုအပေါ်မှာ အခြေခံတယ်ဆိုတဲ့အချက်အစား အမေရိကန်အစိုးရဟာ မဟာဗျူဟာအရ အရေးပါတဲ့ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံချင်းကို ရွေးထုတ်ပြီး တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးအပါအဝင် သူ့ရဲ့အကျိုးစီးပွားအတွက် အသုံးချတယ်လို့ ရှုမြင်နေသူတွေ ရှိနေဆဲ ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံတွေဟာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံချင်းကို ရွေးထုတ်ပြီး သူတို့ရဲ့အကျိုးစီးပွားအတွက် အသုံးချခဲ့ကြတယ်ဆိုတာ အရှေ့တောင်အာရှနိုင်ငံတွေဟာ သမိုင်းကြောင်းအရ သိမြင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်မူဝါဒဟာ အရှေ့တောင်အာရှနိုင်ငံတွေအကြား တစ်ဖက်ဖက်ကို ရွေးချယ်ခြင်းဖြင့် ကွဲပြားမှုတွေ ဖြစ်လာစေနိုင်သလို အင်အားကြီးနိုင်ငံတွေရဲ့အားပြိုင်မှုတွေကို ထိန်းညှိနိုင်တဲ့ အာဆီယံအဖွဲ့ကြီး အထူးအလေးထားတဲ့ ဗဟိုချက်နေရာကနေ ပါဝင်ဆောင်ရွက်နိုင်မှု (ASEAN's Centrality) ကို အားနည်းလာစေမှာကိုလည်း အထူးစိုးရိမ်လျက်ရှိကြပါတယ်။ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတစ်ခုမှာ အင်ဒိုနီးရှား အဆင့်မြင့်အရာရှိကြီးတစ်ဦးက အမေရိကန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသရဲ့ အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့ တကယ်စိတ်ဆန္ဒရှိတယ်ဆိုရင် ဒေသတွင်းကွဲပြားခြားနားမှုတွေ ဖြစ်လာစေမယ့် လုပ်ရပ်မျိုးကို ရပ်ဆိုင်းသင့်ကြောင်း ပြောကြားခဲ့တဲ့အချက်က အင်ဒို-ပစိဖိတ်မူဝါဒအပေါ် နားလည်မှုလွဲနေကြဆဲရှိနေတယ်ဆိုတာ ဖော်ပြလျက်ရှိပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်မူဝါဒဟာ သက်ဆိုင်ရာ နိုင်ငံတွေအားလုံး ပါဝင်ပြီး စုပေါင်းညှိနှိုင်း လက်တွဲဆောင်ရွက်ကြခြင်းဖြစ်တယ်ဆိုတာ ရှင်းလင်းစွာသိစေဖို့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့မူဝါဒအမြင်အရကြည့်ရင် အရှေ့တောင်အာရှဒေသနိုင်ငံတွေဟာ တန်းတူညီမျှစွာ ဖြစ်တည်လာတာ မဟုတ်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်မူဝါဒဟာ နိုင်ငံအချို့အတွက် ပိုမိုဆီလျော်မှုရှိမယ့် အချက်ဖြစ်ပါတယ်။

"၂၀၂၀ ပြည့်နှစ်မှာ ပြုလုပ်မယ့် အမေရိကန်နိုင်ငံရဲ့ နောက်တစ်ကြိမ်ပြုလုပ်မယ့် ရွေးကောက်ပွဲပြီးလို့ သမ္မတအပြောင်းအလဲရှိလာခဲ့ရင် အင်ဒို-ပစိဖိတ်မူဝါဒကို ဆက်လက်ဆောင်ရွက်ဖို့ အလားအလာ ရှိ/မရှိ ဆိုတာတွေလည်း အရှေ့တောင်အာရှနိုင်ငံတွေဟာ ဆန်းစစ်လေ့လာနေဆဲအခြေအနေမှာ ရှိနေပါတယ်။ ဒီအမြင်တွေရဲ့ရလဒ်ကတော့ ဒေသတွင်းမှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့ မဟာမိတ်နိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေဆီက အင်ဒို-ပစိဖိတ် မဟာဗျူဟာအတွက် ပါဝင်အားဖြည့်မှုကို အကန့်အသတ်ဖြစ်စေမှာ အသေအချာပဲ ဖြစ်ပါတယ်"

အမေရိကန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးအရ ထိတွေ့ဆက်ဆံမှု တိုးမြှင့်သွားရန် ရည်ရွယ်ချက်ဖြင့် US-ASEAN Connect အစီအစဉ်ကို ၂၀၁၆ ခုနှစ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ် Sunnyland တွင်ပြုလုပ်သည့် အမေရိကန်-အာဆီယံခေါင်းဆောင်များ၏ အထူးထိပ်သီးအစည်းအဝေးတွင် သမ္မတအိုဘားမားမှ ကြေညာခဲ့သည်။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

သို့သော်လည်း အမေရိကန် မူဝါဒချမှတ်သူတွေအနေနဲ့ နိုင်ငံအချို့ရဲ့ နားလည်မှုလွဲမှားမှုတွေကို ရှောင်ကြဉ်နိုင်ဖို့ ပိုမိုကျယ်ပြန့်တဲ့အမြင်နဲ့ ချဉ်းကပ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် အာဆီယံအသင်းကြီးဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိနေသော်လည်းပဲ စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံတဲ့စနစ်တစ်ရပ်ကို ထိန်းသိမ်းထားနိုင်ဖို့ အရေးပါတဲ့ အနေအထားကနေ ပါဝင်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသမှာ မဟာဗျူဟာအရ အရေးပါတဲ့ စင်ကာပူ၊ ဗီယက်နမ် စတဲ့နိုင်ငံတွေနဲ့ပဲ ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ဘဲ ဘရူနိုင်း၊ တီမောလက်စ်တေ တို့လို နိုင်ငံငယ်လေးတွေနဲ့လည်း ထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်သွားသင့်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံ ပါဝင်လာနိုင်မယ့် အခြေအနေမျိုးအထိ လမ်းဖွင့်ပေးထားခြင်းဖြင့်လည်း အင်ဒို-ပစိဖိတ်မူဝါဒဟာ ခြိမ်းခြောက်မှုကို အခြေခံတဲ့စနစ်တစ်ရပ်မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံတဲ့စနစ်တစ်ရပ်ကို တည်ထောင်သွားနိုင်ဖို့ ကြိုးပမ်းခြင်းဖြစ်တယ်ဆိုတဲ့ အချက်ကို ပိုမိုပေါ်လွင်လာစေမှာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ ဘက်စုံခြုံငုံပူးပေါင်းဆောင်ရွက်ခြင်း (Comprehensiveness) ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒဟာ လုံခြုံရေး၊ စီးပွားရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတွေအပေါ် အခြေခံတဲ့ ပထဝီနိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်တစ်ရပ်ဖြစ်ခြင်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ လူမှုဘဝမြင့်မားရေးကို အလေးပေးဆောင်ရွက်နေရတဲ့ အရှေ့တောင်အာရှဒေသအတွက် ဆွဲငင်အားတစ်ရပ် ဖြစ်စေနိုင်ပါတယ်။ အရှေ့တောင်အာရှဒေသရဲ့ကွဲပြားခြားနားတဲ့ မဟာဗျူဟာတွေအကြားမှာ ပြုပြင်ပြောင်းလဲလွယ်ပြီး ပိုမိုကျယ်ပြန့်စွာနဲ့ ချဉ်းကပ်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုတွေ ပိုမိုအောင်မြင်လာစေဖို့ စီစဉ်ဆောင်ရွက်မှုအမျိုးမျိုး ထည့်သွင်းခြင်းဟာ ဒေသတွင်းရှိ ကွဲပြားခြားနားတဲ့ လူမှုအဖွဲ့အစည်းတွေအကြား ပိုမိုဆီလျော်မှု ရရှိစေမှာ ဖြစ်ပါတယ်။

ဘက်စုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဖြစ်လာစေဖို့အတွက် စီးပွားရေးကဏ္ဍနဲ့ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုကဏ္ဍတွေမှာ ပိုမိုအားထည့်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်နိုင်ငံရှိ ငွေကြေးအဖွဲ့အစည်းများနဲ့ မိတ်ဖက်နိုင်ငံများရှိ ငွေကြေးအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်သွားခြင်းမျိုးဖြစ်နိုင်သလို အလားအလာကောင်းတွေရရှိနေတဲ့ အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်များအစီအစဉ် (Young Southeast Asian Leaders Initiative) ကို တိုးချဲ့ဆောင်ရွက်သွားခြင်းမျိုးလည်း ဖြစ်နိုင်ပါတယ်။ အလားတူပဲ ပင်လယ်ရေလမ်းကြောင်းပိုင်းမှာ ဆူးလူးပင်လယ် (Sulu Sea)၊ ကုန်းတွင်းပိုင်းမှာ မဲခေါင်မြစ် စတဲ့ မဟာဗျူဟာမြောက်နယ်ပယ်တွေမှာ နှစ်နိုင်ငံချင်းအလိုက်၊ သက်ဆိုင်ရာနိုင်ငံများအလိုက်၊ နိုင်ငံအများအပြား ပါဝင်မှုအလိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေကို ဖော်ထုတ်ဆောင်ရွက်သွားခြင်းမျိုးလည်း ဖြစ်နိုင်ပါတယ်။ မဲခေါင်မြစ်ဆိုရင် ဒေသခွဲအတွင်းမှာ တည်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်တွေ အများအပြားရှိနေသလို တရုတ်နိုင်ငံကလည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေတဲ့ ဒေသခွဲလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မယ့် ဗီယက်နမ်နိုင်ငံတို့ဟာ ဒေသခွဲအတွင်းမှာ အရေးပါတဲ့ အနေအထားမှာရှိတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ ချိန်ညှိဆောင်ရွက်ခြင်း (Calibration) ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေဟာ အင်ဒို-ပစိဖိတ်မူဝါဒကို နားလည်သလို သမ္မတဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးမှာ "အမေရိကန်အကျိုးစီးပွားသည်သာပထမ" ခံယူချက်၊ တရုတ်နိုင်ငံရဲ့ဒေသတွင်းမှာ တွန်းတွန်းတိုက်တိုက် ဆောင်ရွက်လာမှုကြောင့် အမေရိကန်-တရုတ်အားပြိုင်မှု ပိုမိုအရှိန်မြင့်လာတဲ့ အနေအထားတွေပါဝင်နေတဲ့ ပိုမိုကျယ်ပြန့်တဲ့ အမှန်တရားတွေကိုလည်းသိရှိပြီး သမ္မတထရမ့်ရဲ့အသုံးအနှုန်းတွေ၊ လုပ်ဆောင်ချက်တွေကိုလည်း တွေ့မြင်နေကြတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ပတ်သက်လာရင် အရှေ့တောင်အာရှနိုင်ငံတွေအနေနဲ့ တရုတ်နိုင်ငံနဲ့ ထိတွေ့ဆောင်ရွက်နေမှုအပေါ် သိပ်ပြီး စိတ်ခံစားမှုမမြင့်မားဖို့ လိုအပ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ထိတွေ့ဆောင်ရွက်နေမှုဟာ အရှေ့တောင်အာရှနိုင်ငံတွေအဖို့ ပုံမှန်ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင်လည်း ဒေသတွင်းမှာ ဆုတ်ယုတ်မှုအချို့ရှိခဲ့ပေမယ့် အမေရိကန်အနေနဲ့ သူ့ရဲ့စံနှုန်းစံထားတွေကို ထိန်းသိမ်းရာမှာ ပြုပြင်ပြောင်းလဲလွယ်မှုကိုတော့ ထားရှိရမှာ ဖြစ်ပါတယ်။ ဒေသတွင်းက မဟာမိတ် ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ အများကြိုက်ဆောင်ရွက်လိုမှု မြင့်မားလာမှု၊ တရုတ်နိုင်ငံရဲ့လွှမ်းမိုးမှု ကြီးထွားလာမှု၊ နိုင်ငံရေးနဲ့ စီးပွားရေးအရ ကြီးမားတဲ့အခက်အခဲတွေရှိနေမှုတွေဟာ အမေရိကန်ရဲ့ အကျိုးစီးပွားနဲ့ စံနှုန်းစံထားတွေကို မြှင့်တင်ရာမှာ ပိုမိုအလေးထား ချိန်ညှိဆောင်ရွက်ရမယ့် အခြေအနေတွေ ဖြစ်ပါတယ်။

ပဉ္စမအချက်ကတော့ စိုက်လိုက်မတ်တတ်ဆောင်ရွက်ခြင်း (Consistency) ဖြစ်ပါတယ်။ ဝါရှင်တန်က ချမှတ်လိုက်တဲ့ စီမံကိန်းတွေဟာ စိုက်လိုက်မတ်တတ် ဆောင်ရွက်မှု မရှိတာ၊ ငွေကြေးရရှိဖို့ အခက်အခဲရှိတာ စတဲ့ အရှေ့တောင်အာရှနိုင်ငံတွေရဲ့အမြင်ကို ချက်ချင်းပျောက်ပျက်သွားနိုင်ဖို့ ခက်ခဲပါတယ်။ ဒါ့အပြင် ၂၀၂၀ ပြည့်နှစ်မှာ ပြုလုပ်မယ့် အမေရိကန်နိုင်ငံရဲ့ နောက်တစ်ကြိမ်ပြုလုပ်မယ့် ရွေးကောက်ပွဲပြီးလို့ သမ္မတအပြောင်းအလဲရှိလာခဲ့ရင် အင်ဒို-ပစိဖိတ်မူဝါဒကို ဆက်လက်ဆောင်ရွက်ဖို့ အလားအလာ ရှိ/မရှိ ဆိုတာတွေလည်း အရှေ့တောင်အာရှနိုင်ငံတွေဟာ ဆန်းစစ်လေ့လာနေဆဲအခြေအနေမှာ ရှိနေပါတယ်။ ဒီအမြင်တွေရဲ့ရလဒ်ကတော့ ဒေသတွင်းမှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့မဟာမိတ်နိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေဆီက အင်ဒို-ပစိဖိတ် မဟာဗျူဟာအတွက် ပါဝင်အားဖြည့်မှုကို အကန့်အသတ်ဖြစ်စေမှာ အသေအချာပဲ ဖြစ်ပါတယ်။

ဒီအခက်အခဲကို ကျော်လွှားနိုင်မယ့် နည်းလမ်းကတော့ အင်ဒို-ပစိဖိတ် မဟာဗျူဟာအတွက် အမေရိကန်အစိုးရအေဂျင်စီတွေ၊ ငွေကြေးအဖွဲ့အစည်းတွေအပြင် အမေရိကန်ရဲ့ အာရှရေးရာမူဝါဒမှာ အဓိကနေရာကပါဝင်နေတဲ့ ကွန်ဂရက်တို့ကပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အမေရိကန်မူဝါဒမှာ အကန့်အသတ်တွေရှိနေပေမယ့်လည်း အမှန်တကယ် အပြောင်းအလဲဖြစ်အောင် ဆောင်ရွက်လိုတယ်ဆိုရင်တော့ မှန်ကန်စွာ ရင်းနှီးမြှုပ်နှံဖို့ လိုအပ်ပါတယ်။ ဒီအချက်ကို အမေရိကန်အစိုးရအနေနဲ့ အင်ဒို-ပစိဖိတ်မူဝါဒကို စိုက်လိုက်မတ်တတ် အာရုံစိုက်ဆောင်ရွက်မှုနဲ့ အရှေ့တောင်အာရှဒေသအပေါ် အချိန်နဲ့အမျှ အလေးထားဆောင်ရွက်မှုတွေက စမ်းသပ်အဖြေပေးသွားမှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

အင်ဒို-ပစိဖိတ်ဒေသတွင်း ပင်လယ်ရေလမ်းကြောင်းများနှင့် လေကြောင်းဖြတ်ကျော်ပျံသန်းမှုများ ပွင့်လင်းမှုရှိနေစေရေးအတွက် အမေရိကန်နိုင်ငံသည် ၎င်း၏ ရေတပ်စစ်အင်အားကို ပိုမိုပြသလျက်ရှိသည်။

ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)

ကမ္ဘာ့သစ်နေ့ ဓာတ်ပုံပြိုင်ပွဲ မြန်မာရွှေတံဆိပ်ဆုရရှိ

မန္တလေး ဧပြီ ၈

သြစတြီးယားနိုင်ငံမှ ကြီးမှူးကျင်းပသော "World Wood Day" ကမ္ဘာ့သစ်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ တွင် မြန်မာနိုင်ငံမှ မျိုးမင်းကြွယ် (ရွှေတောင်ကြား)က Grand Prize ဆုကြီးဆွတ်ခူးရရှိခဲ့ကြောင်း မတ်လတတိယပတ်က ကြေညာခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် (1) People ကဏ္ဍ၊ (2) Heritage ကဏ္ဍ၊ (3) Environment ကဏ္ဍဟူ၍ ကဏ္ဍ သုံးမျိုး သတ်မှတ်ထားရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံမှ မျိုးမင်းကြွယ် (ရွှေတောင်ကြား)သည် Environment ကဏ္ဍတွင် ပထမဆုရရှိပြီး ကဏ္ဍ သုံးခုပေါင်းအတွက် Grand Prize ဆု ရရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံမှ ဇေယျလင်းက Environment ကဏ္ဍတွင် ဒုတိယဆုနှင့် Heritage ကဏ္ဍတွင် တတိယဆု ရရှိကြသည်။

ဆုကြေးငွေမှာ Grand Prize ဆုအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၊ ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ဒုတိယဆုမှ အထူးဆု (၁၂) ဆုအထိ အမေရိကန်ဒေါ်လာ ၃၀၀ စီ ချီးမြှင့်သွားမည် ဖြစ်သည်။ Grand Prize ဆုရရှိသော မျိုးမင်းကြွယ် (ရွှေတောင်ကြား)၏ ဆုရဓာတ်ပုံမှာ အနာဂတ် ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူငယ်များ၏ လက်ထဲတွင်ရှိကြောင်း ပုံဖော်ရိုက်ကူးထားသည်။ ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများကို www.voubs.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အောင်ကျော်ထွန်း (ပုသိမ်ကြီး)

Grand Prize ဆုရရှိသော မျိုးမင်းကြွယ်(ရွှေတောင်ကြား)၏ ဆုရဓာတ်ပုံ။

ဆိပ်ဖြူ-ပခုက္ကူ လူစီးရထားခရီးစဉ်များ သင်္ကြန်ရက်များတွင် ရပ်နားသွားမည်

ဆိပ်ဖြူ ဧပြီ ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့ကို ပြေးဆွဲပေးလျက်ရှိသည့် RBE လူစီးရထားကို သင်္ကြန်ရက်များတွင် ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၁၀) က ဒေသခံပြည်သူအများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ပခုက္ကူ-ဆိပ်ဖြူ ခရီးစဉ်များကို အစုန်၊ အဆန် နေ့စဉ် အချိန်မှန်ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိပြီး ပခုက္ကူမြို့မှ ဆိပ်ဖြူမြို့သို့ နံနက် ၅ နာရီခွဲတွင်လည်းကောင်း၊ ဆိပ်ဖြူမြို့မှ ပခုက္ကူမြို့သို့ မွန်းလွဲ ၂ နာရီတွင် ပုံမှန်ပြေးဆွဲလျက်ရှိသည်။

၂၀၁၉ ခုနှစ် သင်္ကြန်ကာလ သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များဖြစ်သည့် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ပြေးဆွဲမှု ရပ်နားမည်ဖြစ်ကြောင်း၊ ထို့သို့ ရထားခရီးစဉ် ရပ်နားမည့် အသိပေးကြော်ငြာများကို သက်ဆိုင်ရာ ဘူတာအသီးသီးမှ ဒေသခံပြည်သူအများသိရှိနိုင်ရန် အသိပေးကြော်ငြာများထားရှိပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရထားခရီးစဉ်များ အချိန်မှန် ပြန်လည်ပြေးဆွဲသွားမည် ဖြစ်ကြောင်း ဆိပ်ဖြူဘူတာရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

ရထားစီး ခရီးသွားများကို တွေ့ရစဉ်။

သီပေါ အုန်းပေါင်မြို့ဟောင်းနှင့် ကျောက်မဲ မြေကုန်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ ခရီးသွားနယ်မြေတစ်ခုအဖြစ် ထင်ရှားသည့် သီပေါမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်တွင် တည်ရှိကာ ရန်ကုန်မြို့မှ ၈၂၅ ကီလိုမီတာနှင့် မန္တလေးမြို့မှ ၂၀၆ ကီလိုမီတာ ကွာဝေးသည်။ သီပေါမြို့၊ ယခု ဇာတ်စုရပ်ကွက်တွင် ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့သည့် စဝ်အုံကြာဟော်၊ ကုန်းဘောင်ခေတ်လက်ရာ စေတီ ၃၀ ကျော်စုစည်းနေသည့် ပုဂံငယ် (Little Bagan)၊ သီပေါ မြို့ပြင်ရှိ ပေါ်ကြိုဘုရားနှင့် ဒုဋ္ဌဝတီမြစ်တို့ကို တစ်ချိန်က ရှမ်းစော်ဘွားများ ဟော်နန်းစိုက်ခဲ့သည့် အေးချမ်းလှပသော သီပေါမြို့၏ အမှတ်လက္ခဏာများအဖြစ် သိရှိထားကြသည်။

ရာဇဝင်ထဲမှ သီပေါ

မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားချက်များအရ အုန်းပေါင်စော်ဘွားသည် အုန်းပေါင်မြို့တွင် နန်းစိုက်ခဲ့ပြီး အရပ် အနေ မသင့်သဖြင့် လက်ရှိ သီပေါမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ သီပေါမြို့၌ ဟော်နန်းတည်မည့်နေရာကို မြေတူးရာမှ ပတ္တမြားတစ်လုံး ကိုရရှိခဲ့သဖြင့် ရှမ်းဘာသာစကားဖြင့် ဆိုင်ပေါ်ဟုခေါ်ဆိုခဲ့ရာ ကာလကြာမြင့်လာချိန်တွင် ဆိုင်ပေါ်မှ ဆီပေါ၊ ဆီပေါမှ သီပေါဟု ရွေ့လျောလာဟန်ရှိကြောင်း ဖတ်ရှုရပေသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းတွင် သီပေါမြို့ကို ခရစ်နှစ် ၁၈၈၈ ခုနှစ်၊ မတ်လတွင် သီပေါစော်ဘွား စဝ်ကြာထွန်း ၏ သားတော်စဝ်ကြာခိုင် ခေါ် စဝ်ခွန်ဆိုင်က မန္တလေးမြို့ပုံစံအတိုင်းတည်ခဲ့သည်ဟု ဖော်ပြထားသည်။ သီပေါမြို့ကို နမ့်ပေါ့ချောင်း၏ ပါးစပ်ဝတွင် တည်ထားခဲ့သဖြင့် ရှမ်းဘာစကားဖြင့် ဆွတ်ပေါ့ (ပါးစပ်ဝ၌ တည်ထားသောမြို့) ဟု ခေါ်ဆိုခဲ့ပြီး ဆွတ်ပေါ့မှ ဆီပေါ၊ သီပေါဟု အဆင့်ဆင့် ရွေ့လျားခေါ်တွင်ခဲ့သည်ဟုလည်း ယူဆခဲ့ကြသည်။

သီပေါမြို့ကို တော်လှန်ရေးကောင်စီအစိုးရ လက်ထက် (ခရစ်နှစ် ၁၉၆၂-၁၉၇၄) မတိုင်မီက မြို့ပိုင်တစ်ဦး က အုပ်ချုပ်ခဲ့ပြီး တော်လှန်ရေး ကောင်စီအစိုးရ လက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက သီပေါမြို့နယ်ကို ရပ်ကွက် ၁၁ခု၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာ ၄၇၆ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

သီပေါမြို့နယ်သည် ၂၀၄၅ စတုရန်းမိုင်ကျယ်ဝန်းလျက် ကျောက်မဲမြို့နယ်၏ အရှေ့ဘက်၊ လားရှိုးနှင့် မိုင်းရယ်မြို့နယ်တို့၏ အနောက်ဘက်၊ နမ့်ဆမ်နှင့် နမ္မတူမြို့နယ်တို့၏ တောင်ဘက်နှင့် ရပ်စောက်၊ မိုင်းကိုင်၊ ကျေးသီးမြို့နယ်တို့၏ မြောက်ဘက်တွင် တည်ရှိသည်။

တောင်ကုန်းတောင်တန်းများထူထပ်၍ မြေပြန့်လွင်ပြင်နည်းပါးသည့် သီပေါမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၁၃၉၈ ပေမြင့်ကာ မြို့နယ်၏ ၈၆ ဒသမ ၃၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။ ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့၏ အရှေ့ဘက်မှ ဖြတ်သန်းလျက် မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းနေကာ အနောက်မှအရှေ့သို့ စီးဆင်းနေသည့် နမ့်ပေါ့ချောင်းနှင့်ကျင်သီချောင်းတို့သည် ဒုဋ္ဌဝတီ မြစ်အတွင်းသို့ စီးဝင်သွားကြသည်။ နမ့်ပေါ့ချောင်းသည် သီပေါမြို့လယ်မှ ဖြတ်သန်း စီးဆင်းနေသည်။

စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာရှိသည့် ဒုဋ္ဌဝတီမြစ်သည် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် ၉၃၁ စင်တီမီတာ အမြင့်အထိ ရေမှတ်မြင့်တက်ခဲ့ကာ ဖာဖိတ်ဆည်ကျိုးပေါက်ခဲ့သည်။ ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ ရေတက်လာမှုကြောင့် သီပေါမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇ ခုနှစ် မတ်လတွင် လူဦးရေ ၁၆၂၆၇၇ ဦး ရှိသည့် သီပေါမြို့နယ်တွင် ရှမ်းနှင့် ဗမာလူမျိုးများ အများဆုံး နေထိုင်ကြပြီး ပလောင်၊ လီဆူး အစရှိသည့် အခြားတိုင်းရင်းသား ၁၈ မျိုးလည်းနေထိုင်လျက်ရှိသည်။ မန္တလေး-မူဆယ် မော်တော်ကားလမ်းနှင့် မန္တလေး-လားရှိုးမီးရထားလမ်းပေါ်တွင်တည်ရှိသည့် သီပေါမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ဒေသထွက် လိမ်မွော်၊ နာနတ်၊ ရှောက်ချိုသီးတို့ကို ပြည်မသို့ အများဆုံးတင်ပို့ရောင်းချသည်။ ထို့အတူ သီပေါမြို့နယ်အတွင်း ဂေါ်ဒန်ကျောက်နှင့် ကျောက်မီးသွေးကို ထုတ်လုပ်သည်။

သမိုင်းဝင် အုန်းပေါင်

သီပေါမြို့သို့ ရောက်ရှိခဲ့စဉ် သီပေါမြို့ မတည်မီက စော်ဘွားများ ဟော်နန်းစိုက်ခဲ့သည့် အုန်းပေါင်မြို့ဟောင်းကို ခြေရာခံနိုင်ရန် မြန်မာ့ရှေးဟောင်းမြို့များကို လေ့လာနေသည့် ကျောက်မဲမြို့မှ ဝါသနာရှင် လူငယ်များဖြစ်ကြသည့် ကိုအောင်ထိုက်၊ ကိုပုညဒီပါနှင့် ကိုစိုးရာဇာတို့ လိုက်လံပြသသည့် မြို့ရိုးနေရာဟောင်းများကို သွားရောက် လေ့လာခွင့်ရရှိခဲ့ပါသည်။

Google မြေပုံပေါ်တွင် တွေ့ရှိရသည့် အုန်းပေါင်မြို့ဟောင်းဟု ယူဆရသည့် မြို့ရိုး အဝန်းအဝိုင်းသည် ခရုသင်း တစ်ခုနှင့် ဆင်ဆင်တူနေကာ မြို့ပုံသဏ္ဍာန် အချိုးကျနခြင်းမရှိဘဲ တောင်ဘက်သို့ ချွန်ထွက်နေသည်။

ပေါ်ကြို ဘုရားသမိုင်းကျောက်စာအရ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် တတိယ သံဂါယနာတင်ခဲ့ပြီး ဘုရားရှင်သာသနာ နှစ်ပေါင်း ၅၀၀၀ အရှည်တည်တံ့စေရန် ၈၄၀၀၀ သော ကောင်းမှုများကို ပြုလုပ်ခဲ့သည့်အနက် သီပေါ၊ အုန်းပေါင်မြို့ အနောက်ဘက်၊ ဒုဋ္ဌဝတီမြစ်အနီး၌ စေတီတော်

အုန်းပေါင်မြို့ရိုးဟောင်းတစ်နေရာ



သီပေါမြို့တည် ဆီအိုးကြီးများ

တစ်ဆူကို တည်ထားခဲ့သည်။ ယင်းနေရာကို ဘုရားလောင်းဝက်မင်းဖြစ်စဉ်အခါက ဝက်လူးအိုင် နေရာဟု ယုံကြည်ခဲ့ကြကြောင်း ရေးသားဖော်ပြထားသည်။

အုန်းပေါင် မြို့ဟောင်း၏ အစွန်းနေရာဟု ယူဆရသည့် နေရာတွင် တစ်စိတ်တစ်ပိုင်း ပြိုပျက်နေသည့် အုတ်မြို့ရိုးဟောင်းကိုတွေ့ရှိခဲ့ရသည်။ ယင်းနေရာသည် သီပေါ ကျောက်မဲ မော်တော်ကားလမ်း၏ လက်ဝဲဘက်ရှိ စံဖိတ်ကျေးရွာအပြင်ဘက်ဖြစ်ကာ ပေါ်ကြိုစေတီတော်၏ အရှေ့ဘက်အရပ်ဖြစ်သဖြင့် ကျောက်စာပါ အထောက်အထားအရ အုန်းပေါင်မြို့ဟောင်း အဆုံးနေရာဟု ယူဆရဖွယ်ရှိပေသည်။

အုန်းပေါင်မြို့ဟောင်းသည် ပေါ်ကြိုဘုရား၏ အရှေ့ဘက်တွင် တည်ရှိခဲ့ပြီး သီပေါမြို့ရှိ ဆာစောချယ်သချိုင်းဂူရှိသည့် နေရာမှ စတင်ခဲ့သည်ဟု ယူဆရသည်။ အုန်းပေါင်မြို့ရိုးဟောင်းများရှိသည့် နေရာအချို့တွင် အုတ်မြို့ရိုးမြို့ရာများကို တွေ့ရှိရသကဲ့သို့ အချို့နေရာများတွင်မြေမြို့ရိုးများကို တွေ့ရှိရပေသည်။

မြို့တည် ဆီအိုးကြီးများ

ရှမ်းရာဇဝင်ကျမ်းများအလိုအရ သီပေါစော်ဘွားဆက်သည် ပထမဆုံးစော်ဘွား ခွန်ခမ်းဖော်(သာသနာနှစ် ၄၈၅-၅၂၀) မှ နောက်ဆုံးစော်ဘွားကြီး စဝ်ကြာဆိုင်အထိ ၉၁ ဆက်ရှိခဲ့သည်ဟု ဆိုသည်။ သို့သော် ပထမဆုံးစော်ဘွားတက်ခဲ့ချိန်သည် ခရစ်တော်မပေါ်မီ နှစ် ၆၀ ဝန်းကျင်ဖြစ်နေပြီး ခိုင်မာသော အထောက်အထားများ မတွေ့ရှိသေးပါချေ။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၃ နှစ်တွင် အုန်းပေါင်စော်ဘွားဖြစ်လာခဲ့သည့် ၈၅ ဆက်မြောက်စော်ဘွားကြီး စောကြာခိုင်သည် သီပေါမြို့ကိုတည်ခဲ့စဉ်က မြို့သူမြို့သား၊ နယ်သူနယ်သားများ အေးချမ်းသာယာဝပြောစေရန် ရည်ရွယ်လျက် မြို့ထောင့် လေးထောင့်၌ အစီအမံများပြုလုပ်ကာ ဆီအိုးကြီးလေးလုံးကိုမြှုပ်နှံခဲ့သည်။

သီပေါမြို့သည် အုန်းပေါင်လေးမြို့(သီပေါ၊ မိုင်းလုံ၊ မိုင်းတုံ၊ သုံးဆယ်)ရုံးစိုက်ရာ မြို့အုန်းပေါင်ဟု ထင်ရှားခဲ့ပြီး မြို့တည်ဆောက်ပုံ အနေအထားသည် ထီးဟန် နန်းဟန် ဆန်ခဲ့သည်။

အုန်းပေါင်စော်ဘွားဆက်၊ သီပေါစော်ဘွားများသည် ဟံသာဝတီ၊ အင်းဝ၊ အမရပူရ၊ ရတနာပုံစသည့် မြို့တော်များတွင် နန်းစိုက်ခဲ့ကြသည့် မြန်မာဘုရင်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်။ ယခု သီပေါမြို့တည်ရှိရာ နမ့်ပေါ့ချောင်း တောင်ဘက်တွင် မြို့သစ်တည်ခဲ့သည့် အုန်းပေါင်စော်ဘွား စောကြာခိုင်သည် မက္ခရာ မင်းသား၊ သုံးဆယ် မင်းသားစသော မင်းတုန်းမင်း၏ သားတော်များနှင့်အတူ မင်းရေး၊ မင်းရာ၊ ရာဇဝင်၊ နိပါတ်၊ ပိဋကတ်၊ ဗေဒင် ပညာများကို သင်ယူတတ်မြောက်ခဲ့သည်။

၈၄ ဆက်မြောက် အုန်းပေါင်စော်ဘွားကြီး ခွန်ကြာထွန်းသည် ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်၊သီတင်းကျွတ် လဆန်း ၁၃ ရက်(ခရစ်နှစ် ၁၈၆၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်)တွင် အုန်းပေါင်လေးမြို့အတွင်းရှိ သုံးဆယ်မြို့၌ နတ်ရွာစံခဲ့ပြီးနောက် သားတော် စောကြာခိုင်သည် ၈၅ ဆက်မြောက် အုန်းပေါင် စော်ဘွားအဖြစ် ဆက်ခံ၍ သီပေါမြို့သို့ ရောက်ရှိလာခဲ့သည်။ စော်ဘွားကြီးစောကြာခိုင်သည် နမ့်ပေါ့ချောင်းတောင်ဘက်ရှိ ယခင်မြို့တည်ထားသည့် အုန်းပေါင်မြို့ဟောင်းသည် လူဦးရေ များပြားကာ ရေရှားပါးကြောင်းတွေ့ရှိခဲ့သည်။ ထို့ကြောင့်အုန်းပေါင်မြို့ တောင်ဘက်တွင် မြို့သစ်တည်ရန် အမှုထမ်း ပညာရှိ၊ မင်းတိုင်ပင် ရှမ်းအမျိုးသား အကြီးအကဲများနှင့် ညှိနှိုင်း၍ ပြည်သူများရွှေ့ပြောင်းနေထိုင်ကြရန် ညွှန်ကြားပြီး မြေတိုင်းအမတ်ကြီး ဦးမြို့ကို တာဝန်ပေးအပ်ခဲ့သည်။

မြို့သစ်မတည်မီ ကောဇာသက္ကရာဇ် ၁၂၄၉ ခုနှစ် တပေါင်းလပြည့် (ခရစ်နှစ် ၁၈၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်) စနေနေ့တွင် စော်ဘွားကြီး စံမြန်းမည့် ဟော်နန်းဆောက်လုပ်ရန် ယခု သီပေါမြို့ပြည်သူ့ဆေးရုံနေရာတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

မြို့၏ ထောင့်လေးထောင့်ဖြစ်သော အရှေ့မြောက်ထောင့် ရွှေညောင်ပင်၊ အရှေ့တောင်ထောင့်တွင် ယခု အကောက်ခွန်ဦးစီးဌာနဝင်း၊ အနောက်တောင်ထောင့်တွင် အုတ်ကျင်းရပ်နှင့် အနောက်မြောက်ထောင့်တွင် ယခုမြန်မာရပ်ဩ့ရိပ်သာ ဝင်းနေရာတို့၌ ကွမ်းစီ မင်္ဂလာဦးရင်တိုင် လေးတိုင်ကို စိုက်ထူ၍ ဆီအပြည့် ထည့်ထားသော ဆီအိုးကြီးလေးလုံးကို တစ်လုံးနှင့် တစ်လုံးတာ ၂၅၀ ခြားလျက် တစ်ပြိုင်တည်း မြှုပ်နှံခဲ့သည်။ မြှုပ်နှံထားသော ဆီအိုးကြီးများမှ ဆီများ မခန်းခြောက်သရွေ့ မြို့ရွာ စည်ပင်ဝပြော အေးချမ်းသာယာစေရန် ရည်ရွယ်ခဲ့သည်။

သီပေါ စော်ဘွားကြီးစောကြာခိုင်သည် မန္တလေး မြို့တည် နန်းတည် မင်းတုန်းမင်းကြီးထံပါးတွင် ကြီးပြင်းလာခဲ့သူဖြစ်သဖြင့် မန္တလေးရတနာပုံနေပြည်တော် မြို့သစ်တည်စဉ်က မြို့လေးထောင့်တွင် ဆီအိုးကြီးများမြှုပ်နှံခဲ့သည့် နည်းတူ အုန်းပေါင် သီပေါမြို့သစ်ကို တည်ထောင်ချိန်တွင် ဆီအိုးကြီးများကို မြှုပ်နှံခဲ့သည်။

သီပေါမြို့ တည်နေရာသည် မြေမျက်နှာပြင်ညီညာခြင်း၊ လူနေရပ်ကွက်များကို အကွက်ကျကျ ဖော်ထားခြင်း၊ လမ်းများ ဖြောင့်ဖြူးခြင်း စသည်တို့သည် မန္တလေးမြို့ကဲ့သို့ပင်ဖြစ်သည်။ မြို့တည် ဆီအိုးကြီးများသည် ပိဿာ ၅၀ ဝင် စဉ့်အိုးကြီးများဖြစ်ကာ သုံးပေပတ်လည်၊ သုံးပေအမြင့်နေရာ၌ လေးထောင့် အုတ်ရိုး ပေါင်းကူးနည်းဖြင့် မြှုပ်နှံခဲ့သည်။ မြို့လေးထောင့်မှ ဆီအိုးကြီးများသည် တစ်ထောင့်နှင့် တစ်ထောင့် ၂၇၆ ပေစီ ကွာဝေးကြကြောင်း တွေ့ရှိရသည်။

ဆီအိုးကြီးများမြှုပ်နှံခဲ့သည့် သမိုင်းကြောင်း အထောက်အထားများကို ပြည့်စုံစွာ တွေ့ရှိရသော်လည်း မည်သည့် နေရာတွင် မြှုပ်နှံခဲ့ကြောင်း တိကျစွာ မသိရှိခဲ့ကြရချေ။ သို့သော် သက်တော် ၁၀၅ နှစ်ရှိ နိုင်ငံတော် ဩဝါဒါစရိယ သီပေါဆရာတော် ဘဒ္ဒန္တ လာဘဝံသ၏ မိန့်ကြားချက်ဖြင့် ဆီအိုးကြီးများကို ၁၉၉၂ ခုနှစ်တွင် ရှာဖွေတွေ့ ရှိခဲ့သည်။

ယင်းဆီအိုးကြီးလေးလုံးအနက် မြန်မာရပ်ဩ့ရိပ်သာဝင်းအတွင်းမှ ဆီအိုးတွင် ဆီများအပြည့်ကျန်ရှိနေကာ အကောက်ခွန်ဦးစီးဌာနဝင်းမှ တွေ့ရှိသည့် ဆီအိုးတွင် ဆီများသည် ခြောက်လက်မခန့် လျော့နည်းနေခဲ့သည်။ အုတ်ကျင်းရပ်မှ ဆီအိုးတွင်မူ ဆီများလုံးဝမကျန်ရှိတော့ဘဲ ဆီချိုးခဲများကိုသာတွေ့ရှိခဲ့ရသည်။ ရွှေညောင်ပင်မှ ဆီအိုးမှာမူ မြစ်ရေတိုက်စားရာတွင် ပါရှိသွားခဲ့ဟန်ရှိကာ လုံးဝမတွေ့ ရှိခဲ့ရတော့ချေ။

ယင်းဆီအိုးများကို နှမ်းဆီစစ်စစ်များ အပြည့်ဖြည့်သွင်းကာ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၂ ရက် နံနက် ၇ နာရီတွင် မူလ နေရာများ၌ ပြန်လည်မြှုပ်နှံခဲ့သည်။ ရွှေညောင်ပင်အရပ်တွင်မူ မူလဆီအိုးကို မတွေ့ရှိရတော့သဖြင့် အိုးအသစ်တွင် ဆီအပြည့် ဖြည့်ကာ မြှုပ်နှံခဲ့ရပေသည်။

သို့ဖြစ်ရာ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်း သမိုင်းဝင် သီပေါမြို့တည် ဆီအိုးကြီးများကို ရှေးမူမပျက် ဆီများ ပြန်လည် ဖြည့်သွင်းပြီး မြို့နယ် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့သည်။

ကျောက်မဲ မြေကုန်းများ

ကျောက်မဲမြို့သည် သီပေါမြို့မှ အနောက်ဘက် ၃၆ ကီလိုမီတာ အကွာတွင် တည်ရှိကာ ကျောက်မဲမြို့နယ်သည် အရှေ့မှ အနောက်သို့ ၄၈ မိုင်နှင့် တောင်မှ မြောက်သို့ ၃၃ မိုင်ရှည်လျားကာ မြို့နယ်အတွင်း၌ ရှမ်းလူမျိုး အများဆုံး နေထိုင်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ကျောက်မဲမြို့ကို မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ် ကဆုန်လဆန်း ၈ ရက် (ခရစ်နှစ် ၁၉၀၂ ခုနှစ် မေလ ၁၄ ရက်)၊ ဗုဒ္ဓဟူးနေ့တွင် ယခင်ကျွဲကုန်းကျေးရွာနှင့် ကျောက်မဲကြီးကျေးရွာအကြားတွင် တည်ထားခဲ့သည်။ ကျောက်မဲမြို့ကို သီပေါစော်ဘွား ဆာစောချယ်၊ လားရှိုးအရေးပိုင် မစ္စတာ ဘွန်တန်၊ ကျွဲကုန်းနယ်ပိုင် ဦးခွန်ထွန်းနှင့် ကျောက်မဲနယ်ပိုင် ဦးဆံတို့က ပန္နက်ရိုက်ပေးခဲ့သည်ဟု ဆိုသည်။

ထိုစဉ်က နမ့်တုံမြို့သစ်ဟု ခေါ်တွင်ခဲ့သော်လည်း မြို့သစ်နေရာတွင်တွေ့ရှိရသည့် အနက်ရောင်ကျောက်တုံးများကို အစွဲပြု၍ နောက်ပိုင်းတွင် ကျောက်မဲဟု အမည်တွင်ခဲ့သည်ဟုဆိုကြသည်။ ထို့အတူ ရှေးအခါက ဝန်တင်နွားများ ရပ်နားသည့် စခန်းနေရာဖြစ်ခဲ့သည့် ယင်းနေရာတွင် နွားများ၏ ဝန်တင်ကုန်းနှီးများကို ပြန်လည် ချည်နှောင်လေ့ရှိရာ နွားများက ရုန်းကန် ခုန်ပေါက်သဖြင့် ရှမ်းစကားဖြင့် ပန်ကျောက်မဲ့ဟု ခေါ်ဆိုရာမှ ကျောက်မဲဟုပြောင်းလဲခဲ့သည်ဟုလည်း ယူဆခဲ့ကြသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃၁ ရက် ရက်စွဲဖြင့် ကျောက်မဲမြို့ကို ဖွဲ့စည်းခဲ့ရာ ယခုအချိန်တွင် ကျောက်မဲမြို့နယ်တွင် မြို့သုံးခု(ကျောက်မဲ၊ မိုင်းငေါ့၊ မိုင်းလုံ)၊ ရပ်ကွက် ၂၀၊ကျေးရွာအုပ်စု ၇၁ အုပ်စု၊ ကျေးရွာ ၃၇၈ ရွာ တည်ရှိသည်။

ကျောက်မဲမြို့မှ အနောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိသည့် မိုင်းတင်းကျေးရွာဝန်းကျင်တွင် ထူးခြားသော အဝိုင်းပုံ မြေကုန်းကြီးသုံးခုကို ဖိုခနောက်ဆိုင်ပုံစံ မြင်တွေ့ခဲ့ရသည်။ ယင်းမြေကြီးကုန်းကြီးများကို လိုက်လံပြသခဲ့သူ ကိုအောင်ထိုက်က မြေကျုံးခံတပ်များဟု ယာယီအမည်ပေးခဲ့ကာ မိုင်းတင်းကျေးရွာဝန်းကျင်တွင် မြေကုန်းကြီး ငါးခုနှင့် အသေး လေးခု၊ စုစုပေါင်း ကိုးခု တည်ရှိနေသည်။

ခံတပ်ပုံဖြစ်နေသည့် မြေကုန်းများအနက် အချို့ကုန်းများ၏ ပတ်လည်ရှိ ကျုံးပုံသဏ္ဍာန် မြေချိုင့်တွင် ရေများဝင် နေသော်လည်း အချို့ကုန်းများတွင် ရေဝင်ရောက်နေခြင်းမရှိချေ။ ယင်းမြေကုန်းများသည် အဝိုင်းပုံများဖြစ်ကာ အနောက်ဘက်သို့ မျက်နှာပြုထားကြပြီး ကုန်းပေါ်သို့ တက်သည့် ဝင်လမ်းများအဆုံး မြေပြင်ပေါ်တွင် ချိုင့်ခွက်ကြီးများရှိနေသည်။

သုံးပွင့်ဆိုင်တည်ရှိနေသည့် မြေကြီးကုန်းအကြီးသုံးခုသည် ကျုံးအကျယ် ပေ ၇၀၊ အနက် ၂၃ ပေရှိကာ အဝင်လမ်း အကျယ်သည်၂၃ ပေဖြစ်သည်။ မြေကုန်း၏ ထိပ်ပိုင်းအကျယ်သည် ၁၂၅ ပေရှိ၍ ကုန်းမျက်နှာပြင်သည် ပေ ၁၂၀၀ ရှိသည်။

ခံတပ်အငယ်များမှာမူ ကျုံးအကျယ် ၄၃ ပေ၊ အနက် ၁၃ ပေရှိကာ အဝင်လမ်းအကျယ်သည် ၁၅ ပေဖြစ်သည်။ မြေကုန်း၏ ထိပ်ပိုင်းအကျယ်သည် ၉၅ ပေရှိ၍ ကုန်းမျက်နှာပြင်သည် ပေ ၇၅၀ ရှိသည်။

မိုင်းတင်းရွာ ပါးစပ်ရာဇဝင်များအရ ရွာကို ဘီလူးစားမည် ဟုဆိုသဖြင့် ရွာပတ်လည်တွင် ခံတပ်များကို တစ်ညအတွင်း အပြီးတူးမည်၊ မပြီးမှသာ ရွာသူရွာသားများကို စားရန် ဘီလူးနှင့် ရွာသားများသဘောတူခဲ့ပြီး ခံတပ်များကို တူးခဲ့ကြရာ မိုးလင်းလုနီးတွင် အဝင်လမ်းသာ ကျန်ရှိနေသဖြင့် သိကြားမင်းက ဖန်ဆင်းပေးခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။

ယင်းခံတပ်ဟု ဆိုသည့် မြေကုန်းများသည် ပျက်စီးမှု အလွန်နည်းပါးနေသေးသဖြင့် သက်တမ်းများစွာ မကြာသေးဟု ယူဆနိုင်သော်လည်း မိုင်းတင်းရွာဒေသခံများသည် ဘီလူးရာဇဝင်ကိုသာသိရှိပြောဆိုခဲ့ကြသဖြင့် သမိုင်းနောက်ခံ လမ်းစပျောက် နေခဲ့ရပေသည်။ မည်သို့ပင်ဖြစ်စေ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါအုန်းပေါင်မြို့ဟောင်းနှင့်ကျောက်မဲ မြေကုန်းများသည် စိတ်ဝင်စားဖွယ်သမိုင်းအထောက်အထားများဖြစ်နိုင်သဖြင့် သုတေသနပြုကာ ဖော်ထုတ်နိုင်ကြပါစေကြောင်း ကျောက်မဲမြို့မှ ကိုအောင်ထိုက်နှင့် ရှေးမြို့ဟောင်းများရှာဖွေရေး ဝါသနာရှင် လူငယ်များအား တိုက်တွန်းခဲ့ပါသည်။ ။

ကိုးကား
မြန်မာ့စွယ်စုံကျမ်း အတွဲ (၈)
ဘော်ကြို ဘုရားသမိုင်းကျောက်စာ(၁၃၁၉ ခုနှစ်)
ဘော်ကြို မုဋ္ဌောစေတီ သမိုင်း
ဒေသဆိုင်ရာ အချက်အလက်များ(ကျောက်မဲ၊သီပေါ)

သင်္ကြန်ပိတ်ရက်နီး၍ ရန်ကုန်အဆင်း ကားခဈေးတက်သော်လည်း ကြက်သွန်အာလူးဈေးများ ပုံမှန်တိုင်းရှိ

ရန်ကုန် မေ ၈

သင်္ကြန်ပွဲတော်ရက်ရောက်ရန် ရက်နီးလာချိန် နယ်မှရန်ကုန်သို့ အဆင်းကုန်ကားခနှုန်းထားများ မြင့်တက်လာသော်လည်း ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် မီးဖိုချောင်သုံး ကုန်စည်များ ဈေးမြင့်တက်လာခြင်းမရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု သိရသည်။

သင်္ကြန်ပိတ်ရက်နားနီးချိန် ရပ်ဝေးပြေးကားများသည် ရန်ကုန်အပြန် တင်ပို့ကုန်မသေချာခြင်း၊ နယ်မြို့များတွင် ကုန်ချရန်အချိန်မလုံလောက်ခြင်းတို့ ကြုံတွေ့ရလေ့ရှိသဖြင့် ရန်ကုန်အဝင် ကားနည်းပါးလေ့ရှိကာ ပို့ကုန်ကားခ ဈေးနှုန်းများ မြင့်တက်လာလေ့ရှိကြောင်း နယ်စုံအဝေးပြေး ကုန်ပို့လုပ်ငန်းလုပ်ကိုင်သူ ဘုရင့်နောင်ဝင်းနေ ဦးအောင်မြင့်က ပြောသည်။

အဆိုပါအခြေအနေများကြောင့် နှစ်စဉ်သင်္ကြန်နားနီး မီးဖိုချောင်သုံးကုန်များ ဈေးမြင့်လေ့ရှိသော်လည်း လက်ရှိအနေအထားမှာ ဝယ်လိုအားပုံမှန်ဖြင့် မေ ၆ ရက်က ကြက်သွန်နီတစ်ပိဿာလျှင် လက်ရှိပေါက်ဈေးအောက် ၂၅ ကျပ် ဈေးကျသွားကြောင်း သိရသည်။

ထို့အတူ ဒေသထွက် အာလူးများအဝင်နည်းနေသော်လည်း ဟဲဟိုးအာလူး၊ မူဆယ်မှတစ်ဆင့် ဝင်ရောက်လာသော တရုတ်အာလူးများကြောင့် သင်္ကြန်ပွဲတော်ရက်နီးသော်လည်း ဈေးနှုန်းမြင့်တက်ခြင်းမရှိကြောင်း သိရသည်။

ခင်ဆိုင်

ကျောက်အူချောင်းတံတား တည်ဆောက်နေမှု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည့်ရှုစစ်ဆေး

စေတုတ္တရာ မေ ၈

ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရန်အတွက် မကွေးတိုင်း ဒေသကြီး စေတုတ္တရာမြို့နယ် ပဒါန်း- ငဖဲ- စေတုတ္တရာ- ပွး- လောင်းရှည် ကားလမ်းမကြီးပေါ်တွင် တည်ဆောက်လျက်ရှိသော ကျောက်အူချောင်းတံတားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် အဖွဲ့သည် ယနေ့နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ တံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ်သန်း ၇၅၆ ဒသမ ၀၀ ဖြင့် ၅-၁၂-၂၀၁၈ တွင် စတင်ဆောက်လုပ်ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၂၈၀၊ တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၅ ပေ၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်ပြီး မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်နေမှု အခြေအနေကို တာဝန်ခံ ဦးကြည်မင်း (AE) က ရှင်းပြသည်။

စည်သူလွင်(ပြန်/ဆက်)

သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ

ဂန့်ဂေါ မေ ၈

သင်္ကြန်ကာလတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှု မဖြစ်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က ဂန့်ဂေါမြို့ သာသနာ့ဗိမာန်ရှေ့ ခရေပင်လမ်းဆုံ၊ ပုလဲ-ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့ဝင်လမ်းဆုံ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းရှေ့တို့၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဂန့်ဂေါမြို့ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်တင်မောင်ကို၊ ဂန့်ဂေါမြို့ မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး သံဒိုးတို့နှင့်အဖွဲ့က မော်တော်ယာဉ်အစီး ၅၀၊ ဆိုင်ကယ် အစီး ၁၅၀ တို့ကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး စတစ်ကာ ၁၅၀ ကို ကပ်ထားပေးသည့်အပြင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

စိန်ကျော်

မော်လူး မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ပြည်ထောင်စုလမ်းမကြီးပေါ် စည်ပင်သာဈေးနှင့် ဆုံဆည်းရာ ကဖေးလမ်းဆုံ၌ ယနေ့တွင် သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေကြသည်။

အဆိုပါ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေရာသို့ မော်လူးမြို့ပေါ် ရပ်ကွက်(၆) ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မင်းသိန်းထွန်းနှင့် ယာဉ်/စည်း တာဝန်ခံ ရဲဒုတပ်ကြပ် နေဝင်းထွန်း၊ နယ်ထိန်း တပ်ကြပ်နိုင်ဝင်းစိန်နှင့် ရဲတပ်ဖွဲ့ဝင်များက မော်လူးမြို့ပေါ် လူစည်ကားရာနေရာများဖြစ်သည့် ရွှေဘို - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ စည်ပင်သာယာဈေး၊ ဘူတာလမ်းဆုံ၊ ဆုံဆည်းရာ ကဖေးဆိုင်အနီးတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များအား မှုခင်းကျဆင်းရေး ပညာပေးလုပ်ငန်းများ ဟောပြောကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေကြကြောင်း သိရသည်။

နီတိုး

လက်ကမ်းစာစောင်များ ဖြန့်ဝေနေစဉ်။

အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများ မကြာမီရိတ်သိမ်းတော့မည်

ရေတာရှည် မေ ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံမှ ရေပေးဝေမှုဖြင့် ယခုနှစ် နွေစပါးရာသီ၌ ဧက ၅၀၀၀ လျာထားသော်လည်း အမှန်တကယ် စိုက်ပျိုးရာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးဧကပေါင်း ၆၉၇၃ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မူလကတော့ ဆည်အတွင်းမှာ သိုလှောင်ထားနိုင်တဲ့ ရေပမာဏနဲ့ ဧက ၅၀၀၀ လျာထားတာ။ ဌာနက ကွင်းဝန်ထမ်းတွေနဲ့ ဒေသခံတောင်သူတွေ အတူ ပူးပေါင်းပြီး ဆောင်ရွက်တဲ့အခါမှာ ပိုလျှံရေတွေကို အောက်ကတောင်သူတွေ စိုက်ပျိုးလာနိုင်တယ်။ စနစ်တကျဆောင်ရွက်နိုင်တဲ့အခါကျတော့ အခုလို ဧက ၂၀၀၀ နီးပါး ပိုစိုက်နိုင်တာကို တွေ့ရတယ်" ဟု တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိစိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများမှာ အောင်ရေအတွက် အဆင်ပြေလျက်ရှိ၍ ယခု မေလဒုတိယပတ်အတွင်း စတင်ရိတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း ဇလုပ်ကြီးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဘက်ကျတော့ အပေါ်က တောင်သူတွေ လွှတ်လိုက်တဲ့ ပိုလျှံရေနဲ့ စိုက်ရတာ။ လျာထားချက်ထဲမှာ မပါဘူး။ ဒါပေမယ့် ဆည်မြောင်းဝန်ထမ်းတွေက ကွင်းဆင်းကြည့်တဲ့အခါမှာ အောင်ရေရရှိရေးအတွက် သေချာစီမံဆောင်ရွက်ပေးတော့ ဒီဘက်ကွင်းက တောင်သူတွေအားလုံး အဆင်ပြေကြပါတယ်" ဟု ဝါးရုံတောကျေးရွာနေ နွေစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

သန်းလွင်

တီးတိန်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

တီးတိန် မေ ၈

ချင်းပြည်နယ် တီးတိန်မြို့တွင် လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရေး ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ယနေ့နံနက်က ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးစိုးတင်ဝင်းက အခွန်ဦးစီးဌာနမှ ကောက်ခံသော အခွန်ငါးမျိုးကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိလိုသော အချက်များ မေးမြန်းဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တီးတိန်မြို့ပေါ်မှ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် ဆိုင်များမှ ဆိုင်ရှင်များတက်ရောက်သည်။ အခွန်ဦးစီးဌာနမှ ပြေစာများအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း လက်ကမ်းစာစောင်နှင့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် အခွန်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယာကြီး-ကလေးဝ မော်တော်ကားလမ်း အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိ

ကနီ မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် နယ်စပ်မြို့ဖြစ်သော တမူးမြို့အထိ သွားလာနိုင်သည့် မုံရွာ-ယာကြီး -ကလေးဝ လမ်းပိုင်းကို ရာသီမရွေး သွားလာနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ကနီမြို့နယ်လမ်း ဦးစီးဌာနမှ သိရသည်။

မုံရွာ-ယာကြီး-ကလေးဝလမ်းသည် အရှည် ၁၁၅ မိုင် ၅ ဖာလုံ ရှည်လျားရာ မုံရွာမြို့မှ ကနီမြို့နယ် ယာကြီးကျေးရွာရှိ လမ်းအရှည် မိုင် ၄၀ သည် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘီအိုတီစနစ်ဖြင့် လုပ်ဆောင်လျက်ရှိပြီး ခရီးမိုင် ၄၀ မှ ၁၁၅ မိုင် ၅ ဖာလုံ (ယာကြီးမှ ကလေးဝအထိ)ကို အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ယာကြီး-ကလေးဝ မော်တော်ကားလမ်း အဆင့်မြှင့်တင်မှု ဆောင်ရွက်နေသော လမ်းပိုင်းတစ်နေရာ။

ယခုအခါတွင် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအဖြစ် လမ်းများကို ဖြေလျှော့ခြင်း၊ လမ်းကွေ့ဖြောင့်ခြင်း၊ ဖြတ်မြေ၊ ဖို့မြေလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများပြီးစီးပါက တောင်ဆင်းတောင်တက်နှင့် လမ်းအကွေ့အကောက်များနည်းပါးပြီး ယာဉ်မောင်းချိန် လျော့နည်းကာ လိုရာခရီးကို အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်လာမည်ဖြစ်ကြောင်း သိရသည်။

မုံရွာ- ယာကြီး- ကလေးဝ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာသန်း ၁၈၀ ခန့်ဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလကို သုံးနှစ်ကြာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဋ္ဌေးအောင်(ကနီ)

ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးဆီးချိုဝေဒနာရှင်များကို အခမဲ့ကုသပေးနေ

သန်းထိုက်၊ ဓာတ်ပုံ - ကနူး

ယနေ့မြန်မာနိုင်ငံတွင် ဆီးချို၊ သွေးတိုးနှင့် ကျောက်ကပ်ဝေဒနာခံစားနေရသူတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကုသပေးလျက်ရှိပြီး ဆီးချိုရောဂါအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို ထိခိုက်စေသောကြောင့် မွေးကင်းစမှ ၁၈ နှစ်အရွယ်အထိ ဆီးချို ကလေးငယ်များအတွက် ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်ပင်)မှ လိုအပ်သော အင်ဆူလင်နှင့် အခြားအထောက်အပံ့ပစ္စည်းများကို အခမဲ့ပေးဝေ၍ ကုသပေးလျက်ရှိသည်။

သကြားဓာတ်ကို ပုံမှန်ထိန်းထားနိုင်မှသာ

မြန်မာနိုင်ငံတွင် ဆီးချိုရောဂါအနေဖြင့် ကလေးဆီးချိုရောဂါဖြစ်သောအမျိုးအစား (၁) ကလေး ဆီးချိုနှင့် လူကြီးဆီးချိုဖြစ်သော အမျိုးအစား (၂)လူကြီးဆီးချိုဟူ၍ ခွဲခြားထားသည်။ အမျိုးအစား(၁)ကလေးဆီးချိုမှာ ကိုယ်ခန္ဓာအတွင်း သကြားဓာတ်များနေသော အခြေအနေတွင် ကလေးဆီးချိုကို ဖြစ်ပေါ်စေလျက် အသက် ၂၅ နှစ်အောက်တွင် အဖြစ်များ၍ မည်သည့်အသက်အရွယ်တွင်မဆိုလည်း ဖြစ်ပွားတတ်သည်။ မိမိစားသောက်လိုက်သော အစားအစာများမှ ကိုယ်ခန္ဓာအတွင်း သကြားဓာတ်အဖြစ်သို့ ပြောင်းလဲသွားစဉ် ထိုသကြားဓာတ်အား ကိုယ်ခန္ဓာမှ လိုအပ်သလို အသုံးချနိုင်ရန်အတွက် အင်ဆူလင်ဟုခေါ်သော ဟော်မုန်းလိုအပ်ရာ သရက်ရွက်မှ ထွက်ရှိသော အင်ဆူလင်သည် ခန္ဓာကိုယ်အတွက် လိုအပ်သလောက် ထုတ်လုပ်ပေးနိုင်မှသာ သကြားဓာတ်ကို ပုံမှန်ထိန်းထားနိုင်မည်ဖြစ်သည်။

ယူဆ

ယနေ့ကလေးငယ်များတွင် ဖြစ်ပေါ်နေသည့် အမျိုးအစား(၁)ကလေးဆီးချိုသည် မိမိခန္ဓာကိုယ်အတွင်းရှိ သရက်ရွက်အတွင်းမှ အင်ဆူလင်ထုတ်လုပ်ပေးသော ကလာပ်စည်းများကို မိမိကိုယ်ခံစွမ်းအားစနစ်မှ ပြန်လည်တိုက်ခိုက်ခြင်းကြောင့်ဖြစ်ပြီး ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် အင်ဆူလင်ထုတ်လုပ်နိုင်စွမ်း ကျဆင်းလာခြင်းဖြစ်ရာ အင်ဆူလင်မရှိသည့်အတွက် သွေးတွင်းသကြားဓာတ်များလာခြင်း ဖြစ်သည်။ အမျိုးအစား(၁)ကလေးဆီးချိုဖြစ်နိုင်သော တိကျသေချာသည့် အကြောင်းအရာများကို သုတေသနပြုလျက်ရှိပြီး မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်မှ အချို့သောအကြောင်းအရာများ ပေါင်းစပ်ခြင်းကြောင့် အဆိုပါရောဂါဖြစ်နိုင်သည်ဟု ယူဆထားသည်။

လက္ခဏာ

အမျိုးအစား(၁)ကလေးဆီးချိုခံစားနေရပါက ကလေးသည် မကြာခဏဆီးသွားခြင်း၊ ရေငတ်လာခြင်း၊ နွမ်းနယ်နေခြင်းနှင့် တဖြည်းဖြည်းပိန်လာခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်တတ်သည်။ အချို့ကလေးများမှာ အချိန်ကာလခဏအတွင်း ရောဂါလက္ခဏာများ သိသာထင်ရှားလာတတ်ခြင်း၊ လအတော်ကြာမှသာ သိသာထင်ရှားလာတတ်ခြင်းတို့ ဖြစ်ပေါ်တတ်ကာ ထိုလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာ ဆရာဝန်နှင့်ကျန်းမာရေးဌာနတို့တွင် သွေးတွင်းသကြားဓာတ်ကို စစ်ဆေး၍ သကြားဓာတ်များနေပါက နီးစပ်ရာ ဆရာဝန်၊ ကလေးဆရာဝန်နှင့် ရောဂါကို တားဆီးကာကွယ်နိုင်သည်။

မိမိကိုယ်တိုင်ကုသနိုင်

မိမိတို့၏ရင်သွေးများ ကလေးဆီးချိုခံစားနေရပါက မိမိတို့ကိုယ်တိုင်ကုသနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားရာ ကိုယ်ခန္ဓာအတွင်း အင်ဆူလင်လုံလောက်စွာ မရရှိခြင်းကြောင့် ကလေးဆီးချိုရောဂါ ခံစားရခြင်းဖြစ်၍ အင်ဆူလင်ကို နေ့စဉ်ထိုးပေးခြင်းဖြင့် ကုသနိုင်ကြောင်း၊ အင်ဆူလင်ထိုးရမည့် ပမာဏနှင့် မည်ကဲ့သို့ ထိုးရမည်ကို ဆရာဝန်က သင်ကြားပေးမည်ဖြစ်ပြီး သောက်ဆေးဖြင့် ကုသ၍ မရသောရောဂါဖြစ်သောကြောင့် သွေးတွင်းသကြား ဓာတ်ကို နေ့စဉ်စစ်ဆေးပေးရန် လိုအပ်ကြောင်းသိရသည်။

ရန်ကုန်ကလေးဆေးရုံကြီး၏ တိုးချဲ့ဆောင်သစ်။

ဆက်သွယ်နိုင်

သွေးအတွင်းသကြားဓာတ်များနေပါက ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်ပင်) ကလေးဆီးချိုဌာန ဖုန်း ၀၉-၄၀၄၄၇၇၁၄၇ သို့ (ရုံးချိန်အတွင်း) တိုက်ရိုက်ဆက်သွယ်နိုင်ပြီး ရန်ကုန်ကလေးဆေးရုံကြီးမှ ဆီးချိုဖြစ်ပွားနေသော ကလေးငယ်များအတွက် အင်ဆူလင်နှင့် အခြားလိုအပ်သော ပစ္စည်းတို့ကို အခမဲ့ ကူညီပံ့ပိုးကုသပေးလျက်ရှိသည်။

ဘယ်လောက်ကြာအောင် ကုရမလဲ

ကလေးဆီးချိုသည် တစ်သက်လုံးကုသရမည့် အခြေအနေမျိုးဖြစ်ပြီး ယခုချိန်ထိ အမျိုးအစား(၁) ကလေးဆီးချို ပျောက်ကင်းရန် ကုသနိုင်မည့် နည်းလမ်းရှာဖွေနေဆဲဖြစ်၍ မိမိကလေးတွင် စတင်ဖြစ်ပွားနေသည်ဟု သိရှိပါက ချက်ချင်းဆေးရုံသို့ လာရောက်ကုသခြင်းဖြင့် ကလေး၏ ကျန်းမာရေးကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

ပုံမှန်နေထိုင်နိုင်

အမျိုးအစား(၁)ကလေးဆီးချိုသည် အချိုအလွန်အကျွံစား၍ ဖြစ်ပွားခြင်းမဟုတ်သလို အဝလွန်ခြင်းကြောင့် ဖြစ်ပွားခြင်းလည်း မဟုတ်သည့်အတွက် ကလေးငယ်သည် နေ့စဉ်လူမှုဘဝတွင် ပျော်ရွှင်စွာနေထိုင်နိုင်ပြီး အခြားကလေးငယ်များကဲ့သို့ ပုံမှန်ဆော့ကစားခြင်း၊ ကျောင်းတက်ခြင်းဖြင့် လူမှုဝန်းကျင်တွင် နေထိုင်နိုင်သည်။

"ရန်ကုန်ကလေးဆေးရုံကြီးမှာ ကလေးဆီးချို ပြင်ပလူနာဌာနကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့တာပါ။ ကလေးမှာ ဆီးချိုဖြစ်တယ်ဆိုတာနည်းနည်းတော့ လူသိနည်းတယ်။ လူကြီးမှာ ဆီးချိုဖြစ်တာများတယ်။ ကလေးမှာ အဖြစ်များတာက အမျိုးအစား(၁) ဆီးချိုနဲ့ လူကြီးမှာဖြစ်တာက အမျိုးအစား(၂)ဆီးချိုဆိုပြီး ခွဲခြားထားပါတယ်။ အမျိုးအစား (၁) ဆီးချိုနဲ့ အမျိုးအစား (၂) ဆီးချိုဖြစ်ပွားတဲ့ နောက်ခံအကြောင်းအရာတော့ ကွာခြားတယ်။ ကလေးဆီးချိုဖြစ်တာက ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်မထုတ်နိုင်လို့ ဖြစ်တာ။ အင်ဆူလင်က သကြားဓာတ်ကို ချပေးတဲ့ ဟော်မုန်းဓာတ်တစ်ခုပါ။ အင်ဆူလင်မှာ သောက်ဆေး မရှိတာကြောင့် ထိုးဆေးအဖြစ်ပဲ ပေးရပါတယ်။ တစ်နေ့ နှစ်ကြိမ် (သို့) လေးကြိမ် အင်ဆူလင်ဆေးကို ထိုးပေးဖို့ လိုပါတယ်" ဟု ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာမြတ်စန္ဒာသိန်းက ပြောကြားသည်။

> **"သွေးအတွင်းသကြားဓာတ်များနေပါက ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်ပင်) ကလေး ဆီးချိုဌာန ဖုန်း ၀၉-၄၀၄၄၇၇၁၄၇ သို့ (ရုံးချိန်အတွင်း) တိုက်ရိုက်ဆက်သွယ်နိုင် ပြီး ရန်ကုန်ကလေးဆေးရုံကြီးမှ ဆီးချိုဖြစ်ပွားနေသော ကလေးငယ်များအတွက် အင်ဆူလင်နှင့် အခြားလိုအပ်သောပစ္စည်းတို့ကို အခမဲ့ ကူညီပံ့ပိုးကုသပေးလျက်ရှိသည်"**

ဖွင့်လှစ်ကုသပေး

အင်ဆူလင်ဆေးထိုးရန် ဆေး၊ အပ်နှင့် သကြားဓာတ် စစ်ရန် ဆီးချိုစမ်းသောစက်၊ ဆီးချိုစစ်ရန် ပလိတ်ပြားများ လိုအပ်ရာ နေ့စဉ်ငွေကုန်ကျနိုင်ပြီး ရပ်ဝေးဒေသနှင့် တောင်ပေါ်ဒေသတို့တွင် ထိရောက်စွာကုသနိုင်မှုမရှိပါက ဆီးချိုအဆိပ်တက်၍ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားတတ်လေ့ရှိသည်။ ထို့ပြင် အချိန်မီ ကုသမှုမရှိပါက ဆုံးပါးတတ်သောကြောင့် ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးဆီးချို ဝေဒနာရှင်တို့အတွက် အင်ဆူလင်နှင့် အခြားအထောက်အပံ့ပစ္စည်းများကို မွေးကင်းစမှ အသက် ၁၈ နှစ်အထိ အခမဲ့ပေးဝေလျက်ရှိကာ ထိုရောဂါအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ဆေးရုံခြောက်ခုတွင် ကုသပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင်

ဆေးဝါးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိတ်ဖက်အလှူရှင်များက ထောက်ပံ့ပေးလျက်ရှိပြီး နယ်ဒေသများဖြစ်သော လွိုင်ကော်၊ ဘားအံ၊ ပင်းတယရှိ ဆေးရုံသို့ ရန်ကုန်တိုင်းကလေးဆေးရုံကြီးမှ အင်ဆူလင်နှင့် အခြားပစ္စည်းများကို အခမဲ့ပေးပို့လျက်ရှိကာ တစ်နိုင်ငံလုံးတွင် အသက် ၁၈ နှစ်အထိ ကလေး ၁၇၀ ကျော်ကို ကုသပေးလျက်ရှိကြောင်း သိရသည်။

ကြိုးပမ်းဆောင်ရွက်

အမျိုးအစား(၁)ကလေးဆီးချိုနှင့် ဟော်မုန်းပြင်ပလူနာဌာနများကို ရန်ကုန်ကလေးဆေးရုံနှင့်အတူ ရန်ကုန်ဆေးရုံကြီး (ဟော်မုန်းရောဂါဌာန)၊ မြောက်ဥက္ကလာပဆေးရုံ၊ မန္တလေးဆေးရုံ(ဟော်မုန်းရောဂါဌာန)၊ မန္တလေးခုတင် ၅၅၀ ကလေးဆေးရုံနှင့် မကွေးဆေးရုံ (ကလေးဆီးချိုပြင်ပလူနာဌာန) တို့တွင် ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဆက်လက်၍ နေပြည်တော်ဥတ္တရသီရိကလေးဆေးရုံနှင့် တောင်ကြီးဆေးရုံတို့တွင် ဖွင့်လှစ်ကုသနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကုသပေးလျက်ရှိ

မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက် ကလေးဆီးချိုရောဂါကို ၂၀၁၄ ခုနှစ်တွင် ၂၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၅ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၉ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၇၂ ဦးဖြင့် စုစုပေါင်း ၁၇၁ ဦးကို ကုသပေးလျက်ရှိပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကလေးခြောက်ဦးကိုလည်း ကုသပေးနေသောကြောင့် တစ်နိုင်ငံလုံးအနေဖြင့် ၁၇၇ ဦးကို ရန်ကုန်ကလေးဆေးရုံကြီး (ဟယ်ပင်)မှ ကုသပေးလျက်ရှိသည်။ ။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များကို အသိပညာပေး

ပလောက် မေ ၈

နွေရာသီ၌ မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားနိုင်သဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြိတ်ခရိုင် ပလောက်မြို့ ဆင်ထိုးကြီးကျေးရွာ၌ စက်သုံးဆီအရောင်းဆိုင်များကို လောင်စာဆီများ စနစ်တကျသိုလှောင်ထားရှိရန်နှင့် မီးသတ်ဆေးဘူးများ ထားရှိရန်တို့ကို ယနေ့ နံနက်က ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆင်ထိုးကြီးကျေးရွာအတွင်းရှိ စက်သုံးဆီအရောင်းပိုင်ရှင်များနှင့် တွေ့ဆုံအသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ဦး (ပြန်/ဆက်)

ကျိုင်းလပ်မြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းပြုလုပ်

ကျိုင်းလပ် မေ ၈

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယမန်နေ့က ကျိုင်းလပ်မြို့ နမ့်ငေါ့ကျေးရွာ နှစ်ခြင်းဘုရားကျောင်းရှိခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းလပ်မြို့ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဟိန်းကျော်မိုးက ပွင့်လင်းရာသီဖြစ်သည့်အတွက် မီးများ ကိုင်တွယ်အသုံးပြုရာတွင် မပေါ့ဆသင့်ကြောင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများကို စစ်ဆေးအသုံးပြုသင့်ကြောင်း၊ မီးစတင် လောင်ရခြင်း၏ အကြောင်းများ၊ မီးအမျိုးအစားအလိုက် ငြိမ်းသတ်နိုင်သောနည်းလမ်းများကို ရှင်းလင်းခဲ့သည်။

ဆက်လက်၍ ကျိုင်းလပ်မြို့ နယ်မြေခန်းမှူး ရဲအုပ်တင်လင်းမောင်က နေအိမ်၌ မီးလောင်မှုဖြစ်ပွားပါက ဥပဒေအရ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်းနှင့် ဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးလောင်နေစဉ်အတွင်း စတင်လုပ်ကိုင်ဆောင်ရွက်ချက်များ၊ မီးငြိမ်းသတ်ပုံများနှင့် မီးသတ်ဆေးဘူးအမျိုးအစားများ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ပြီး မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း (ပြန်/ဆက်)

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော်တွင် (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

မြိတ် မေ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ မဟာသိဒ္ဓိဇယစေတီတွင် (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၃ ရက်မှ ၇ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာသိဒ္ဓိဇယစေတီဗုဒ္ဓပူဇနိယပွဲတော်ကို ယမန်နေ့က စေတီတော်ရင်ပြင်၌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးနှင့် ခေတ္တ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ကြပြီး တိုင်းမှူး ဗိုလ်မှူးကြီးက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်

ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် စေတီလိုဏ်ဂူအတွင်း၌ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် ဘဒ္ဒန္တစန္ဒာဘာသစန္ဒာရုံ စံကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူခဲ့ကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

မဟာသိဒ္ဓိဇယစေတီတော်တွင် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း နေ့စဉ်ဝတ်အသင်းအဖွဲ့များက ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ မဟာသမယသုတ်များကို မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း၊ ၁၄ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် တန်ခူးလဆန်း ၇ ရက် ညနေ ၄ နာရီတွင် သံဃာတော်နှင့် သီလရှင် ၁၀၈ ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

မြေအောက်ရေသုံးစွဲမှုလျှော့ချနိုင်ရေး မိုးရေစုဆောင်းသော ရေကန်ငယ်များ တူးဖော်

မိတ္ထီလာ မေ ၈

မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အပူပိုင်းဒေသရှိ ကျေးရွာများ မြေအောက်ရေသုံးစွဲမှု လျှော့ချနိုင်ရေး ကျေးရွာများ လိုအပ်ချက်ဖြစ်သော မိုးရေစုဆောင်းသော ရေကန်ငယ်များ တူးဖော်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ အပူပိုင်းဒေသရှိ ကျေးရွာများ မြေအောက်ရေသုံးစွဲမှု လျှော့ချနိုင်ရေး ကျေးရွာများ လိုအပ်ချက်ဖြစ်သော မိုးရေစုဆောင်းသော ရေကန်ငယ်များတူး ဖော်တည်ဆောက်ပေးခြင်းဖြင့် အပူပိုင်းဒေသတွင် ဆောင်ရွက်နေသော စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပြည်သူများမှ အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်စေရန် ရည်ရွယ်၍ ရေကန်ငယ်များ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာလိုအပ်ချက်ဖြင့် ဆည်အောင်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၅၀၊ အနက် ၆ ပေရှိ ရေကန်ကို မတ် ၂၀ ရက်မှ စတင်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တာဝန်ယူ၍ တည်ဆောက်ပေးခဲ့ကြောင်း၊ အဆိုပါ ရေကန်ငယ်တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ဆည်အောင်ကျေးရွာကို ရေကန်ငယ် တူးဖော်ဆောင်ရွက်ပြီးစီး၍ မေ ၆ ရက်က ၎င်းကျေးရွာမှ ကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မိတ္ထီလာမြို့နယ်မှ မိုးရေစုဆောင်းရန် တူးဖော်ထားသော ရေကန်ငယ်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်အောင်နှင့် ဝန်ထမ်းများ၊ ဆည်အောင်ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

အခြေခံလျှပ်စစ်သံဂဟေဆက် နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍(အခမဲ့) ဖွင့်လှစ်ခဲ့သော အခြေခံလျှပ်စစ် သံဂဟေဆက်နည်းပညာသင်တန်းဆင်းပွဲကို မေ ၆ ရက်က တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းအခမ်းအနားတွင် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ပဓာန၊ နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစာရက သင်တန်းဆင်းသြဝါဒစကား မြွက်ကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအားဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်နှင့် ထုတ်ကုန်ပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ သင်တန်းကို မတ် ၁၈ ရက်မှစ၍ ရက် ၂၀ ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းသား ၃၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့နယ်လှည့်ကွင်းဆင်းဆောင်ရွက်

ပြင်ဦးလွင် မေ ၈

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ နယ်လှည့်ကွင်းဆင်းကုသခြင်းလုပ်ငန်းကို ယမန်နေ့က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂၁၊ မိုးကြိုးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ သွားဘက်ဆိုင်ရာဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများ ကွင်းဆင်းဆောင်ရွက်ရာ လွှတ်တော်ကိုယ်စားလှယ်များ ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လာရောက်အားပေးကြည့်ရှုကြသည်။

အဆိုပါ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အခမဲ့နယ်လှည့်ကွင်းဆင်းကုသခြင်းလုပ်ငန်းတွင် ဆရာဝန် ၂၂ ဦးတို့ ဖြင့် မေ ၆ ရက်က ပြင်ဦးလွင် မြို့နယ် အနီးစခန်း (ဈေးကုန်း) အထကကျောင်းခန်းမ၌ လူနာ ၁၁၄ ဦးတို့ကို အခမဲ့ကွင်းဆင်းကုသပေးခဲ့ပြီး မေ ၇ ရက်တွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး ၂၁ မိုးကြိုးကွက်သစ် အထကကျောင်းခန်းမ၌ လူနာ ၁၀၆ ဦးတို့ကို ထပ်မံကွင်းဆင်းကုသဆောင်ရွက်ခဲ့သည်။

ယခုလို ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို နယ်မြေဒေသအထိ တာဝန်ရှိသူများက အခမဲ့ နယ်လှည့်ကွင်းဆင်းကုသဆောင်ရွက်ပေးခဲ့သောကြောင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ပြည်သူများကိုယ်စား ဝမ်းသာပီတိဖြစ်ရကြောင်း ကျေးရွာနေ ပြည်သူတစ်ဦးထံမှ ကြားသိရသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

ငါးလုပ်ငန်းရာသီအတွက် ကလေးခရိုင်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို ဈေးပြိုင်စနစ်ဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများအား ပထမအကြိမ် အိတ်ဖွင့်လေလံတင်ရောင်းချမည်

ကလေး မေ ၈

ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများမှ ငါးအထွက်နှုန်းတိုးတက်စေရန်၊ အင်းနယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် အင်းရာသီအတွင်း ငါးကုန်/ရေခမ်းဖမ်းဆီးခြင်း မပြုလုပ်ဘဲ အင်းရေချန်/ ငါးချန်စနစ် လုပ်ကိုင်စေရန်တို့ကိုရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈- ၂၀၁၉ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်ငန်း လုပ်ကိုင်သူများအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် အိတ်ဖွင့်လေလံတင် ရောင်းချပေးခြင်းကို မေ ၉ ရက် နံနက် ၁၀ နာရီ တွင် လေလံစည်းကမ်းချက်များနှင့်အညီ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူးရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်းများမှာ ကလေးမြို့နယ်တွင် အင်းဒင်အင်း၊ ကလေးအင်း၊ တိန်ညှင်းအင်း၊ ရာဇဂြိုဟ်အင်းနှင့် မင်းကင်းမြို့နယ်တွင် ကံအင်း၊ သင်တောအင်း၊ ဘိုင်အင်း၊ မတောအင်း၊ တုံအင်း၊ ဘင်အင်း၊ ပင်တင်းအင်း၊ ပန်းဆက်အင်း စုစုပေါင်း အင်း ၁၂ နေရာတို့ဖြစ်ကြပြီး အဆိုပါ အင်းများအတွက်တင်ပြရမည့် စပေါ်ငွေမှာ အင်းတစ်နေရာလျှင် ၁၀၀ ရာခိုင်နှုန်းစီဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ အိတ်ဖွင့်လေလံတင်ရောင်းချခြင်း ကြော်ငြာအရ သိရသည်။

“ ဂရန်အင်းများဟာ နိုင်ငံတော်ပိုင် သယံဇာတတွေ ဖြစ်တယ်။ အင်းလုပ်ငန်းဟာ သဘာဝက ထွက်ရှိတဲ့ ငါးတွေကို ဖမ်းဆီးရတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ရေရှည်စဉ်ဆက်မပြတ် ငါးဖမ်းဆီးထုတ်လုပ်နိုင် ဖို့အတွက် အဲဒီဂရန်အင်းရဲ့ ငါးမျိုးစိတ်တွေ မျိုးမသုဉ်းစေရေး၊ ငါးမျိုးတွေ ပြန်နှံ့တီးနိုင်တဲ့ တရားမဝင်ငါးဖမ်းကိရိယာတွေ အသုံးပြုခြင်းကနေ ကာကွယ်ကြီးကြပ်ရေး၊ ငါးရစ်ငါးသန် ရာသီချိန်တားမြစ်ကာလ ငါးဖမ်းဆီးမှု မရှိစေရေးတို့ကို အင်းလေလံဆွဲ ဝယ်ယူရရှိသူတွေက တာဝန်ရှိမှု၊ တာဝန်သိမှု အသိစိတ်ဓာတ်ရှိရှိနဲ့ အလေးထားဖို့ အခုလို ဆောင်ရွက်တာဖြစ်တယ်” ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်းများကို လေလံတင်ရောင်းချရာတွင် မည်သည့်ဌာန အဖွဲ့အစည်းကိုမဆို ဦးစားပေးအဆင့် မထားရှိဘဲ ပွင့်လင်းမြင်သာစွာ အများရှေ့မှောက်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ ပန်းကြေးပေးထားသကဲ့သို့ အပြန်အလှန် ညှိနှိုင်းဈေးနှုန်းဖြင့် ဆွဲဝယ်နေသည်ဟုအဖွဲ့မှ သုံးသပ်မိပါက ဆက်လက်ရောင်းချခြင်းမပြုဘဲ ဆိုင်းငံ့ရမည်ဖြစ်ပြီး နောက်တစ်ကြိမ် လေလံရက်တွင် ပြန်လည်လေလံတင် ရောင်းချမည်ဖြစ်ကြောင်း၊ ပန်းကြေးတောင်းခံရယူကြောင်း တိကျစွာ ဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးကို လေလံဆွဲဝယ်ခွင့်ရုပ်သိမ်းပြီး ငါးလုပ်ငန်းဦးစီး ဌာနအမည်ပျက်စာရင်းတင်သွင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ အိတ်ဖွင့်လေလံတင် ရောင်းချခြင်းကြော်ငြာ၊ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(ခ)ပါ စာအမှတ်၊ ခငလ- ကလ/ အင်းအိုင်/ ၂၀၁၉ ၁၂၂ အရ သိရသည်။

ချင်းတွင်းသား

Request for Letter of Interest

British American Tobacco Myanmar Limited
Plot No. 55-56, Survey Ward No. 14
Shwe Than Lwin Industrial Zone
Hlaing Tharyar Township
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င)အရ One Global System Trading Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၁၆၀/၂၀၁၂-၂၀၁၃(ရက) ၅-၁-၂၀၁၃ ဖျက်သိမ်းခြင်းကို ၃-၆-၂၀၁၉ရက် နံနက်(၁၀း၀၀)နာရီတွင် အမှတ်(၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိအစည်းအဝေးခန်းမ၌ အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးမျိုးမြင့်
စဉ်-၆၈၄၈၊ တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/သူရိယ)၊ ဦးပိုင်အမှတ် ၅၈၊ ဧရိယာ ၀ဒသမ၁၃၁ဧကအနက် ဧရိယာ(၀ဒသမ၀၈၁)ဧကအား ဦးမျိုးမင်းအောင် (ဘ)ဦးအောင်ညွန့် ၉/တဇန(နိုင်)၀၉၉၃၄၁မှ တပ်ကုန်းမြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၁၂၉/၂၀၁၉)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁/ရှင်စောပု)၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ(၀ဒသမ၀၇၃)ဧကအား ဦးမျိုးမင်းအောင် (ဘ)ဦးအောင်ညွန့် ၉/တကန(နိုင်)၀၉၉၃၄၁မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၁၃၀/၂၀၁၉)၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ မင်းကြီးရန်အောင်)၊ ဦးပိုင်အမှတ် ၂၀၄၊ ဧရိယာ ၀ဒသမ၁၃၁ဧကအား ဒေါ်ခင်သက်မာဝင်း (ဘ)ဦးမောင်ကို ၉/တကန(နိုင်)၁၂၅၃၆၄မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၁၃၂/၂၀၁၉)၊ ပေးကမ်းခြင်းအရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လားရှိုးမြို့၊ ကျက်သရေဆောင်

“ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး” လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင် အပေါင်းတို့မှ 9" ပတ်လည် ရွှေပြား(၁)ချပ်(၁၅၀၀၀ိ/)နှုန်းဖြင့် အောက်ပါဘဏ်ငွေစာရင်းသို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း။

၁။ မြန်မာ့စီးပွားရေးဘဏ် - SP.026949

၂။ ကမ္ဘောဇဘဏ် - 18630418600327201

၃။ ရိုးမဘဏ် - 000744198001607

ဆက်သွယ်စုံစမ်းရန်

ဂေါပကအဖွဲ့ရုံး - 082-30499, 09-403746222

ဂေါပကအဖွဲ့ ဥက္ကဋ္ဌ - 09-5262130

ဂေါပကအဖွဲ့ တွဲ-မှူး - 09-427740172

ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး- 09-257448907

အင်ကြင်းမြိုင်သာသနာ့ရိပ်သာ သင်္ကြန်ခုနစ်ရက်စခန်းဖွင့်မည်

ဗုဒ္ဓနည်းကျမဟာစည်ဆရာတော်ကြီး၏ နည်းညွှန်ချက်အတိုင်း မြတ်သတိပဋ္ဌာန် အကျင့်မှန်တရားကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းဝိုင်း အင်ကြင်းမြိုင် သာသနာ့ရိပ်သာ၌ ဧပြီ ၁၃ရက် (စနေနေ့)မှ ဧပြီ ၁၉ရက် (သောကြာနေ့)အထိ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၃ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ပါ၍ သူတော်စင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း။

ဖုန်း-၀၉-၄၃၀၉၅၅၀၁၊ ၀၉-၆၉၆၉၆၄၅၆၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(ဟော်လေးလုံးကွက်သစ်)၊ ဦးပိုင်(၃၄)၊ ဧရိယာ ၀ဒသမ၁၃၇ဧကရှိ မြေဂရန်အမှတ်အမှတ် ၁၂၈၈-၅/၉၀-၉၁(အေ) ဦးမြခင်အမည်ပေါက်မြေဖြစ်ပြီး ၁၄-၂-၁၁ရက်တွင် ဦးလီလာရမ်(ခ) ဦးစိုးမြင့်သို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၂၅-၁၂-၁၇ရက်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၃I/၂၀၁၉)ဖြင့် ဒေါ်မန်းမာယာ ၉/မကန(နိုင်)၀၈၇၂၁၅သို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တတိယတန်းမှ အောင်ကောင်းဆက်ပိုင်၏ဖခင် ကော်ရှင်းရီ၏ အမည်မှန်မှာ ကော်ရှင်းရှီ ၁၃/ကခန(နိုင်)၀၆၉၃၃၆ ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်ကျောင်း၊ စတုတ္ထတန်းမှ မခိုင်သဇင်၏ဖခင် ဦးမြေကြီး၏အမည်မှန်မှာ ဦးမကွေး ၁၃/လရန(နိုင်)၂၃၁၇၃၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်(၇၁၅)၊ ဧရိယာ ၀ဒသမ၀၉၆ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၄၃၄-၅/၂၀၁၀-၂၀၁၁(စီ) ဦးသိန်းစိုး အမည်ပေါက်မြေဖြစ်ပြီး ၁-၇-၂၀၁၅ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ်(၃၂၀I/၂၀၁၅)ဖြင့် ဦးမျိုးသီဟကျော်သို့ လွှဲပြောင်းရောင်းချထားရာ ၎င်းမှာ ၁၄-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွား၍ ဇနီးဖြစ်သူ ဒေါ်ဝင်းမြတ်မော်မှ ကျမ်းကျိန်၍ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်(၂၅၈I/၂၀၁၈)ဖြင့် လွှဲပြောင်းပိုင်ဆိုင်ခဲ့ပါသည်။ ၇-၁၂-၂၀၁၈ ရက်တွင် ဒေါ်ဝင်းမြတ်မော်မှ ဒေါ်တင်မာအေးသို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၈-၁-၂၀၁၉ ရက် အရောင်းအဝယ်စာချုပ်အမှတ်(၂၈၀I/၂၀၁၉)ဖြင့် ဦးကျော်စိုးဝင်း ၅/ပလန(နိုင်)၀၆၉၀၇၇ သို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ အကွက်အမှတ်(၁+၁၀ တိုးချဲ့)၊ ဦးပိုင် (၁၇၇)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေကွက်အား ဒေါ်ဇူစေးနား ၁၃/သနန(နိုင်)၀၂၂၉၇၃ မှ မြို့မြေခွန်ပြေစာများနှင့် မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ရက်(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့ ရပ်ကွက်(၁၀)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၇၃/မြို့ဝမ်ရပ်)၊ ဦးပိုင်(၂၁)၊ ဧရိယာ၀ဒသမ၂၃၈ ဧကရှိ မြေကွက်အား ဦးစိုင်းကျော် ၁၃/လရန(နိုင်)၀၁၆၀၃၆ နှင့် ဒေါ်နန်းရွှေကြိုး ၁၃/လရန(နိုင်)၀၁၆၁၂၂ တို့မှ မြို့မြေခွန်ပြေစာများနှင့် မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါကရက်(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄ ၁၁၊၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဒုတိယတန်းမှ မောင်ယုန်ကျိန်း(ခ) မောင်ကျော်မြင့်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဆွမ်တီး၏ အမည်မှန်မှာ နန်းမွေဖောင်ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဆွမ်ချင်၏ အမည်မှန်မှာ နန်းမွေခမ်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ အိမ်အမှတ်(၆)၊သံလွင်လမ်းမှ မလွမ်းညွှယ်(ခ) မိုးနှင်းဆီ ၁၃/လရန(နိုင်)၀၉၁၂၈၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမွေစားအမွေခံသမီးဖြစ်ကြောင်း

မသင်းသင်းအေးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မဲခင်းကြီးကျေးရွာ ဦးဖိုးနီ-ဒေါ်ခင်သန်းမြတို့၏ အမွေစားအမွေခံသမီးဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ်၂၇၊ ဦးပိုင်၄၄၊ ဧရိယာ ၀ဒသမ၀၉၀ ဧကရှိ ဒေါ်ကြည်နု၊ ဒေါ်ခင်လှလှ၊ ဒေါ်ခင်မမအမည်ပေါက် မြေဂရန်တွင် မိခင် ဒေါ်ကြည်နု ကွယ်လွန်၍ ဦးဝင်းနိုင်ပါ အမွေဆိုင်မောင်နှမရှစ်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်မှတ်ပုံတင်အမှတ် (၁၃၃/၂၀၁၉)အရလည်းကောင်း၊ ဦးဝင်းနိုင်ပါ မောင်နှမခုနစ်ဦးမှ ဦးနေမိုးဝင်း ၁/ဗမန(နိုင်)၀၀၀၅၀၇သို့ အိမ်ခြံမြေကွက်အပြီးအပိုင် စွန့်လွှတ်စာချုပ်မှတ်ပုံတင် (၁၃၅/၂၀၁၉)အရလည်းကောင်း၊ တရားဝင်ဆောင်ရွက်ပြီးဖြစ်၍ ဦးနေမိုးဝင်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးနေမိုးဝင်း**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9U/5344 Shineray 300 သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Good Brother Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒေ့ပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဗဟန်းမြို့နယ်တရားရုံး၌

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်(၁)

ဒေါ်ချိုချိုဝင်း	နှင့်	ဒေါ်ချောစုကိုး
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်မြို့တော်၊ ချယ်ရီလမ်းသွယ်(၃)၊ အမှတ် (၅၄/၅၆)တွင်နေထိုင်သူ တရားပြိုင်ဒေါ်ချောစုကိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၄၀နှင့် ကြားကာလနစ်နာကြေးသိန်း ၂၀၊ စုစုပေါင်းငွေကျပ်သိန်း ၆၀ ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၆ ရက် (၁၃၈၁ခုနှစ် ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောထွန်းအေး)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ဗဟန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၁၀၆၉(က)ဟု ခေါ်တွင်သော ပေ(၆၀×၂၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေအကျယ်ရှိ ဒေါ်စန်းနွဲ့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ပျဉ်ထောင် အိမ်နှင့်အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ညိုလင်း ၈/ရစက(နိုင်)၀၂၄၇၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဇော်(မရမ်းကုန်း)	**ဒေါ်သက်သက်မွန်**	**ဒေါ်အေးမြင့်မောင်**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၁၀၆၂၃)	**(စဉ်-၁၀၆၀၅)**	**(စဉ်-၁၃၈၅၈)**
ဖုန်း-၀၉-၂၅၃၂၂၅၁၅၁	**ဖုန်း-၀၉-၄၂၀၀၄၂၉၇၉**	**ဖုန်း-၀၉-၄၂၀၂၉၂၃၃၉**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျောက်မဲမြို့၊ နယ်မြေ(၅)၊ ရပ်ကွက်(၈)၊ အိမ်အမှတ်(၈/၇၃၈)နေ ဒေါ်နန်းစောဝတ်ရည်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(ခ)၊ ပဒေသာရပ်၊ မြေကွက်အမှတ် (ခ-၁၂၄)၊ မြေပေအကျယ်(၅၀)ပေ×(၄၀)ပေရှိ မြေနှင့်နေအိမ်၊ အဝီစိတွင်းတို့ကို ဗိုလ်ကြီးအောင်ကြည်စိုးမှ မြေချထားမိန့်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဗိုလ်ကြီးအောင်ကြည်စိုးထံမှ ဦးစိုင်းလီသည်လည်းကောင်း၊ ဦးစိုင်းလီထံမှ ဒေါ်ပိုပိုထိုက်သည်လည်းကောင်း၊ ဒေါ်ပိုပိုထိုက်ထံမှ ဦးထွန်းထွန်းဦးနှင့်ဦးမြင့်သန်းတို့သည်လည်းကောင်း၊ ဦးထွန်းထွန်းဦးနှင့်ဦးမြင့်မောင်သန်းထံမှဦးသိန်းထိုက်မျိုးသည်လည်းကောင်း အရပ်စာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်သူ ဦးသိန်းထိုက်မျိုးက ၎င်းပိုင်ဆိုင်ကြောင်းတာဝန်ခံရောင်းချထားသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းစောဝတ်ရည်မှ စရန်ငွေပေးချေပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းစောဝတ်ရည်မှ အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ၍ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ကာ ဂရန်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်နန်းစောဝတ်ရည်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်နန်းစောဝတ်ရည်က ငွေအပြီးပေးချေကာ အရောင်း အဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းစောဝတ်ရည်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)
အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း ၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၉-၇၉၂၀၄၅၈၇၅၊၀၉-၇၈၂၀၄၅၈၇၅

သကြိမ်မှာလန်းဖို့ အလှဆုံးဖြစ်ပြီလား.... !
ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
09 26 1111 550
■ ရေစိုခံဆေးပယောင်းထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ
■ ဆံပင်ဖြောင့် (15000/-Ks)
စိတ်ကြိုက်ကာလာဆိုး (5000/-Ks)
မျက်နှာပေါင်း၊ ကာလာ၊ပုလဲ၊ သကြိမ်လက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/ 5265 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၄၈၇၃၈ ဟွန်ဒါဝေ့(ဗ်) 110s ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာ ၇ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇/သကမ)၊ မြေကွက်အမှတ်(၈၄၆/ခ)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဦး (ဘ)ဦးသန်းထွန်း(E/HTYA-၀၀၉၂၇၄)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစည်သူဖြိုးက အပြီးအပိုင်ဝယ်ယူခဲ့ပြီးနောက် လွန်ခဲ့သည့်(၃)နှစ်ခန့်ကတည်းက ယင်းမြေပေါ်တွင် နှစ်ထပ်တိုက် အဆောက်အအုံကိုဆောက်လုပ်၍ လက်ရှိနေထိုင်လျက်ရှိပါသည်။

ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ယင်းအိမ်နှင့်မြေကို ဦးစည်သူဖြိုးအမည်သို့ ဥပဒေနှင့်အညီ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

လွှဲအပ်ပေးသူ-	**လွှဲအပ်ချက်အရ-**
ဦးစည်သူဖြိုး(ဘ)ဦးကြူရှိန်	**ဦးဝင်းသန်းဇော်**
၆/မမန(နိုင်)၁၄၅၄၀၇	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၆)**
တိုက်(၂၂-အေ)၊ မြေညီထပ်၊	**အမှတ်(၃၄၄)၊ ဈေးလမ်း၊**
ထီးတန်း(၄)လမ်း၊ စက်မြေရပ်ကွက်၊	**သန်းဖိုရပ်ကွက်၊ မြိတ်မြို့**
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့	**တနင်္သာရီတိုင်းဒေသကြီး၊**
	ဖုန်း-၀၉-၄၁၀၀၄၈၀၆

ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ အာရှလမ်းမကြီးဘေးနေ ဦးကျော်ကျော်ဦး ၁၀/မလမ(နိုင်)၀၀၅၉၂၂မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မြဝတီမြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် စာချုပ်အမှတ် ၃/၂၀၁၉ ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၁၉ အထက်ဖော်ပြပါ ရေသန့်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ သောက်ရေသန့်ဘူးကြီး၊ ဘူးလတ်၊ ဘူးသေးစသည့် အရွယ်အစားအမျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဝန်းအတွင်း ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း စသည့်အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို အမှတ်အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတံဆိပ်အမှတ်အသားကို တခြားမည်သူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း၊ တုပသုံးစွဲခြင်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ပြုလုပ်သူမည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဦး ၁၀/မလမ(နိုင်)၀၀၅၉၂၂
ဖုန်း-၀၉-၇၈၀၀၃၉၁၄၃၊ ၀၉-၇၇၃၂၆၉၉၄၁

လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အိမ်အမှတ်(၉/၃/၂၈)၊ မဟာဗျူဟာလမ်း၊ ရပ်ကွက်(၈)၊ နယ်မြေ(၃)နေ မောင်ကျန်တားဝေ ၁၃/လရန(နိုင်)၁၇၂၂၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ-

မောင်ကျန်တားဝေက မအားလန်အပေါ် လားရှိုးခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်(၆၁/၂၀၁၈)ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ တရားရုံးတော်မှ ၈-၂-၂၀၁၉ရက်က လင်မယားကွာရှင်းပြတ်စဲခွင့်ပြုကြောင်း အမိန့်တစ်ရပ်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်မှာ ယနေ့တိုင်အတည်ဖြစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မောင်ကျန်တားဝေနှင့် မအားလန်တို့မှာ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါ၊ မောင်ကျန်တားဝေ၏ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမပြုလုပ်ရန်နှင့် မအားလန်၏ လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအရှုပ်အရှင်းများကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မောင်ကျန်တားဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဌေးဌေးမြင့်(B.A Law,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၇၀)
အမှတ်(၁၅)၊ရတနာလမ်း၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ လားရှိုးမြို့
ဖုန်း-၀၉-၈၉၆၈၁၆၀၆၇၊ ၀၉-၄၂၁၁၄၁၅၆၉၊ ၀၉-၂၅၉၀၄၁၅၈၄

အထည်ချုပ်စက်ရုံငှားရမ်းရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ လေးထောင့်ကန်ကျေးရွာရှိ (ဟာကြူလီ အထည်ချုပ်ကုမ္ပဏီ၏လက်အောက်ဖြစ်သော) အထည်ချုပ်စက်ရုံအား နှစ်ချုပ်ငှားရမ်းလိုပါသဖြင့် အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်အတိုင်း ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

ဟာကြူလီအထည်ချုပ်ကုမ္ပဏီလီမိတက်
အမှတ်(၁၁၄)၊ သုမင်္ဂလာလမ်း၊
(၁၆/၄)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၀၈၀၃

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးသင်းတို့၏ အိမ်သုံးပစ္စည်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
09254009334,
09254009335,
09254009336

SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
၁၀ -မိုင် ၊ အောင်စေတီလမ်း ၊ ရန်ကုန်
ဂရံ အမည်ပေါက် (၄၀၀၀) သိန်း
ခြံမြေ ၅၅' × ၇၂'
အဆောက်အဦး ၄၆' × ၃၆' RC 1½
M 1 , S 2 , maid 1 Garage 1
အကျိုးဆောင်ခပေးပါမည်။
အကျိုးဆောင်မပါလျှင် အကျိုးဆောင်ခလျှော့ပါမည်။
Ph : 09 - 512 5195 , 09 - 799 783 973

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈/၂၁၊ မင်းလမ်း)၊ ဦးပိုင်အမှတ်(၄/ဆ-၁)၊ မြေဧရိယာ ၀ဒသမ၀၆၁ဧကရှိသော ဒေါ်တင်မြင့်အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် RP No. 6/V/2011(30 Years) မြေငှားဂရန်သက်တမ်းမှာ ၁၉-၁၀-၂၀၀၉ရက်မှ ၁၈-၁၀-၂၀၃၉ရက်အထိ နှစ်၃၀ရှိ မြေငှားဂရန်ကို ဦးမြင့်စိုးသည် ဒေါ်တင်မြင့်ထံမှ ၁၀-၅-၂၀၁၂ရက်တွင် ဝယ်ယူခဲ့ပြီး တရားဝင်စာချုပ်ချုပ်ဆိုကာ ၎င်း၏အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် (၇၁၂)နေ (ဘ)ဦးမောင်နီ၏သား ဦးနေလင်းအောင် ၁၀/ကထန(နိုင်)၀၇၇၆၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေလင်းအောင် ၁၀/ကထန(နိုင်)၀၇၇၆၀၅နှင့် ဒေါ်မင်းမင်းလွင် ၁၂/ဥကတ(နိုင်) ၀၃၅၆၆၈တို့သည် ၁၄-၆-၂၀၁၈ရက်တွင် နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ပတ်သက်ဆက်စပ်မှု လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးနေလင်းအောင်	**ဦးတင်မြင့် (LL.B)**
၁၀/ကထန(နိုင်)၀၇၇၆၀၅	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၀၀)**
	အမှတ် (၉)၊ ခရေပင်ရိပ်မွန်(၁)၊
	၁/က-ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
	ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၅၆၆၄၊
	၀၉-၇၉၉၉၅၁၉၄၂

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေကွက်အမှတ်(၁၆-အေ)၊ မြေကွက်အမှတ်(၁၀၁/၂)နှင့်ပတ်သက်၍ အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေကွက်အမှတ်(၁၆-အေ)၊ မြေကွက်အမှတ်(၁၀၁/၂)နေ ဒေါ်ခင်ချို(ဘ)ဦးအုန်းမောင် ၁၂/ဒဂမ(နိုင်)၀၄၈၄၉၅၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြေကွက်အမှတ်(၁၆-အေ)၊ မြေကွက်အမှတ်(၁၀၁/၂)၊ ဧရိယာ (၃၄၀ပေ×ပေ၆၀) အကျယ်အဝန်းရှိ ဦးသောင်းရွှေအမည်ပေါက်မြေနှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးသောင်းရွှေထံမှ ဒေါ်ခင်ချို၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်သန်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အဆောက်အအုံဆောက်လုပ်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ မော်တော်ယာဉ်နံပါတ် 2M/7773 (TOYOTA KLUGER)၊ အဖြူရောင်ကား(၁)စီး၊ ကွင်းအမှတ်(၄၆၃)၊ ကံကြီးကွင်း၊ ဦးပိုင်(၃၁)၊ ဓနိမြေ ၉ ဒသမ ၉၈ ဧကတို့အား ဦးခင်မောင်သန်းမှ ၁-၇-၂၀၁၂ ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ချိုအား အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။ (၁၅-၁၀-၂၀၁၈)ရက်တွင်လည်း ဦးခင်မောင်သန်းမှ ဒေါ်ခင်ချိုအား အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိုင်ရေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဒေါ်ခင်ချိုတစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်ချို	**ဦးအောင်မျိုးချစ်**
၁၂/ဒဂမ(နိုင်)၀၄၈၄၉၅	**အထက်တန်းရှေ့နေ(စဉ်-၃၆၇၈၇)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ်(၁၀၁၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၁၂/ခ)၊ သရဖူ(၁)လမ်း၊ ၅၄ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးကြည်ချို ၁၂/ကမတ(နိုင်)၀၀၈၁၉၃ အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးကြည်ချို ၁၂/ကမတ(နိုင်)၀၀၈၁၉၃ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ၈-၁၀-၂၀၀၀ ရက်တွင် ဒေါ်ဘီစီသမ္မာ ၁၂/ဒဂတ (နိုင်)၀၈၀၆၁၀ မှတ်ယူခဲ့ပြီး ၎င်း၏မြေချပါမစ်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၈/၁၂၀၃ (၁၅-၈-၂၀၁၈)ဖြင့် မြေချပါမစ်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့် အခြားမည်သူကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ ပါမစ်မူရင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်များဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်ပျဉ်ကာသွပ်မိုး ၁၂'×၃၃' အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါကြောင်း တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့ပေါက်တော၊ မြေကွက်အမှတ်-၇၊ ဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေအမျိုးအစား၊ အမှတ်(၇)၊ ရွှေဥဒေါင်းလမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင့်လွင် ၁၂/ကမရ(နိုင်)၀၅၃၃၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့အဝက် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်းစံ (စဉ်-၅၅၄၅/၂၈-၂-၁၉၉၁)
B.Sc. (Chem), H.G.P, R.L
တရားလွှတ်တော်ရှေ့နေ
အမှတ်-၁၇၅(B)၊ (ပ)ထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ်၊ မောရပြေရပ်ကွက်၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြား၊ တိုက်အမှတ်(၅၆၇/၃၅)နေ ဒေါ်တင်တင်အေးနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ သိပ္ပံလမ်းနှင့် (၅၅)လမ်းထောင့်၊ အမှတ်(၁၅)ရှိ UMG Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်တင်တင်အေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေးသည် မန္တလေးမြို့ရှိ ကျွန်ုပ် မိတ်ဆွေကုမ္ပဏီထံမှ (၁၉-၃-၂၀၁၈) ရက်နေ့နှင့် (၂၈-၄-၂၀၁၈)ရက်နေ့စွဲပါ ကုန်ရောင်းပြေစာများဖြင့် USD-2,486.19/- တန်ဖိုးရှိ စက်အပိုပစ္စည်းများကို အကြွေးပေးချေခြင်းစနစ်ဖြင့် ဝယ်ယူ၍ ပစ္စည်းများ လက်ခံရယူသွားသော်လည်း ယနေ့အချိန်အထိ စက်အပိုပစ္စည်းဖိုးကျန်ငွေ USD-2,486.19/- နှင့် ရက်လွန်ကြေးငွေ USD-895.03/- ဖြစ်ရာ စက်အပိုပစ္စည်းဖိုးကျန်ငွေနှင့် ရက်လွန်ကြေးငွေနှစ်ရပ်စုစုပေါင်းမှာ USD-3,381.22/- (USD Three Thousand Three Hundred Eighty One and Cent Twenty Two Only)နှင့် ညီမျှသော မြန်မာကျပ်ငွေ-၅,၁၁၂,၄၀၅/- ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း မြန်မာကျပ်ငွေ-၅,၁၁၂,၄၀၅/- ကို မန္တလေးရုံးခွဲသို့ ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်တင်တင်အေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

UMG Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပေါက်တောမြို့နယ်နေ ဦးကျော်မင်းထွန်း (၁၁/ပတန(နိုင်)၀၄၆၄၇၃) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်း၊ အမှတ်(၅၈၉)ရှိ Fast Point Co., Ltd. ၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ဦးကျော်မင်းထွန်းနှင့် အများသိစေရန် ကြေညာအပ် ပါသည်။

ဦးကျော်မင်းထွန်းသည် စစ်တွေမြို့ရှိ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီထံမှ (၇-၄-၂၀၁၇) ရက်နေ့စွဲပါ Hs-282/2017 ဖြင့် စက်ယန္တရားအငှားရောင်းသဘောတူကတိပြုစာချုပ်ချုပ်ဆို၍ Brand New Sunward Mini Excavator SWE60E (1)Unit ကို USD-59,629.50/- ဖြင့် ဝယ်ယူသွားပြီး ၂၀၁၇ ခုနှစ်၊ မတ်လတွင် စက်ယန္တရားကို လက်ခံရယူသွားခဲ့သော်လည်း ယနေ့အချိန်အထိ စက်ယန္တရားဖိုးကျန်ငွေနှင့် နစ်နာမှုဒဏ်ကြေးငွေနှစ်ရပ်စုစုပေါင်းမှာ USD-53,789.84/- နှင့်ညီမျှသော မြန်မာငွေကျပ်-၈၁,၃၃၀,၂၃၈/- (ကျပ်ရှစ်ရာတစ်ဆယ့်သုံးသိန်းသုံးသောင်းနှစ်ရာသုံးဆယ့်ရှစ်တိတိ) ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း မြန်မာငွေကျပ်-၈၁,၃၃၀,၂၃၈/- လာရောက်ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက (၇-၄-၂၀၁၇)ရက်နေ့စွဲပါ စာချုပ်စာမျက်နှာ(၃) အပိုဒ်ခွဲ(၇-ဖ)ပါ သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်မင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

Fast Point Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၁၂/ခ)၊ အကျယ်အဝန်း(၂၀×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၄၁၂/ခ) မြို့မ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်နှင်းနွယ်ဝင်း ၁၂/ပဇတ(နိုင်)၀၂၉၄၂၇သည် လက်ရှိမိမိသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)
အမှတ်(၇၁၀)၊(၂၅)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ရွှေနံ့သာပိုင်းရှိကွင်းအမှတ်-၅၈၈၊ ကွင်းအမည်-မရမ်းတလင်းကွင်း၊ ဦးပိုင်အမှတ်-၂၇/၂၀က၊ ဧရိယာ ၀ဒသမ၀၃ဧကရှိ ဒေါ်မော်လီသိန်း အမည်ပေါက်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မို့(ဘ) ဦးထွန်းသန်း ၁၂/မဂဒ(နိုင်)၁၂၄၇၅၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇေယျာစိုးထွဋ် (ဘ) ဦးစိုးသန်း ၁၂/ရကန(နိုင်)၀၆၁၃၆၇ က ၂၀-၃-၂၀၁၉ ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇေယျာစိုးထွဋ်၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မည်သူမဆိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အဆိုပါမြေကွက်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူအပါအဝင် စေခိုင်းသူ၊ ပူးပေါင်းပါဝင်သူနှင့် အားပေးကူညီသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်စုရည် LL.B,M.A(Business Law) — **ဒေါ်သိမ့်ဇာနည်အောင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၉) — **အထက်တန်းရှေ့နေ(စဉ်-၄၈၂၂၈)**
အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၅၈၅၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄-မြောက်)ရပ်ကွက်၊ မြို့မ (၁၅)လမ်း၊ အမှတ် (၅၈/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်၏ စတုတ္ထထပ် ငါးလွှာ ဧရိယာ (၁၈×၅၄)ပေခန့်ရှိ ရေမီးအစုံ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသည့် ဦးအောင်သန်းဌေး ၁၂/ရကန(နိုင်)၀၆၂၄၂၉ထံမှ ဦးအောင်ကျော်ညီမိုး ၅/စကန(နိုင်)၁၄၇၂၉၂နှင့် ဒေါ်ရီမြင့်သူ ၅/စကန(နိုင်) ၁၄၆၄၃၄ ထံသို့ ရောင်းချရန် သဘောတူညီပြီးဖြစ်ပါ၍ ၃၁-၃-၂၀၁၉ရက်တွင် ရောင်းဖိုးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ညီမိုး — **ဒေါ်ရီမြင့်သူ**
၅/စကန(နိုင်)၁၄၇၂၉၂ — **၅/စကန(နိုင်)၁၄၆၄၃၄**
အခန်း (၃၀၄) တိုက် (၉)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၉၇၉၉၅၇၂၊ ၀၉-၉၇၂၆၉၆၀၈၅

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာစီမံကိန်း အဆင့်၊ တိုက်အမှတ် (အေ-၂)၊ အခန်းအမှတ် (၄၁၆)၊ Type (A), Area (၁၁၈၅) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချသူများဖြစ်သော ဦးအောင်ဇော်နွယ်(ခ) ဦးဘိုဘို ၁၄/ညတန(နိုင်)၀၉၁၈၆၇၊ ဒေါ်ရီရီမော် ၁၄/မအပ(နိုင်)၀၁၅၉၉၅ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်မြတ်အေး
၁၂/ဗတထ(နိုင်)၀၁၉၉၈၁
ဖုန်း-၀၉-၄၅၀၀၃၄၄၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆/ဝေဘာဂီ၊မြေကွက်အမှတ်-၈၊ မြေကွက်တည်နေရာအမှတ်-၈၊ခရေလမ်း၊(၆)ဝေဘာဂီရပ်ကွက်၊ဒေါ်အေးအေးမြင့် (၁၂/ဥကမ(နိုင်)၀၃၉၇၁၄)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်သူ ဒေါ်အေးအေးမြင့်ကိုယ်တိုင်မှဂရန်ပျောက်ဆုံးကြောင်းဆိပ်ကမ်းမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၈၀၇/၂၀၁၈ရပ်ကွက်ရဲစခန်းထောက်ခံစာတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၁၆'/၁၅'+၅၀') အဆောက်အဦ(၂)လုံးရှိပြီး(၁)လုံးတွင်လျှောက်ထားသူနေထိုင်ပြီးကျန်(၁)လုံးတွင် ဝယ်ယူသူဦးစိုးမြင့်နေထိုင်ခြင်းအတွက်ပြဿနာတစ်စုံတစ်ရာမရှိတာဝန်ယူပါကြောင်း လျှောက်ထားသူနှင့်ဦးစိုးမြင့်တို့မှဝန်ခံကတိပြုတင်ပြလာပါသဖြင့်အဆိုပါဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ဈ/၃၄)၊မြေကွက်အမှတ်(၃၁၁/က)၊ မြေကွက်တည်နေရာအမှတ်(၃၁၁/က)၊မုရ္စာလမ်း၊(၁၀)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ ဦးအေး(1/MAG-၀၀၀၀၅၇)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းသီ(၁၂/ထတပ(နိုင်)၀၂၈၂၆၃) မှပါမစ်မူရင်းနှင့်ဆက်စပ်စာချုပ်များပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/ 1441 MAM WAGON MARK II S/W (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလင်း ၇/ညလပ(နိုင်)၀၉၄၂၄၂၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊(၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၆၇/၆၉)တည်ရှိရာ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅ဒီ-၁၊ မြေကွက်အမှတ် Northern Half of II Class 10၊ အမည်ပေါက် ဦးခင်မောင်ကြီး၊ ဒေါ်ခင်မြမေ၊ ဦးရှိန်မြင့် မြေအမျိုးအစား မြေပိုင်မြေဖြစ်ပါသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၉၀/၂၀၀၂၏ ၆-၁၀-၂၀၀၄ရက် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စီရင်ချက်နှင့်ဒီကရီ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၅၅/၂၀၁၁၏ ၁၀-၈-၂၀၁၇ ရက် အမိန့်နှင့်ဒီကရီအရ ယင်းမြေကွက်နှင့် အဆောက်အအုံကို မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းကြောင်းလက်မှတ်စာ တရားမပုံစံအမှတ် ၁၀၄/၂၀၁၇ ဖြင့် တရားရုံးလေလံဆွဲဝယ်ယူသူ ဦးအောင်ထွန်း ၁၂/ပဘတ(နိုင်)၀၂၇၆၄၄နှင့် ဒေါ်စန်းစန်းရီ ၁၂/လမတ(နိုင်)၀၀၆၇၄၂တို့မှ ယင်းလေလံကို မှတ်ပုံတင်ထားသည့် စာချုပ်အမှတ် ၁၂/၂၁-၁၂-၂၀၁၇နှင့် တရားရုံးအမိန့်အထောက်အထားတို့ကိုတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်-၂၀၇၊ မြေဧရိယာ ၂၄၀၀စတုရန်းပေ=အတိုင်းအတာ(ပေ)(၄၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်-၂၀၇၊ အောင်မင်္ဂလာလမ်း၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ထွေး (CM-၀၀၂၃၇၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ထွေး(မိခင်)သည် ၂၀-၉-၂၀၁၇ရက်တွင်လည်းကောင်း၊ ဦးကျင်ရွှေ(ခ)ဦးဝင်းတင် ၁၂/သကတ(နိုင်)၀၀၃၉၉၆ (ဖခင်)သည် ၁၅-၁-၂၀၁၇ရက်တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးအောင်အောင် ၁၂/သကတ(နိုင်) ၀၁၆၀၉၀သည် ၂၇-၇-၂၀၁၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ၁။ ဦးယဉ်ထွန်း ၁၂/သကတ(နိုင်)၀၀၃၉၇၉ ၂။ ဦးအောင်မိုး ၁၂/သကတ(နိုင်)၀၁၅၄၆၄၊ ၃။ ဒေါ်သီသီအေး ၁၄/ညတန(နိုင်)၀၉၂၆၂၃ တို့မှသားနှင့်ချွေးမတော်စပ်ကြောင်း၊ ကွယ်လွန်သူမိဘများတွင် ဦးယဉ်ထွန်း၊ ဦးအောင်မိုး၊ ဦးအောင်အောင် တို့သားသမီး(၃)ဦးသာမွေးဖွားကြောင်း၊ အခြားသားသမီးနှင့်ကိတ္တိမမွေးစားသားသမီးများမရှိပါကြောင်း၊ သား(၃)ဦးအနက် ဦးအောင်အောင်တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည့် ဒေါ်သီသီအေးမှလွဲ၍ အခြားဇနီးမယားမရှိပါကြောင်း၊ ၎င်းတို့(၃)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၁၁-၂-၂၀၁၉ရက်စွဲပါကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဒေါ်ခင်ထွေးအမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ GP ၁၅၅၁၃/၂၀၁၉ (၂၉-၁-၂၀၁၉) အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးယဉ်ထွန်း၊ ဦးအောင်မိုးတို့ထံမှ GP ၁၅၅၁၃/၂၀၁၉(၂၉-၁-၂၀၁၉)ရသူ အမွေဆိုင်တစ်ဦးလည်းဖြစ်သူ ဒေါ်သီသီအေး ၁၄/ညတန(နိုင်)၀၉၂၆၂၃မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်အုတ်တိုက် အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူများနေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ် ၈၈၂(က)၊ မြေကွက်တည်နေရာအမှတ်(၈၈၂/က)၊ (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးမောင်မြင့် ၁၂/သကတ(နိုင်)၀၅၃၉၀၈ အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပါ ဦးမောင်မြင့်ထံမှ ၉-၆-၂၀၀၄ရက်တွင်အရပ်စာချုပ်ဖြင့် ဦးကျော်ကျော်လွင် ၁၄/မအပ(နိုင်)၂၅၄၄၁၂မှ ဝယ်ယူ၍လည်းကောင်း၊ ဦးကျော်ကျော်လွင်ထံမှ ၃-၅-၂၀၀၆ရက်တွင်အရပ်စာချုပ်ဖြင့် ဦးစန်းမြင့် ၁၄/ဝခမ(နိုင်)၀၅၇၄၅၄မှ ဝယ်ယူ၍လည်းကောင်း၊ ဦးစန်းမြင့်ထံမှ ၂၁-၃-၂၀၁၄ရက်တွင်အရပ်စာချုပ်ဖြင့် ဒေါ်ဖြူဖြူခိုင် ၉/မခန(နိုင်)၁၆၉၈၂၆မှဝယ်ယူ၍ ပါမစ်မူရင်း၊ စာချုပ်အဆက်အစပ်တို့တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာခြင်းဖြစ်ပါသည်။တင်ပြပါမစ်တွင်ရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်များတွင် မြေနေရာချထားပေးခြင်းခံရသူ လက်မှတ်မပါရှိခြင်းအား ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ပါသည်။ ယခုအခါလျှောက်ထားသူ ဒေါ်ဖြူဖြူခိုင်မှ ပါမစ်တွင်ရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်များတွင် မြေနေရာချထားပေးခြင်းခံရသူလက်မှတ်မပါရှိခြင်းမှာ ဝယ်ယူစဉ်ကတည်းကမပါရှိခြင်းဖြစ်ကြောင်း အရှုပ်အရှင်းပေါ်ပေါက်လာပါက တာဝန်ယူကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျမ်းသစ္စာပေးသူအရာရှိရှေ့၌ ပြုလုပ်ခဲ့သောကျမ်းကျိန်လွှာအမှတ် ၁/၂၀၇၃(၂၅-၁-၂၀၁၉)ရက် တင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၂၀×၆၀)ပေရှိပြီး သွပ်မိုး၊ ထရံကာ(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ အရပ်စာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်ဖြူဖြူခိုင်မှပါမစ်မူရင်း (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်တို့တွင် မြေနေရာချထားပေးခံရသူ လက်မှတ်မပါပါ) တင်ပြ၍ နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရဟန်းဒါယကာ

ဦးကျော်အောင် အသက်(၈၄)နှစ်

(လေ/၆၇၉၆၊ အခတကက၊ ငြိမ်း)

မြစ်သားမြို့နယ်၊ သပြေတောင်းကျေးရွာနေ (ဦးအောင်မြို့-ဒေါ်အေးသောင်)တို့၏သား၊ မိတ္ထီလာမြို့နေ (ဦးစိုးမင်း - ဒေါ်ဖွားရင်)တို့၏ သားသမက်၊ ဗိုလ်မှူးမြင့်စိုး(ငြိမ်း)-ဗိုလ်ကြီးခင်စန်းယု(ငြိမ်း)(ခေတ္တစင်ကာပူ)၊ ဦးကျော်နိုင်-(ဒေါ်အေးအေးမော်)၊ ဒေါ်စန်းစန်းမော်၊ တပ်ကြပ်ဝင်းနိုင်-ဒေါ်စန်းတင့်၊ (တပ်ကြီးကြီးတင်ထွန်းလွင်)-ဒေါ်ခင်မိုးမိုး၊ ဗိုလ်ကြီး သန်းထိုက်-ဒေါ်လှလှဝင်း၊ ဒုဗိုလ်မှူးကြီး/ဗိုလ်မှူး စိုးနိုင်-ဒေါ်အိရွှေစင်၊ ဦးသန်းထွေး-ဒေါ်ပန်းအိဖြူတို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ် သုံးယောက်တို့၏အဘိုး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာ(၁၂)နယ်မြေ၊ စကြာလမ်းနေ ဒေါ်လှရီ၏ခင်ပွန်းသည် ၈-၄-၂၀၁၉ ရက်(တနင်္လာနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အောင်မြင်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်အောင်(ခ)ဦးရှင်ဟိုး

အသက်(၈၄)နှစ်

သူငယ်ချင်း ဒေါက်တာမျိုးမြင့်နိုင်၏ ဖခင် ဦးတင့်အောင်(ခ) ဦးရှင်ဟိုးသည် ၄-၄-၂၀၁၉ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃-၁၉၉၃ MBBS ဆေး-၂ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း

စက်မှု(၁)၊ကျောက်ကုန်း၊ ရန်ကင်း

နာယက-တောင်ငူအသင်း

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၁၀နေ ဒေါက်တာဝါဝါသိန်း(ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ချစ်လှစွာသောဖခင်ဦးမြင့်သိန်းသည် ၂၉-၃-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာမများ၊ သမိုင်းဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၃၁၉/က၊ မြေကွက်တည်နေရာအမှတ် ၃၁၉/က၊ မဟာမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်အင်ဂျာခါတွန် (AK-၂၂၆၄၄၈) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အင်ဂျာခါတွန် (AK-၂၂၆၄၄၈)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဝင်းတင် ၁၂/ဗဟန(နိုင်)၀၈၅၇၈၇မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်သုန်ကြူ(ခ) ဒေါ်ချောင်တောင်ချောင်

အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃ လမ်း၊ အမှတ်(၁၈/၂၂)နေ ဦးမောင်စိန်၏ဇနီး၊ (ဦးတင်ဦး)-ဒေါ်အေးစန်း၊ (ဦးစိုးမြင့်)-ဒေါ်ယဉ်ယဉ်၊ ဦးဟန်ဝင်း-ဒေါ်မြမြအေး၊ ဒေါ်သန်းသန်းနု၊ ဒေါ်ဝင်းဝင်းလွင်၊ ဒေါ်ဝင်းဝင်းငွေ၊ ဦးပုတို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၃၁၁ နေ ဦးဉာဏ်ထွန်း၏ဇနီး၊ ကိုအောင်မျိုးသက်-မဥမ္မာထွန်း၊ ကိုမောင်မောင်ဆန်း-မယမင်းထွန်းတို့၏မိခင်၊ မောင်ဘုန်းမင်းနေလ၊ မသီဂီနေလတို့၏အဘွားသည် ၈-၄-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7078 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစောမိုခမ်း ၉/ပဥလ(နိုင်)၀၂၄၇၈က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြင်ဦးလွင်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးတင်ဦး

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အေးသာယာလမ်း၊ အမှတ်(၁၂F/G)နေ (ဒေါ်ခင်မေ) ၏ခင်ပွန်း၊ (ဦးအောင်ကျော်မိုး-ဒေါ်မီမီဝင်း)၊ ဒေါက်တာဦးရီဝင်း-ဒေါက်တာနီလာ၊ [ဦးကျော်လင်း(ခ)ဦးဇင်ရော်နီ]-ဒေါ်ပင်စီလွင်တို့၏ဖခင်၊ ဦးသက်အောင်-ဒေါ်မိုးစန္ဒာဦး၊ ဦးစိုးထိုက်-ဒေါ်မိုးကလျာဦး၊ ဦးမိုးဝဏ္ဏ၊ ဒေါ်မိုးပပ၊ ဦးဖုန်းကျော်စိုး-ဒေါ်ပပသင်း(မဟာမြိုင်ဆေးရုံ)၊ ဦးထင်လင်းအောင်-ဒေါ်ထက်ထက်အောင်၊ ဦးကျော်စွာ-ဒေါ်ဆွေမီလှိုင်တို့၏အဘိုး၊ မြစ်၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ဆွေ

(မိုးကောင်း)

အထက်တန်းကျောင်းအုပ်-ငြိမ်း

အသက်(၈၂)နှစ်

မိုးကောင်းမြို့၊ အရှေ့ရပ်နေ(ဦးထွန်းအိ-ဒေါ်ဝန်)၊ (ဒေါ်စောခင်)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ လမ်းသွယ်(၂)၊ အမှတ်(က/၂၇)နေ ဒေါ်အိယဉ်ဝင်း(မူလွန်-၁၈)၊ ဦးမင်းယဉ်ဝင်း-ဒေါ်အေးအေးမိုး (အလက-၂၂)၊ ဦးစွမ်းယဉ်ဝင်းတို့၏မိခင်၊ (ဦးတင်ဝင်း)၏ဇနီးသည် ၇-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် တောင်အင်း၊ မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၂၃)၊ မြေကွက်တည်နေရာအမှတ်(၂၃)၊စက်မှုလယ်ယာ(၂)လမ်း၊(၁၃)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်ခင်စိန်(ISN-၂၅၂၈၈၉)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဒေါ်ခင်စိန်အားတရားပြိုင်ထားကာဒေါ်ခင်ပပမျိုးမှတရားလိုပြု၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၌ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ရာအနိုင်ဒီကရီရရှိခဲ့သဖြင့်တရားရှုံးဖြစ်သောဒေါ်ခင်စိန်ကိုယ်စားဘီလစ်ဒေါ်မြင့်မြင့်ကြည်(၁၂/ဒပန(နိုင်)၀၂၈၃၄၂)မှဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်-၂၆/၂၀၁၈၏(၃၀-၁၀၂၀၁၈)ရက်စွဲပါဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မြေတိုင်းရပ်ကွက်(၁၃)၊မြေကွက်အမှတ်(၂၃)၊စက်မှုလယ်ယာ(၂)လမ်း၊မြေအကျယ်အဝန်းအလျားပေ၄၀×အနံပေ၆၀၊မြေဧရိယာ(၀.၀၅၅)ဧက၊စတုရန်းပေ၂၄၀၀ပေရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားတရားပြိုင်ဒေါ်ခင်စိန်မှတရားလိုဒေါ်ခင်ပပမျိုးကိုပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်အနိုင်ဒီကရီချမှတ်သည့်အမိန့်စီရင်ချက်၊တရားမဇာရီမှုအမှတ်(၁၃/၂၀၁၈)၊ဘီလစ်အရာရှိခန့်အပ်ကြောင်းအကြောင်းကြားစာနှင့်ဒေါ်ခင်စိန်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

၁။ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-အက်ဖ်ဂျီ)၊ မြေကွက်အမှတ်(၅၄၆)၊ရွှေဝါလမ်း၊အမှတ်(၅၄၆)တွင် ၁ခန်းတည်း(၆)ထပ်တိုက်(Lift ပါ) အဆောက်အဦ ဆောက်လုပ်ရန် မြေရှင်ဒေါ်တင်တင်ဝင်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးသက်နောင်အေးနှင့် ဒေါ်မြတ်စုလွင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးဖြိုးအောင်(LC-1097)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ထက်ထက်ဝင်း (LS-2270)တို့အား ဤဌာန၏ (၂၇-၁၁-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၆၉၆/၁၆၉၅/စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ၁ခန်းတည်း(၆)ထပ်တိုက်(Lift ပါ)အဆောက်အဦ ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန်မြေရှင်၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဦးစိုးသက်နောင်အေးနှင့် ဒေါ်မြတ်စုလွင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂ မြေကွက်အမှတ်-၁၁၂၀၊ အကျယ်အဝန်း (၄၀ပေ × ၆၀ ပေ) အကျယ်ရှိ ဦးအောင်ကိုဦး (၈/တတက(နိုင်)၀၉၃၈၆၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် မြေကွက်၏မြေရှင်းခြမ်း(မြေကွက်အမှတ်-၁၁၁၀နှင့်ကပ်လျက်ခြမ်း) ၊အကျယ်အဝန်း (၂၀ပေ×၆၀ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၁၂၀ ပြည်သာယာ-၃လမ်း၊၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ထံမှအရပ်စာချုပ်စာတမ်းအစဉ်အဆက်ဖြင့်ဝယ်ယူပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုလာသူ ဒေါ်ခင်ခင်တိုး (၁၂/ဒဂမ(နိုင်)၀၃၉၁၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်၊ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိထားဖြူ

(LL.B, D.B.L, MA (Business Law), D.I.L,D.I.P.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၅)

အမှတ် ၁/ဃ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၅၅၀၅၈၇၁

ဦးထွန်းဝင်း

မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

အသက်(၉၀)

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးစိန်ဒါ-ဒေါ်စိန်)တို့၏သား၊ (ဦးကျော်ငြိမ်း-ဒေါ်ခင်စန်း)၊ (ဦးစိုးထွန်း)-ဒေါ်ခင်သောင်းတို့၏ညီ/အစ်ကို၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်၊ ကံကော်မြိုင် ၁ လမ်း၊ အမှတ် ၇၁၊ တိုက် (A-2)နေ ဒေါ်လှခင်၏ ခင်ပွန်း၊ ဦးရဲထွန်း၊ ဦးမြင့်အောင်တို့၏ဖခင်သည် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါက်တာသံဒိုင်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အသက်(၇၄)နှစ်

၂၆-၃-၂၀၁၉ရက်တွင် ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီး ဒေါက်တာသံဒိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၏ နာရေးကိစ္စအဝဝအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင်နေအိမ်တွင် လာရောက်တွေ့ဆုံနှစ်သိမ့်အားပေးခြင်း၊ တယ်လီဖုန်းဖြင့် မေးမြန်းခြင်းနှင့် သတင်းစာများတွင် ဝမ်းနည်းကြောင်းကြော်ငြာထည့်ခြင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ဝတ္ထုနှင့် ပန်းခြင်းပေးပို့ခြင်း၊ နာရေးသို့ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ တပည့်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီကြခြင်းနှင့် ၁-၄-၂၀၁၉ ရက် (တနင်္လာနေ့) နေအိမ်တွင် ပြုလုပ်သော ရက်လည်ဆွမ်းကျွေးတရားနာသို့ကြွရောက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ လိုအပ်ချက်များ မပြည့်စုံမှုများအတွက်လည်း နားလည်ခွင့်လွှတ်ပေးပါရန် ညှိုးငယ်သော စိတ်ထားဖြင့် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးထွန်းဝင်း(မြိတ်)၊ အသင်းဝင်အမှတ်(၄၂၀၁) အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၉၈(ဒုတိယထပ်)နေ ဒေါ်ရှုဟုန် (အသင်းဝင်အမှတ်-၄၂၀၂)၏ခင်ပွန်းသည် ၇-၄-၂၀၁၉ရက်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊မြေကွက်အမှတ်(၉၂၀)၊မြေကွက်တည်နေရာအမှတ်(၉၂၀)၊(၃၁)လမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်အုန်းကြည်(၁၂/ဥကတ(နိုင်)၀၈၂၆၈၁)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်အုန်းကြည်(၁၂/ဥကတ(နိုင်)၀၈၂၆၈၁)သည်(၁၅-၈-၂၀၁၈)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဦးတင်ဝင်း(၁၂/ဥကတ(နိုင်)၁၂၃၂၅၆)ကတစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်ကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင်ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ်-၈/၂၃၁၉(၃၀-၈-၁၈)၊ဂရန်မူရင်းပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာအမှတ်-၈/၂၃၁၇(၃၀-၈-၁၈)နှင့်ဒေါ်အုန်းကြည်၏သေစာရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာသဖြင့်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၂၄'×၆၀')သည်မြေကွက်လပ်ဖြစ်ပြီး(၆'×၆၀')တွင်လဘက်ရည်ဆိုင်ငှားထားကြောင်းတွေ့ရှိရပြီး လျှောက်ထားသူမှလက်ရည်ဆိုင်ငှားရမ်းထားသည့်ကိစ္စနှင့်ပတ်သက်၍တာဝန်ယူပါကြောင်း၊ကွင်းဆင်းစစ်ဆေးစဉ်လျှောက်ထားသူဦးတင်ဝင်းမှလက်မှတ်ရေးထိုးပေးသဖြင့် အဆိုပါလျှောက်ထားမှုအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(အာ/၄၀)၊မြေကွက်အမှတ်(၆၃၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၃၇/ခ)၊ အောင်မေတ္တာလမ်း၊(၁၄)ရပ်ကွက်၊ရွှေပြည်သာဦးတင်ထွေး(၁၂/လမန(နိုင်)၀၅၉၃၀၉) အမည်ပေါက်ပါမစ်မြေအားဦးတင်ထွေး (၁၂/လမန(နိုင်)၀၅၉၃၀၉)(HZA-၀၄၀၇၄၀)ကိုယ်တိုင်မှဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)ပေါက်တော(ဂ)၊မြေကွက်အမှတ်-၃၅၂/က+၃၅၂/ခ၊ဧရိယာ(၄၀×၆၀)မြေကွက်တည်နေရာအမှတ်-၃၅၂(က+ခ)၊ပိတောက်(၃)လမ်း၊မြို့သစ်(ဂ)ရပ်ကွက်၊အင်းစိန်မြို့နယ်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှစီမံခန့်ခွဲခွင့်ရှိသောမြေအားခွဲမြေအပြီးအပိုင်အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်၊ရပ်ကွက်အတွင်းနေထိုင်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ပစ္စည်းခွန်ပြေစာ၊ဓာတ်အားတောင်းခံလွှာ၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှမြေငှားခထမ်းဆောင်ပြီးကြောင်းပြေစာတို့တင်ပြ၍ ဦးလှင်မောင်(၁၂/လမတ(နိုင်)၀၃၀၁၅၁)ဦးမျိုးလှင်(၁၄/ငပတ(နိုင်)၁၀၅၂၈၉)တို့မှနှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၃၀၈)၊ မြေကွက်တည်နေရာ-အမှတ်(၃၀၈)၊ ဂန္ဓမာလမ်း၊ (၄)ရပ်ကွက်၊ ဦးအောင်မြင့်(ဒီကေယူ-၀၁၆၁၇၁) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်သူ ဦးအောင်မြင့် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ ၁၀/၁၆၄၅ (၂၂-၁၁-၂၀၁၈)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလ ၂၅-၁၁-၁၉၉၃ ရက်တွင် ထုတ်ပေးထားသည့် ဦးအောင်မြင့် အမည်ပေါက် နှစ် ၆၀မြေငှားစာချုပ် မဥ/၄-၁၆၂၁(၂၅-၁၁-၁၉၉၃)ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အများသိစေရန်ကြော်ငြာချက်။

ကျွန်ုပ်အမှုသည်ဖြစ်သူ EURO - LINK COMPNAY LIMITED မှ ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၅၇၅၈/၂၀၁၆-၂၀၁၇ (ရက) ဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဈေးလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ အမှတ် (၆၀/၂-အေ) တွင် ရုံးခန်းတည်ထောင် ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိကုမ္ပဏီ တစ်ဦးတည်းမူပိုင်အဖြစ် ပိုင်ဆိုင်သုံးစွဲခွင့်ရှိသူဖြစ်ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို (၂၅. ၈. ၂၀၁၇) နေ့တွင် မှတ်ပုံတင်အမှတ် (၉၈၁၃/၂၀၁၇) ဖြင့် မှတ်ပုံတင်ထားပြီး အဆိုပါ ကုန်အမှတ် တံဆိပ်အမှတ်အသားကို ကျွန်ုပ်၏အမှုသည်က ဂျုံမှုရရှိသော ဂျုံမှုန့်၊ ဂျုံနုမှုန့်၊ ဂျုံကြမ်းမှုန့်၊ ဂျုံစေ့၊ ဂျုံရွှေကြည်၊ ဂျုံနှင့်ပတ်သက်သော ပစ္စည်းများအားလုံးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

THE ROYAL FLOUR

THE ROYAL FLOUR

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို တုပ၍သော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍ သော်လည်းကောင်း၊ တခြားနည်းသွယ်ဝိုက်၍လည်းကောင်း သုံးစွဲပါက သုံးစွဲသူများအား တရားဥပဒေအရ ထိရောက်စွာအရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးကြော်ငြာ လိုက်သည်။

မလိုက်နာပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူရ လိမ့်မည်ဟု သတိပေးလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သီတာအေး၊ LL.B ၊ အထက်တန်းရှေ့နေ (စဉ်-၄၆၀၄၉)

အမှတ် (၉၅)၊ ၉၄-လမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေး တက်ရောက်

ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၈

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေးနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလှကျော်၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ စာမျက်နှာ ၆ ကော်လံ ၁ ✤

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက်အရေးပါပြီး ပြည်သူလူထု၏ အသက်အန္တရာယ်လုံခြုံမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အထူးအရေးကြီး

နေပြည်တော် မေ ၈

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council - NRSC)၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ ဆပ်ကော်မတီအတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ပဉ္စမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN MYANMAR

ဒေါက်တာကျော်စော၊ဒေါ်မေမျိုးမြတ် B.Sc (Chem:)
ဦး စီး တည် ထောင် သော

စာပန်းအိမ်

ကိုယ်ပိုင်အထက်တန်းကျောင်း
ပြင်ဦးလွင်မြို့

မေလတန်းခွဲများကို ၆–၅–၂၀၁၉ ရက် (တနင်္လာနေ့)တွင် စတင် သင်ကြားပါမည်။

E-mail : office @ sarpannaein.com website : www. sarpannaein.com/sarpannaein ✆085-2022390, 2023328

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၉၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

အပြောင်းအလဲများကို ဖော်ဆောင်ရန် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်

❍ တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - အေးသန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသက်တမ်းကာလ တတိယ (၁)နှစ်တာအတွင်း အပြောင်းအလဲများကို ဖော်ဆောင်ရန် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

မေး။ ။ ပထမဆုံးအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဘယ်လိုရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေသလဲ သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဦးစီးဌာန သုံးခုရှိပါတယ်။ ဦးစီးဌာနသုံးခုရဲ့ အကောင်အထည်ဖော်တဲ့အပေါ်မှာ မူတည်ပြီး မူဝါဒတွေနဲ့ ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်တာဖြစ်ပါတယ်။ အဓိက က လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိပြီး လူ့ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့ လူ့အသိုင်းအဝိုင်းကို ဖော်ဆောင်ဖို့ဖြစ်ပါတယ်။ နောက်တစ်ခုက ဘေးဒဏ်ခံစားရတဲ့ ပြည်သူတွေ နဂိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ဖြစ်အောင် ပြန်ရနိုင်ဖို့အတွက် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိတဲ့ လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေးဖြစ်ပါတယ်။ နောက်တစ်ခုက ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေ တကယ်ညီညီမျှမျှ အကျိုးခံစားရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

မေး။ ။ ဝန်ကြီးဌာနက တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ဝန်ကြီးဌာနအနေနဲ့ အပြောင်းအလဲတွေ ဖော်ဆောင်ဖို့ ပြည်သူနဲ့ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားပြီး ပြည်သူနဲ့ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမယ့် တစ်ဦးချင်းရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့နေရာမှာ လူမှုဒုက္ခခံစားရတဲ့လူတွေ၊ ဘေးအန္တရာယ် ခံစားရတာတွေ၊ ဒါတွေမှာထိရောက်တဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းက အရေးကြီးတယ်ဆိုတာ သိလာရပါတယ်။ ဒါကြောင့် မူလက လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန နှစ်ခုရှိတာကနေ ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမယ့် လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့အတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်တွေ တိုးမြှင့်ရရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မူလကရရှိတဲ့ ဘတ်ဂျက် ၀ ဒသမ ဝ၉ ရာခိုင်နှုန်းကနေ တတိယနှစ်မှာ ၀ ဒသမ ၄၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့ပါတယ်။ အဲဒီလိုရရှိတဲ့အခါမှာ ပြည်သူ့ဘဏ္ဍာတွေကို အလေအလွင့်မရှိဘဲ ပြည်သူတွေဆီကို ပြန်ရောက်အောင် ဆောင်ရွက်ရမှာက ဝန်ကြီးဌာနရဲ့တာဝန် ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ အင်အားနည်းပါတယ်။

ဒါကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊

အချပ်ပို(ခ)သို့

ပြီးခဲ့တဲ့ တတိယနှစ်မှာ အစိုးရရန်ပုံငွေကနေ ငွေကျပ် ၁၇ ဒသမ ၈၃၂ ဘီလီယံနဲ့ နိုင်ငံတကာ ရန်ပုံငွေကနေ ငွေကျပ် ၅ ဒသမ ၅၉၂၄ ဘီလီယံ ထောက်ပံ့နိုင်ခဲ့တာ ဖြစ်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ ခေတ္တနေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အချပ်ပို(က)မှ

အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေရဲ့ အင်အားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ထောက်ပံ့ပစ္စည်းတွေနဲ့ ထောက်ပံ့ငွေတွေ ပြည်သူတွေ အပြည့်အဝရရှိဖို့ ကြိုးစားဆောင်ရွက်ရာမှာ ပြည်သူရဲ့တုံ့ပြန်သံက အရေးကြီးတဲ့အတွက် ပိုမိုထိရောက်တဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ချက်တိုင်းမှာ နည်းဥပဒေတွေ၊ မဟာဗျူဟာတွေနဲ့ လုပ်ငန်းစီမံချက်တွေကို သုတေသနရလဒ်တွေအပေါ်မှာအခြေခံပြီးရေးဆွဲရင် ပိုပြီးထိရောက်နိုင်တယ်လို့ ယူဆတဲ့အတွက် သုတေသနစင်တာတစ်ခု ဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီဌာနက နှစ်စဉ်စာတမ်းတွေပြုစုကာ အဲဒီစာတမ်းတွေအရ အထောက်အကူပြုပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးကူညီမှုဟာ ပြည်သူကို ဘယ်လောက်ပမာဏ အကျိုးပြုသလဲဆိုတာက အရေးကြီးတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းတွေနဲ့ ကြီးကြပ်ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်ဆိုပြီး နိုင်ငံတကာအဖွဲ့အစည်းတွေကို ကြီးကြပ်ကွပ်ကဲဖို့နဲ့ စီမံကိန်းအကောင်အထည်ဖော်တဲ့နေရာမှာ ကြီးကြပ်နိုင်ဖို့အဖွဲ့ဖွဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်း ၁၄ ဖွဲ့ကို ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါက ပြီးခဲ့တဲ့နှစ်ရဲ့ အောင်မြင်မှုပါ။

နိုင်ငံတကာအစိုးရ အဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာက တာဝန်ရှိသူတွေကို လက်ခံတွေ့ဆုံပြီး အစိုးရရဲ့မူဝါဒတွေ၊ ဝန်ကြီးဌာနရဲ့ မူဝါဒတွေနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စတွေမှာ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှန်တွေကို နိုင်ငံတကာကနေသိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

မေး။ ။ ဒီဦးစီးဌာနသုံးခုရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေ။

ဖြေ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်က လူမှုဝန်ထမ်းဦးစီးဌာနအကြောင်း ပြောရမယ်ဆိုရင် ပဋိသန္ဓေတည်ရာကနေ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ပါတယ်။ ဒါကြောင့် ရှေးဦးအရွယ် ကလေးသူငယ်ကာလဖြစ်တဲ့ ကိုယ်ဝန်ဆောင်စဉ်ကနေ ရှစ်နှစ်အထိ စနစ်တကျပြုစုပျိုးထောင်လိုက်ရင် စွမ်းရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်ကောင်းတွေ ပေါ်ထွက်လာမယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မန္တလေးပြန်လည်ထူထောင်ရေးစခန်းအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းတွင် သင်တန်းသားများအား တွေ့ဆုံအားပေးစဉ်။

အဲဒီလိုဆိုရင် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့၊ အရည်အချင်းပြည့်ဝတဲ့ အနာဂတ်အတွက် လူငယ်တွေရရှိမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်စဉ်ကနေ မွေးဖွားပြီး တစ်နှစ်အထိ လူသားအစရက်ပေါင်း ၁၀၀၀ အတွင်း ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးကာလ ဖြစ်တဲ့အတွက်ကြောင့် ကိုယ်ဝန်ဆောင်မိခင်နဲ့ မွေးဖွားတဲ့ကလေးတွေ အာဟာရအပြည့်အဝရရှိဖို့နဲ့ ငွေကြေးထောက်ပံ့ဖို့ ဆောင်ရွက်ခဲ့တယ်။ သို့သော် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အရ တချို့စီမံချက်တွေဟာ ဦးစားပေးအလိုက်သွားရပါတယ်။ အကုန်လုံးကို တစ်ပြိုင်နက်တည်း မဆောင်ရွက်နိုင်ဘူး။ ဒါကြောင့် စီမံချက်ကို အညွှန်းကိန်းများအရ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်တဲ့ ချင်း၊ ရခိုင်နဲ့ နာဂတို့မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ လာမယ့် နှစ်မှာ ကယား၊ ကရင်၊ ရှမ်းနဲ့ ဧရာဝတီမှာ ဆောင်ရွက်ဖို့ရှိပါတယ်။

ပြီးခဲ့တဲ့ တတိယနှစ်မှာ အစိုးရရန်ပုံငွေကနေ ငွေကျပ် ၁၇ ဒသမ ၈၃၂ ဘီလီယံနဲ့ နိုင်ငံတကာရန်ပုံငွေကနေ ငွေကျပ် ၅ ဒသမ ၅၉၂၄ ဘီလီယံ ထောက်ပံ့နိုင်ခဲ့တာဖြစ်ပါတယ်။ ရှေးဦးအရွယ်ကာလဖြစ်တဲ့ သုံးနှစ်အရွယ်က အရေးကြီးပြီး ဒီအရွယ်မှာ စနစ်တကျ ပြုစုပျိုးထောင်နိုင်ရင် မူကြိုကာလအရွယ်ကို အဆင်သင့်ဖြစ်သလို ကျောင်းနေကာလအတွက်လည်း အဆင်သင့်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီကာလဟာ ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးအချိန် ဖြစ်တဲ့အတွက်ကြောင့် မိခင်များနဲ့ မိသားစုဝင်တွေ သိဖို့လိုအပ်တဲ့အတွက် မိခင်ဝိုင်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ အရင်က မိခင်ဝိုင်းတွေ ဖွင့်လှစ်ခဲ့ပေမယ့် ရေရှည်တည်တံ့မှုမရှိခဲ့ဘူး။ အစိုးရဦးဆောင်တဲ့ မိခင်ဝိုင်းတွေဖွင့်ပြီး ပြည်သူတွေနဲ့ပူးပေါင်းကာ ရေရှည်တည်တံ့အောင် ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ မိခင်ဝိုင်း ၆၅၀ အထိ တိုးမြှင့်ခဲ့ပါတယ်။

အသက် သုံးနှစ်ကနေ ငါးနှစ်အထိက မူကြိုအရွယ်ဖြစ်ပြီး ဒီကာလမှာ စနစ်တကျပြုစုပျိုးထောင်ဖို့လိုတယ်။ ဘဝတစ်သက်တာ အခြေခံကောင်းတွေကို လေ့ကျင့်ရတဲ့ကာလ ဖြစ်ပါတယ်။ မူကြိုကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ အစိုးရက ဆောင်ရွက်နေပါတယ်။ သို့သော် အစိုးရပိုင်မူကြိုက တစ်နိုင်ငံလုံးမှာ ၁၂၄ ကျောင်းပဲရှိပြီး ကိုယ်ထူကိုယ်ထမူကြို ၁၀၂၅ ကျောင်းနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ပုဂ္ဂလိကမူကြိုတွေ ဆက်လက်တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်။ နည်းစနစ်မှန်တွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ အသုံးပြုနိုင်ဖို့ ဆရာဖြစ်သင်တန်းတွေ တိုးချဲ့ဆောင်ရွက်နေပါတယ်။ အစိုးရသစ်ကာလရဲ့ တတိယနှစ်မှာ မြို့နယ် ၂၀၀ အထိ သင်တန်းတွေ ပေးနိုင်အောင် စတင်စီစဉ်နေတယ်။ လာမယ့်နှစ်တွေမှာ သင်တန်းတွေကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ပြီး ပုဂ္ဂလိကမူကြိုတွေ အများကြီး ပေါ်ထွန်းလာမယ်လို့ ယူဆပါတယ်။

ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်လေ့လာတဲ့အခါမှာ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှု မဟုတ်တဲ့ ပုံစံတွေ့ရင် စောစောစီးစီးအချိန်မီ ပြုပြင်လိုက်မယ်ဆိုရင် မသန်စွမ်းမှုကို လျှော့ချနိုင်မယ်။ အချိန်မီမသိရင် မသန်စွမ်းမှုတွေ များလာမယ်။ ဒါကိုလည်း ပြန်လည်ထူထောင်နိုင်ဖို့အတွက် တိုင်းတာစစ်ဆေးတဲ့လုပ်ငန်း (Early Childhood Intervention - ECI) ကို အကောင်အထည်ဖော်နေပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အကောင်အထည်ဖော်မှာပါ။ လက်ရှိရှေ့ပြေးစီမံချက်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကလေးသူငယ် ၈၅၀ ကျော်ကို အိမ်တိုင်ရာရောက် ပံ့ပိုးစစ်ဆေးနိုင်ခဲ့ပါတယ်။

ကလေးသူငယ်တွေကို စောင့်ရှောက်တဲ့အခါမှာ ပြုစုရေးဌာနတွေ ဖွင့်လှစ်ပြီး စောင့်ရှောက်မှုတစ်ရပ်က လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ မွေးစကနေ ၁၀ နှစ်အထိ ကလေးတွေကို ကလေးပြုစုရေးဌာန ခုနစ်ခုနဲ့ ဆောင်ရွက်သလို ၁၀ နှစ်အထက် ၁၈ နှစ်အောက် ကလေးတွေကို လူငယ်သင်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။

မိဘအရင်းသဖွယ် စောင့်ရှောက်နိုင်တဲ့ နည်းလမ်းဖြစ်တဲ့ **“အခြားနည်းလမ်းဖြင့် စောင့်ရှောက်နည်း”** ဆိုတဲ့ စနစ်တစ်ခုရှိပါတယ်။ ဒါဟာလည်း အလွန်ကောင်းပါတယ်။ သင်တန်းကျောင်းနဲ့ ဂေဟာတွေ၊ ပြုစုရေးဌာနတွေမှာ ကလေးတွေကို ထားတာက တစ်နည်းအားဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှာ အနှောင့်အယှက် အဟန့်အတားဖြစ်တဲ့ ကိစ္စတွေရှိတယ်။ မိဘအရင်းသဖွယ် အိမ်မှာမိသားစုလို စောင့်ရှောက်နိုင်တာ အကောင်းဆုံးပါ။ ဒါကို နိုင်ငံတကာမှာ ဆောင်ရွက်နေပြီ ကျွန်တော်တို့နိုင်ငံမှာ ရှေ့ပြေးစမ်းသပ်ချက်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ဒလ၊ အင်းစိန်၊ လှိုင်သာယာ၊ မြောက်ဥက္ကလာနဲ့ မန္တလေးတိုင်းဒေသကြီးမှာ မဟာအောင်မြေမြို့နယ်နဲ့ ချမ်းမြသာစည်မြို့နယ်တွေမှာ စတင်ဆောင်ရွက်နေပါပြီ၊ ဒါဟာအခြားနည်းနဲ့ ပြုစုစောင့်ရှောက်ခြင်းဆိုတဲ့ ကဏ္ဍဖြစ်ပါတယ်။ အထူးသဖြင့် ရင်ခွင်မဲ့ကလေးတွေ လျှော့ချဖို့လိုပါတယ်။ တစ်ကိုယ်ရေ မိခင်တွေ စောင့်ရှောက်ပေးဖို့လိုပါတယ်။ ရင်ခွင်မဲ့ကလေးငယ်လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအသင်းဆိုပြီး ပေါ်ပေါက်လာပါတယ်။ ဒီအသင်းရဲ့ ဦးဆောင်မှု၊ အလှူရှင်များရဲ့ စုပေါင်းပါဝင်မှုနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ နိုင်ငံတကာအဆင့်မီ ကလေး ၁၀၀ ဆံ့တဲ့ စံပြကလေးပြုစုရေးဌာနဆိုတာဖွင့်ဖို့ စတင်ဆောင်ရွက်နေပါပြီ။

၃၁-၃-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ဖားကန့်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကျောက်မျက်ကုမ္ပဏီများ ပိတ်သိမ်းပြီး သက်တမ်းကုန် လုပ်ကွက်မြေနေရာများတွင် မြေများပြန်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မေး။ ။ လူငယ်များကဏ္ဍနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာတွေကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ လူငယ်များကဏ္ဍက အင်မတန် လိုအပ်ပါတယ်။ အနာဂတ်နိုင်ငံကို လက်ဆင့်ကမ်း တာဝန်ယူမယ့်သူတွေဟာ လူငယ်တွေဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ လူငယ်ရေးရာမူဝါဒတွေရှိဖို့လိုအပ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ လူငယ်ရေးရာ မူဝါဒမရှိတာ ၃၁ နိုင်ငံပဲရှိပြီး ကျွန်တော်တို့နိုင်ငံပါဝင်နေပါတယ်။ ဒါကြောင့် အစိုးရသစ် စတက်တက်ချင်း ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အစိုးရသစ် တတိယနှစ်ကာလမှာ လူငယ်မူဝါဒဆိုတာကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ဖော်ထုတ်နိုင်ခဲ့ပြီး မဟာဗျူဟာရေးဆွဲပြီး လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်။ ယခုမတ်လအကုန်မှာ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်နိုင်ပြီ ဖြစ်ပါတယ်။

အချပ်ပို(ဂ)သို့

အချပ်ပို(ခ)မှ

မေး။ ။အမျိုးသမီးကဏ္ဍကို ဦးဆောင်နေတဲ့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ချက်တွေကို သိချင်ပါတယ် ခင်ဗျာ။

ဖြေ။ ။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံမှာ နိုင်ငံတော်ကနေ ဦးဆောင်တဲ့ ယန္တရားကြီးတစ်ရပ် လိုအပ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ဒီလို ဆောင်ရွက်ဖို့ဆိုပြီး ကမ္ဘာ့အမျိုးသမီးညီလာခံကနေ တိုက်တွန်းခဲ့တာရှိပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဆိုပြီး ၁၉၉၇ ခုနှစ်ကတည်းက စတင်ပေါ်ပေါက်ခဲ့ပါတယ်။ သို့သော် ကော်မတီအနေနဲ့ လှုပ်ရှားဆောင်ရွက်မှုတွေက အားနည်းမှုတွေ အများကြီးရှိခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အဓိကဦးဆောင်သူဖြစ်ခဲ့ပါတယ်။ ယခုအခါ အမည်သစ်နဲ့ ပုံစံသစ်တွေ ပြောင်းလဲပြီး အစိုးရသစ်လက်ထက်မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ် ။ ဒါက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဆိုပြီး ဝန်ကြီးဌာနကနေ ဦးစီးပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေ အပါအဝင် အမျိုးသမီးအရေး တက်ကြွစွာပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့တွေဖြစ်တဲ့ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးနဲ့ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတဲ့ အသင်းလည်းပါသလို အရပ်ဘက်အဖွဲ့အစည်းတွေဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှရေးကွန်ရက်၊ ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ တက်ကြွစွာလှုပ်ရှားနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့အစည်းတွေပါ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါဟာအသစ်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ စွမ်းဆောင်ခြင်းဖြစ်ပါတယ်။ ဒါကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ လူမှုရေးဝန်ကြီးတွေကနေ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ဖွဲ့စည်းဆောင်ရွက်မှုနဲ့အတူ အားလုံးညီညီညွတ်ညွတ် တက်တက်ကြွကြွ ပြောင်းလဲဆောင်ရွက်နေပြီဟု သတင်းကောင်းပါးချင်ပါတယ်။

မေး။ ။အမျိုးသမီးများ အကြမ်းဖက်မှုနဲ့ အမျိုးသမီးတန်းတူညီမျှရေး ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦး ခင်ဗျာ။

ဖြေ။ ။ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းသဘောတူစာချုပ်တွေနဲ့အညီ အမျိုးသမီးတွေရဲ့အခွင့်အရေးတွေကို ဖော်ဆောင်ဖို့၊ အမျိုးသမီးများအကြမ်းဖက်မှုနဲ့ အမျိုးသမီးတန်းတူညီမျှရေး စတဲ့ကိစ္စရပ်တွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ ပြောချင်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ကျွန်တော်တို့နိုင်ငံက နေရပ်စွန့်ခွာရတဲ့ လူတွေရှိပါတယ်။ ကယ်ဆယ်ရေးစခန်းမှာ ရောက်နေတဲ့ အမျိုးသမီးတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး အမျိုးသမီးတွေကို ပညာပေးလုပ်ငန်းတွေ၊ အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ သက်မွေးပညာသင်ကိစ္စတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသမီးအရေးကို ဆောင်ရွက်နိုင်ဖို့ ကော်မတီဖွဲ့စည်းထားသကဲ့သို့ မဟာဗျူဟာချမှတ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၁၃ - ၂၀၂၂)ကို လာမည့်လေးနှစ်တာ ကာလအတွင်းမှာ အင်တိုက်အားတိုက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ အမျိုးသမီးများနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အမျိုးသမီးများက သူတို့ရဲ့ခံစားချက်တွေကို ကော်မတီအသီးသီးနဲ့ အမျိုးသမီးအရေး ဆောင်ရွက်နေတဲ့ တာဝန်ရှိသူတွေသိအောင် နည်းလမ်းတွေကို ဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနကို ချိတ်ဆက်ဆောင်ရွက်လာနိုင်တဲ့အတွက် ၂၀၁၈ ခုနှစ်မှာ သတင်းအချက်အလက်တွေ ပိုမိုရရှိခဲ့ပါတယ်။ ဒုက္ခရောက်နေတဲ့ အမျိုးသမီးတွေကို ယာယီစခန်းမှာထားပြီး တစ်နေရာတည်းမှာပဲ သူတို့ရဲ့အရေးတွေကို ပူးပေါင်းဖြေရှင်းပေးနိုင်တဲ့ စင်တာတစ်ခု လိုအပ်တဲ့အတွက် ရန်ကုန်၊ မန္တလေးနဲ့ မော်လမြိုင်မြို့ကြီးတွေမှာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က လားရှိုးနဲ့ ဘားအံမြို့တွေမှာ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ One Stop Women Support Center လို့ ခေါ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က အမျိုးသမီး ၉၀ ကို ဆောင်ရွက်နိုင်ခဲ့ပြီး အမျိုးသမီး ၆၀ ကို ငွေကျပ်သန်း ပေါင်း ၁၆ ဒသမ ၂၄ သန်း ကူညီဆောင်ရွက်နိုင်ခဲ့ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနကနေ ပြည်သူကို တိုက်ရိုက် လူမှုကာကွယ်ထောက်ပံ့တာကို တောက်လျှောက် ဆောင်ရွက်နေပါတယ်။ ပူးပေါင်းဆောင်ရွက်နေတဲ့ လူငယ် ပရဟိတဂေဟာ ၂၂၅ ခု၊ မသန်စွမ်းဂေဟာ ၁၂ ခု၊ ဘိုးဘွားရိပ်သာ ၈၀၊ အမျိုးသမီးဂေဟာ ၁၃ ခုနဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀၂၅ ကျောင်းအတွက် ငွေကျပ်သန်းပေါင်း ၂၂၉၉ ဒသမ ၉၅ သန်းအထိ တိုးမြှင့်ထောက်ပံ့နိုင်ခဲ့ပါတယ်။

ကိုယ်ဝန်ဆောင်မိခင် ၆၂၂ ဦးအတွက် ငွေကျပ်သန်းပေါင်း ၁ ဒသမ ၅၄ သန်း၊ အသက်ငါးနှစ်အောက်ကလေး ၁၂၀၄ ဦးအတွက် ငွေကျပ် ၄၆ ဒသမ ၄ သန်း၊ မသန်စွမ်း ၄၃၁၂၈ ဦးအတွက် ငွေကျပ် ၁၂၉၁ ဒသမ ၃၈၅ သန်းနဲ့ အမျိုးသမီးဦးဆောင်တဲ့ မိသားစု ၅၇၈၅ စုအတွက် ငွေကျပ် ၁၁၄၈ ဒသမ ၈၅၅ သန်း စုစုပေါင်းငွေကျပ်သန်းပေါင်း ၁၄၇၂ ဒသမ ၁၁၃ သန်းကို ထောက်ပံ့နိုင်ခဲ့ပါတယ်။

ဘိုးဘွားတွေကို ထောက်ပံ့တာက ဥပဒေပေါ်ပေါက်ပြီးဖြစ်တဲ့အတွက် လူမှုရေးပင်စင်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထောက်ပံ့ခဲ့ပါတယ်။ အသက် ၉၀ နဲ့အထက်ကို လူမှုရေးပင်စင် ထောက်ပံ့ရာကနေ ပြီးခဲ့တဲ့နှစ်မှာ ၈၅ နှစ်နှင့်အထက်ဆိုပြီး အသက်အရွယ်ကို လျှော့ချ ထောက်ပံ့ပေးရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဘိုးဘွား ၁၆၈၅၇၈ ဦးကို ငွေကျပ်သန်းပေါင်း ၅၀၅၇ ဒသမ ၃၄ သန်း ထောက်ပံ့နိုင်ခဲ့ပါတယ်။ တိုက်ပွဲရှောင်စခန်းတွေအတွက် ထောက်ပံ့မှုတွေကို အလေးထား ဆောင်ရွက်နေပြီး ငွေကျပ် ၁၀၂ သန်း ထောက်ပံ့နိုင်ခဲ့ပါတယ်။ ဒါတွေ ဆောင်ရွက်တဲ့အခါမှာ မူဝါဒတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေကို ဆောင်ရွက်နေတဲ့ လူငယ်ရေးရာမူဝါဒကို ဆောင်ရွက်ပြီး ကလေးသူငယ်အခွင့်အရေးဥပဒေသစ်ကို တင်ပြထားပါတယ်။ မကြာခင်မှာ အတည်ပြုပြီး အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေးဥပဒေ၊ ပြည့်တန်ဆာဆိုင်ရာဥပဒေ၊ သက်ကြီးရွယ်အို နည်းဥပဒေတွေကို ဆက်လက်ရေးဆွဲ ဆောင်ရွက်နေပါတယ်။

မေး။ ။ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုမှာ နိုင်ငံတော်အစိုးရရဲ့တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်မှုတွေကို ပြောပြပေးပါ ခင်ဗျာ။

ဖြေ ။ ။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ဘေးအန္တရာယ်တွေကို စီမံခန့်ခွဲတဲ့နေရာမှာ လိုအပ်ချက်တွေ၊ ပြုပြင်ရမယ့်အချက်တွေရှိပါတယ်။ ဒါတွေကို ပြည်သူတွေရဲ့ တုံ့ပြန်ချက်ကို ရယူပြီးဆောင်ရွက်ခဲ့ပါတယ်။ ဘေးဒဏ်ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိတဲ့ လူ့အသိုင်းအဝိုင်းဖြစ်ပေါ်ရေးကို ဦးတည်ဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေမှာ လူအင်အား၊ ဘတ်ဂျက်အင်အား အများကြီးလိုအပ်ပါတယ်။ လူအင်အားက ဖွဲ့စည်းပုံရဲ့ ၁၀ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ဆောင်ရွက်နေရပြီး ပြီးခဲ့တဲ့နှစ်မှာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာကာ အခြားဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရဲ့ ဘတ်ဂျက်သုံးပုံတစ်ပုံလောက်က ပြည်သူကို တိုက်ရိုက်အကျိုးရှိတဲ့ လုပ်ငန်းတွေအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအပိုင်းတွေ လိုအပ်သလို ပြည်သူကို ကြိုတင်အသိပေးမှုက အရေးကြီးပါတယ်။ ဘေးအန္တရာယ်ကျရောက်မှုကို ကြိုတင်အသိပေးနိုင်မယ့် သတင်းအချက်အလက်တွေကို ဒယ်လ်မိုဘိုင်းအက်ပလီကေးရှင်းနဲ့ ရယူဆောင်ရွက်ပါတယ်။ ဖေ့ဘွတ်ခ်၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေက ရရှိအောင်နဲ့ ဖြန့်ဝေတာကို ဆောင်ရွက်နေပါတယ်။ ဆက်သွယ်မှုတွေ ပြတ်တောက်သွားရင် ပြည်သူတွေနဲ့ အဆက်အသွယ်မပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူတွေ တိုက်ရိုက်သတင်းရနိုင်အောင် Call Center ဖွင့်လှစ်ပြီး ဖုန်း ၀၆၇ - ၃၄၀၄၆၆၊ ၀၆၇ - ၃၄၀၄၇၇ တို့နဲ့ ဆောင်ရွက်နေပါတယ်။

လူထုကြားမှာ ဆိုင်းဘုတ်တွေ၊ ဗီနိုင်းတွေ ထောင်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ ကြိုတင်ကာကွယ်တဲ့အပိုင်းမှာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ လေပြင်းနဲ့ပတ်သက်ရင် အိမ်တွေမှာခိုင်ခံ့အောင် ရှေ့ပြေးစီမံချက်တွေနဲ့ ပြီးခဲ့တဲ့နှစ်က ပြည်နယ်နဲ့ တိုင်းဒေသကြီး ခြောက်ခုမှာ အိမ်ထောင်စုပေါင်း ၈၆၅၇ စုအတွက် ငွေကျပ် ၁၉၉ ဒသမ ၈ သန်းကို သုံးစွဲ၍ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထူးခြားတာက ရှာဖွေကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးလုပ်ငန်းတွေမှာ ကောင်းကင်မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကူးနိုင်ဖို့အတွက် မောင်းသူမဲ့လေယာဉ်ကို ဝယ်ထားပြီးပါပြီ။ ကလေးမြို့နယ်နဲ့ ပဲခူးမြို့နယ်တွေမှာ ကွင်းဆင်းစမ်းသပ်ခဲ့ပါတယ်။ လတ်တလောမှာ တောင်နဝင်းဆည်အနေအထားကို ကောင်းကင်မြေပုံရိုက်ကူးတာ ဆောင်ရွက်နေပါတယ်။ အထောက်အကူပြုပစ္စည်းတွေဖြစ်တဲ့ စက်လှေ၊ ဖိုက်ဘာလှေတို့ကို ပြီးခဲ့တဲ့နှစ်က ၁၇၁ စီး၊ အသက်ကယ်အင်္ကျီ ၁၀၀၀၀ ကျော်တို့ကို ထောက်ပံ့

အချပ်ပို(ဃ)သို့

၄-၁၁-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ နတ်မောက် မူလတန်းကြိုကျောင်းသစ်ကို ဖွင့်လှစ်ပေးစဉ်။

၂၆-၃-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာအဆင့်စီမံချက်မူကြမ်း အတည်ပြုဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အချပ်ပို(ဂ)မှ

ပေးနိုင်ခဲ့ပါတယ်။ ပစ္စည်းတွေအဆင်သင့်ထားတဲ့ သိုလှောင်ရုံတွေ ၆၆ ခုကနေ ၇၄ ခုအထိ တိုးတက်လာပြီဖြစ်ပါတယ်။

ကယ်ဆယ်ရေးပစ္စည်းတွေကို အိမ်ထောင်စုတွေ ပိုမိုရရှိဖို့အတွက် တိုးမြှင့်ဆောင်ရွက်သကဲ့သို့ သိုလှောင်ရုံတွေကို အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်။ အရေးပေါ်ခိုလှုံနိုင်တဲ့ ဘက်စုံသုံး အဆောက်အအုံတွေကို ပြီးခဲ့တဲ့တတိယ (၁)နှစ်တည်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ကိုးခုလောက်မှာ ၁၁၆ လုံး ဆောက်လုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘေးအန္တရာယ်နဲ့ ပတ်သက်ရင် ဆက်တိုက်လေ့ကျင့်မှုတွေ ပြုလုပ်နိုင်တယ်။

အရေးကြီးဆုံးက ငလျင်ဖြစ်ပါတယ်။ ငလျင်ဘေးနဲ့ပတ်သက်ရင် နိုင်ငံတော်အဆင့် ဆက်တိုက်လေ့ကျင့်မှုကို ပြီးခဲ့တဲ့နှစ်က အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်ဖို့နဲ့ တုံ့ပြန်ရေးစီမံချက်ကို ၂၀၁၈ ခုနှစ်မှာ ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပညာရှင်များအဖွဲ့ကို အသစ်ဖွဲ့စည်းပြီး အကြံဉာဏ်တွေ ရယူဆောင်ရွက်နေပါတယ်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရဲ့ လျင်လျင်မြန်မြန် ထောက်ပံ့မှုဆိုတာ ကျွန်တော်တို့ရဲ့ မူဝါဒဖြစ်ပြီး ထောက်ပံ့မှုကို သုံးဆလောက် ပိုမိုထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ထောက်ပံ့မှုမှာ လျင်မြန်သလို ပြန်လည်ထူထောင်ရေးမှာလည်း လျင်မြန်ဖို့ လိုအပ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ရဲ့အောင်မြင်မှုတစ်ခုက ဘေးသင့်ဒေသတွေမှာ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ရေကြီးခဲ့တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာ ကယ်ဆယ်ရေးနဲ့စားနပ်ရိက္ခာကို ထောက်ပံ့နိုင်ခဲ့ရုံသာမက မျိုးစပါးနဲ့ အခြားသီးနှံတွေ ပြန်လည်စိုက်ပျိုးဖို့အတွက် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းနဲ့လမ်း၊ တံတားတွေ အမြန်ပြန်လည် ကောင်းမွန်ဖို့ ငွေကြေးပံ့ပိုးတာကို အမြန်ဆုံးဆောင်ရွက်နိုင်ပါတယ်။ လူနေအိမ်နဲ့ ကျောင်းတွေ ပျက်စီးတာကို ပြန်လည်ပြုပြင်နိုင်ဖို့ ထောက်ပံ့ကြေးတွေကို ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေကတစ်ဆင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကနေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းအောင် ဆောင်ရွက်နေပါတယ်။ လူကြောင့်ဖြစ်တဲ့ဘေးလို့ ပြောရမယ့် ရခိုင်ကိစ္စဆိုရင် အာဆီယံအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါက ဘေးအန္တရာယ်ခံစားရရင် အာဆီယံနိုင်ငံတွေ ပူးပေါင်းပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုတာကို ထောက်ပံ့ရေးအဖွဲ့တွေလွှတ်ပြီး ဆောင်ရွက်နေတာရှိပါတယ်။

နောက်တစ်ခုက ဘေးအန္တရာယ်လျော့ပါးရေးနဲ့ ပတ်သက်ပြီး နိုင်ငံရဲ့ဆောင်ရွက်မှုတွေကို ကမ္ဘာကသိအောင်ဆိုပြီး ကုလသမဂ္ဂမှာရှိတဲ့ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဌာနကို သတင်းတွေပို့နိုင်ပါတယ်။ အခုဆိုရင် အချက်အလက်တွေ စုဆောင်းရရှိပြီး လက်ရှိဆောင်ရွက်နေတဲ့အချက်အလက်တွေကို အွန်လိုင်းကနေ ပို့နိုင်ခဲ့ပါတယ်။

သုတေသန ဆောင်ရွက်ချက်တွေကို အရင်ကထက် ပိုလုပ်နိုင်တဲ့အတွက် ထောက်ပံ့တဲ့နေရာမှာ ပိုပီပြင်တဲ့ စီမံခန့်ခွဲမှုတွေနဲ့ ပြန်လည်ထူထောင်ရေးမှာ ပိုပြီးကောင်းမွန်တဲ့ အခြေအနေ တစ်ရပ်ဖြစ်အောင် သုတေသန ဆောင်ရွက်ချက်တွေကနေပြီး အထောက်အကူပြုတာတွေ အများကြီးရှိပါတယ်။ သုတေသနပြုဆောင်ရွက်ချက်တွေမှာ ထောက်ပံ့မှုတွေကို ဘယ်နှနာရီအတွင်းမှာ ဆောင်ရွက်နိုင်ခြင်းထက် ယခုဆို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်လို့ သုတေသန ရလဒ်အပေါ်မှာ အထောက်အထားရှိတဲ့အတွက် ပြုပြင်ရမယ့် အပိုင်းမှာ ပြုပြင်ပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိတဲ့ လုပ်ငန်းတွေကို အရင်ကထက်စာရင် ပိုမိုဆောင်ရွက်နိုင်ပြီလို့ ပြောချင်ပါတယ်။

မေး။ ။ပြန်လည်ထူထောင်ရေး ဦးစီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို ရှင်းပြပေးပါဦး။

ဖြေ။ ။ပြန်လည်ထူထောင်ရေးဦးစီးဌာန အနေနဲ့ ထောက်ပံ့မှုတွေ၊ ပံ့ပိုးမှုတွေ ပြည်သူတွေ သာတူညီမျှ ခံစားရရှိဖို့ဆိုတာ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှသာ သာတူညီမျှ ခံစားရရှိမှုဆိုတာကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေ ဘယ်လိုဖြည့်ဆည်းပေးမလဲ။ မသန်စွမ်းတဲ့လူကို ဖြည့်ဆည်းဖို့ လိုအပ်ပါတယ်။ ထိခိုက်လွယ်တဲ့ ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ မူးယစ်ဆေးဖြတ်ပြီးတဲ့ သူတွေ၊ လူကုန်ကူးခံရတဲ့ သူတွေ၊ စွန့်ပစ်ခံရတဲ့ကလေးတွေ၊ လမ်းပေါ်နေကလေးတွေ၊ ကလေးစစ်သားတွေ၊ သက်ငယ်မုဒိမ်းကျင့်ခံရတဲ့ ကလေးတွေ၊ တိုက်ပွဲရှောင်နဲ့ ရွှေ့ပြောင်းလုပ်သားတွေရဲ့ မိသားစုတွေ လူမှုဒုက္ခခံစားရတဲ့အခါ ပြန်လည်ထူထောင်ရေးရှုထောင့်ကနေ ထိထိရောက်ရောက် ဆောင်ရွက်ရပါတယ်။

ဒါကြောင့် ပြည့်တန်ဆာဥပဒေကို ပြန်လည်ထူထောင်ရေးရှုထောင့်ကနေ ဆောင်ရွက်တာ ဖြစ်ပါတယ်။ မသန်စွမ်းနဲ့ပတ်သက်ရင် ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ငန်းကော်မတီတွေကို အဆင့်ဆင့်ဖွဲ့စည်းပြီး မသန်စွမ်းအဆင့်ခွဲခြားခြင်း၊ မသန်စွမ်းမှတ်ပုံတင်ခြင်းနဲ့ မသန်စွမ်း စစ်တမ်းကောက်ယူတဲ့ လုပ်ငန်းတွေ လုပ်ပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူကို အသိပေးတဲ့လုပ်ငန်းတွေ လုပ်ဆောင်ခဲ့တဲ့အတွက် မသန်စွမ်းနဲ့ပတ်သက်ပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကလေးစစ်သားဆိုရင် ၂၀၁၈ ခုနှစ်အတွင်းမှာ ၇၈ ဦးကို ပြန်လည်ပေါင်းစည်းရေး ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လူတစ်ဦးချင်းစီရဲ့ ရပ်တည်မှုကို ဖော်ဆောင်ပေးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မေး။ ။မူးယစ်ဆေးစွဲလူငယ်တွေကို ပြန်လည်ထူထောင်နေတဲ့ လုပ်ငန်းကို ရှင်းပြပေးပါဦး ခင်ဗျာ။

ဖြေ။ ။ပြန်လည်ထူထောင်ရေး လုပ်ငန်းထဲမှာ အရေးကြီးတဲ့ လုပ်ငန်းတစ်ခုက မူးယစ်ဆေးစွဲ လူငယ်တွေကို ပြန်လည်ထူထောင်တဲ့ ကိစ္စဖြစ်ပါတယ်။ လူငယ်ပြန်လည်ထူထောင်ရေး စခန်းတွေကို ယခင်က ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိခဲ့ပါတယ်။ အခု ပြန်လည်ထူထောင်ရေးဦးစီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဆေးစွဲလူငယ်တွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်း တစ်ရပ်အနေနဲ့ အများကြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူးယစ်ဥပဒေမှာ ပြင်ဆင်ရမှာတွေကို ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဥပဒေမှာ ပြင်ဆင်သင့်တဲ့ကိစ္စတွေကို တိုက်တွန်းပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ အရေးကြီးတာက မူးယစ်ဆေးဝါး လက်ဝယ်မှာ တစ်ပြား၊ နှစ်ပြားရှိရုံနဲ့ အကျဉ်းထောင်တွေမှာ ငါးနှစ်၊ ဆယ်နှစ် အကျဉ်းချထား ခံရတာမျိုးမဖြစ်အောင် ရှင်းလင်းပြတ်သားတဲ့ ဥပဒေတွေ ဖော်ဆောင်ပေးဖို့နဲ့ ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်ပါတယ်။ လူငယ်တွေရဲ့အဖိုးတန်တဲ့ အချိန်တွေကို အကျဉ်းထောင်တွေမှာ မကုန်ဆုံးစေဘဲ ပြန်လည်ထူထောင်ရေးစခန်းတွေမှာ ပြန်လည်ထူထောင်မှုတွေ လုပ်ဆောင်ခြင်းဖြင့် အင်မတန်ကောင်းမွန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မေး။ ။ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေကို သိပါရစေ ခင်ဗျာ။

ဖြေ။ ။ရခိုင်ပြည်နယ်အရေးက ဝန်ကြီးဌာနက အများဆုံး ပါဝင်ပတ်သက်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အညွှန်းကိန်းဟာ ဒုတိယဖွံ့ဖြိုးမှု အနိမ့်ကျဆုံးပဲ။ ပဋိပက္ခတွေအများကြီးရှိတဲ့အတွက် အစိုးရသစ်တက်တက်ချင်း တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။ သာတူညီမျှ ခံစားရဖို့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နေရာတွေကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ရာမှာ ရခိုင်က ကျွန်တော်တို့ရဲ့ ဦးစားပေးလုပ်ငန်းထဲမှာ ပါပါတယ်။ ဒါကြောင့် အစိုးရသစ်တက်ချိန်မှာ ကော်မတီတွေ ဖွဲ့စည်းပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေနဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကို ရခိုင်ပြည်နယ်မှာ အများဆုံးဆောင်ရွက်ပေးတဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်တဲ့နေရာမှာ ရခိုင်ပြည်နယ်ကို ဦးစားပေးဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်ကနေ တခြားဒေသမှာ အလုပ်သွားလုပ်ရတဲ့ ရခိုင်တိုင်းရင်းသားတွေ ကိုယ့်ဒေသမှာပဲ အလုပ်လုပ်နိုင်အောင်ဆိုပြီး ပုဂ္ဂလိကနဲ့ ပူးပေါင်းကာ Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံနဲ့ ရွှေကျားရိုးရာ ရက်ကန်းလုပ်ငန်းတွေကို ကျွန်တော်တို့က အရင်းအနှီး မတည်ပြီး အစိုးရ၊ ပြည်သူနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ (PPP)စနစ်နဲ့ ဆောင်ရွက်နေတာ အောင်မြင်မှုရရှိနေပြီး အလုပ်သမား ၃၀၀ ကျော် ချက်ချင်းအလုပ်ရရှိခဲ့ပါတယ်။

မေး။ ။ရခိုင်ပြည်နယ်က IDP စခန်းတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး ခင်ဗျာ။

ဖြေ။ ။ရခိုင်ဒေသမှာ IDP စခန်းတွေရှိပါတယ်။ စခန်းတွေ ကြာရှည်ဖြစ်တည်မှုက မကောင်းတဲ့အပြင် ပဋိပက္ခတွေလည်း ပိုပြီးဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် ဒီစခန်းတွေကို စနစ်တကျ ပိတ်သိမ်းဖို့ လိုအပ်နေပါတယ်။ ရခိုင်ဒေသတွင် မဟုတ်ဘဲ ကချင်၊ ရှမ်းနဲ့ ကရင်ပြည်နယ်တွေမှာ စခန်းတွေရှိတယ်။ ခေတ္တဆိုပြီး နှစ်ပေါင်းများစွာ ဖြစ်ကုန်ပါတယ်။ ဒါတွေကို လိုအပ်တဲ့အချိန်မှာ စနစ်တကျ ပိတ်သိမ်းနိုင်ဖို့အတွက် အမျိုးသားမဟာဗျူဟာတစ်ရပ်ပေါ်ဖို့ အရေးကြီးတဲ့အတွက် အစိုးရသစ် တတိယနှစ်မှာ အမျိုးသားမဟာဗျူဟာကို ရေးဆွဲနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အတည်ပြုဆောင်ရွက်နိုင်ဖို့ မကြာခင်မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ဖြည့်စွက်ပြီး ပြောကြားချင်တာရှိရင် ပြောကြားပေးပါဦး ခင်ဗျာ။

ဖြေ။ ။ဝန်ကြီးဌာနရဲ့လုပ်ငန်းတွေက နိုင်ငံတော်က ဦးတည်ထားတဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတာ၊ ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်နေတာနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတာ၊ တချို့တွေမှာ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပြီး တချို့က သွယ်ဝိုက်သောနည်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

ဒါကြောင့်သုံးစွဲတဲ့ ဘတ်ဂျက်ပမာဏကို ပြီးခဲ့တဲ့ တတိယနှစ်မှာ ငါးဆလောက်အထိ တိုးပြီး ပြည်သူတွေအတွက် သုံးစွဲနိုင်ခဲ့ပါတယ်။ ဘေးဒုက္ခခံစားရတဲ့ ပြည်သူတွေ ဝန်ကြီးဌာနရဲ့ အရာထမ်း၊ အမှုထမ်းတွေက ပြည်သူ့ဒုက္ခကို ကိုယ့်ဒုက္ခလို့ သဘောထားပြီး နေ့မအားညမနား အကောင်းဆုံးကူညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ပြည်သူတွေဟာ ၎င်းတို့ရဲ့လိုအပ်ချက်တွေကို မူလက ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလိုစနစ်ကနေ သုံးနှစ်အတွင်းမှာ ပြည်သူ့အစိုးရကနေ ပြည်သူတွေနဲ့ လက်တွဲဖြေရှင်းလိုက်တဲ့အခါ အခြေအနေကောင်းတွေ စတင်ရရှိလာပါတယ်။ အစိုးရနဲ့ ပူးပေါင်းပြီး ရင်ဆိုင်ဖြေရှင်းတဲ့အခါမှာ ကိုယ်ထူကိုယ်ထ မဟုတ်ဘဲ အစိုးရ ပူးပေါင်းဆောင်ရွက်မှုနဲ့ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါတယ်။ ဒါကျွန်တော်တို့ရဲ့ ပြောင်းလဲစွာဆောင်ရွက်နိုင်ခဲ့တဲ့ ကိစ္စတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒီလိုအပြောင်းအလဲတွေကို ဆောင်ရွက်ပေးခဲ့တဲ့ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေ၊ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးက တာဝန်ရှိသူတွေနဲ့ ပြည်သူတွေကို တန်ဖိုးထားပြီး မှတ်တမ်းတင်ပါတယ်လို့ ပြောချင်ပါတယ်။ နောက်တစ်ခုက ရှေ့လာမယ့်နှစ်တွေမှာ ပြည်သူကို အကျိုးရှိမယ့်လုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်သွားဖို့ အများကြီး ကျန်ပါသေးတယ်။ ဒီလို တိုးချဲ့ဆောင်ရွက်တဲ့အခါမှာ အားလုံးစုပေါင်းပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကြုံလာရမယ့် စိန်ခေါ်မှုတွေကို ကျော်လွှားဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်လို့ ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။

၂၈-၃-၂၀၁၉ ရက်က ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးကို မီဒီယာများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကိုယ်ဝန်ဆောင်မိခင် ၆၂၂ ဦးအတွက် ငွေကျပ်သန်းပေါင်း ၁ ဒသမ ၅၄ သန်း၊ အသက်ငါးနှစ်အောက်ကလေး ၁၂၀၄ ဦးအတွက် ငွေကျပ် ၄၆ ဒသမ ၄ သန်း၊ မသန်စွမ်း ၄၃၁၂၈ ဦးအတွက် ငွေကျပ် ၁၂၉၁ ဒသမ ၃၈၅ သန်းနဲ့ အမျိုးသမီးဦးဆောင်တဲ့ မိသားစု ၅၇၈၅ စုအတွက် ငွေကျပ် ၁၁၄၈ ဒသမ ၈၅ သန်း စုစုပေါင်းငွေကျပ်သန်းပေါင်း ၁၄၇၂ ဒသမ ၁၁၃ သန်းကို ထောက်ပံ့နိုင်ခဲ့ပါတယ်